ပြုံးစာပေ



# ဗုဒ္ဓ၏
# ဂန္ဓဝင်သမီးတော်များ

ကြည်သန့်စင်

ကြည်ထန့်စင် စာစဉ် (၀)

# စီစဉ်သူ – ကြည်သန့်စင်

ကြည်သန့်စင်စာပေ

အမှတ် (ဖ၁–အေ)၊ ရေကူးတောင်ပိုင်းလမ်း၊
အမှတ် (၉)ရပ်ကွက်၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်။

စာမူခွင့်ပြုချက် - ၆၀၀၅၂၂၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၆၀၀၅၁၃၀၈၁၁
ပုံနှိပ်ခြင်း - ၂၀၁၁-ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ - အံ့ဘွယ်ဇင်
အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၂၀၀၀ ကျပ်
ထုတ်ဝေသူ - ဒေါ်ပြုံးပြုံးခင်
ပြုံးစာပေ (မြ-၀၄၃၅၉)
အမှတ် (၆၆)၊ သရက်တော (၄)လမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
မျက်နှာဖုံးနှင့်အတွင်း - ဒေါ်ခင်ခင်ဝင်း
ပုံနှိပ် - ကလျာပုံနှိပ်တိုက် (မြ-၀၂၆၇၀)
အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ။

၂၉၄.၃
ကြည်သန့်စင်
ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်များ / ကြည်သန့်စင်၊ ရန်ကုန်
ပြုံးစာပေ၊ ၂၀၁၁။
၁၇၁-စာ၊ ၁၈ × ၁၂.၆ စင်တီ
(၁) ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်များ

# ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်များ

ကြည်သန့်စင်

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပါရဂူ၏ အမှာစကား | |
| ၂။ | မိန်းမမြတ်ယသော်ဓရာ | ၁ |
| ၃။ | ရူပါလှသည့်အမ္ဗပါလီ | ၁၀ |
| ၄။ | ပဒုမ္မာမယ်ဥပ္ပလဝဏ္ဏာ | ၁၉ |
| ၅။ | အချစ်နွံမှ လွတ်မြောက်သူဘဒ္ဒါ | ၂၅ |
| ၆။ | မိုးမှောင်ထဲက ပဋာစာရာ | ၃၃ |
| ၇။ | ဇရာရင့်မှ ထေရီဖြစ်သူ-သောဏာ | ၃၉ |
| ၈။ | အာဂဆာဝါ | ၄၅ |
| ၉။ | သာကီနွယ်ဖွားဧကေရီတစ်ပါး | ၅၄ |
| ၁၀။ | သရဖူဆောင်းသည့် ဧကေရီတစ်ပါး | ၆၁ |
| ၁၁။ | ရွှေကြာပန်းမှ မွေးဖွားသူ ပဒုမဝတီ | ၆၇ |
| ၁၂။ | ကေသာအလှနှင့် ဒီဃကေသီဘဝ | ၇၄ |
| ၁၃။ | မေတ္တာရှင်မလေးဥတ္တရာ | ၈၃ |
| ၁၄။ | မုလေးပန်းသခင်မ | ၉၂ |
| ၁၅။ | ပန်းမြတ်မာလာစူဋသုဘဒ္ဒါ | ၉၉ |
| ၁၆။ | မိန်းမမြတ်နန္ဒမာတာ | ၁၀၈ |
| ၁၇။ | မဟောသီမှ ထေရီသို့ | ၁၁၉ |
| ၁၈။ | မယားအလိမ္မာ-မလိက္ကာ | ၁၂၈ |
| ၁၉။ | မဟာနွယ်မင်းသမီး | ၁၃၈ |
| ၂၀။ | သာဝတ္ထိမြို့သူ | ၁၅၁ |

## ပါရဂူ၏အမှာစကား

"ကိံ မေ ဧကေန တိဏ္ဏေန ပုရိသေန ထာမဒဿိနာ
သဗ္ဗညုတံ ပါပုဏိတွာ သန္တာရေဿံ သဒေဝကံ"

(ငါကဲ့သို့သော စွမ်းပကားနှင့်ပြည့်စုံသော ယောကျ်ား အတွက် တစ်ကိုယ်တည်းကူးမြောက်သွားခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ငါသည် သဗ္ဗညုတဉာဏ်ရရှိပြီးသည့်နောက် နတ်နှင့် တကွသော ဤလောကတစ်ခုလုံးအား ကူးမြောက်သွားစေအံ့။)

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္တာယဟိတာယ သုခါယ ဒေဝ မနုဿနံ"

ဝိနယ ပိဋက မဟာဝဂ္ဂ

(ရဟန်းတို့ လူများစွာတို့၏အကျိုးအတွက်၊ လူများစွာ တို့၏သုခအတွက်၊ လူ့လောကအား ကြင်နာထောက်ထားရန် အတွက်၊ နတ်လူတို့၏အကျိုးရှိမှုအတွက်၊ ကောင်းစားမှုအတွက်၊ ချမ်းသာမှုအတွက် ခရီးလှည့်ကြလော့)

ဗုဒ္ဓသည် မိဂဒါဝုန်ဥယျာဉ်တွင်းသုံးလပတ်လုံး သီတင်းသုံးပြီး နောက် ရဟန်းခြောက်ကျိပ်တို့ကို လူ့လောကအကျိုးအတွက် ဒေသ စာရီလှည့်လည်ကြလော့ဟူ၍ မိန့်တော်မူလိုက်သည်။ ဗုဒ္ဓမိန့်တော် မူသည့်အတိုင်း ရဟန်းခြောက်ကျိပ်တို့သည် ဒေသစာရီလှည့်လည် ပြီးလျှင် လူ့လောကအတွက် ကောင်းကျိုးဆောင်ရွက်တော်မူ ကြသည်။

ပြုံး–စာပေ

ဗုဒ္ဓကိုယ်တော်တိုင်လည်း ဝါပအချိန်များ၌ ဒေသစာရီ လှည့်လည်ပြီးလျှင် လူ့လောက၏ကောင်းကျိုးအတွက် ဆောင်ရွက် တော်မူသည်။ လူ့လောကကောင်းကျိုးအတွက် ဗုဒ္ဓဆောင်ရွက် တော်မူရာ၌ လောကီကျိုး၊လောကုတ္တရာကျိုး နှစ်မျိုးလုံးအတွက်ပင် ဆောင်ရွက်တော်မူသည်။ လောကုတ္တရာကျိုးအတွက် ဆောင်ရွက် ခြင်းများနှင့်ပတ်သက်၍မူ နိကာယ်၅ရပ် ပိဋကတ်ကျမ်းစာများတွင် အကျယ်တဝင့်ဖော်ပြထားသည်ဖြစ်၍ ထူးထူးခြားခြားရေးပြစရာ မလိုသော်လည်း လောကီကျိုးအတွက်ဗုဒ္ဓဆောင်ရွက်ချက်များနှင့် ပတ်သက်၍ကား လူသိရှင်ကြားနည်းပါးသောကြောင့် အထူးပြု၍ ရေးသားဖို့ လိုအပ်လာသည်။

လောကီကျိုးအတွက် ဗုဒ္ဓ၏ဆောင်ရွက်ချက်များထဲတွင် ထူးခြားသောဆောင်ရွက်ချက်တစ်ခုမှာ အမျိုးသမီးအကျိုးအတွက် ဆောင်ရွက်ချက်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ခေတ်အဆက်ဆက်က စပြီး အမျိုးသမီးများသည် အပယ်ခံဘဝရောက်နေကြရသည်။ အမျိုးသမီးကိုဖိနှိပ်ချုပ်ချယ်ခြင်းသည် အိန္ဒိယလူမှုရေးစနစ်၏ အမဲကွက်ကြီးဖြစ်သည်။ ယင်းအမည်းကွက်ကြီးကို စတင်ဆေးကြော သုတ်သင်သူမှာ ဗုဒ္ဓဖြစ်တော်မူသည်။ အိန္ဒိယနိုင်ငံ၌ စနစ်ဆိုး ဝဲဂယက်ထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေသော အမျိုးသမီးများ ကို စတင်ထုတ်ဆယ်ကယ်တင်သူမှာ ဗုဒ္ဓဖြစ်တော်မူသည်။

ယင်းကဲ့သို့ အိန္ဒိယနိုင်ငံ၌ အမျိုးသမီးများ၏ ဂုဏ်သိက္ခာ ကို ဗုဒ္ဓစတင်မြှင့်တင်ပေးသော သာဓကမှာ 'ထေရီဂါထာ'ဖြစ်သည်။ ဗုဒ္ဓဟောကြားတော်မူသော 'ထေရီဂါထာ'ထဲက ထေရီများသည် အိန္ဒိယ၏ လူမှုရေးစနစ် ဝဲဩယထဲက လွတ်မြောက်လာသော

ပြုံး–စာပေ

အမျိုးသမီးများဖြစ်သည်။ ကြည်သန့်စင်၏ 'ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်များ'စာအုပ်တွင် အိန္ဒိယလူမှုရေးစနစ်ဆိုး ဝဲဩဃထဲက လွတ်မြောက်လာသော ထေရီများ၏ ဖြစ်စဉ်ကို အကျယ်တဝင့် စုံစုံစေ့စေ့ ဖော်ပြထားသည်။

ယခင်ကလည်း အလားတူစာအုပ်များထွက်ပေါ်ခဲ့ဖူး သည်။ မိမိကိုယ်တိုင်ပင် 'ခေမာနှင့်အခြားဝတ္ထုများ' စာအုပ်ရေးသားဖူးသည်။ သို့သော်လည်း ကြည်သန့်စင်၏စာအုပ်ကဲ့သို့ ထေရီပေါင်းများစွာတို့၏ အကြောင်းအရာကို ရေးသားထားခြင်း မဟုတ်ပေ။ ကြည်သန့်စင်၏ စာအုပ်၌မူ ထေရီ(၁၉)ပါးတို့၏ ဖြစ်စဉ်ကို စိတ်ပါဝင်စားစွာ ရေးသားဖော်ပြထားသည်ဖြစ်၍မြန်မာစာပေလောက၌ရှိသော 'ထေရီအတ္ထုပ္ပတ္တိ'မှာ တစ်မူထူးခြားနေသည်။

ပါရဂူ

၁၄. ၃. ၂၀၁၁

## ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်တစ်ဦး

## မိန်းမမြတ်-ယသော်ဓရာ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ တဏှင်္ကရာ၊ မေဓင်္ကရာ၊သရဏင်္ကရာ၊ဒီပင်္ကရာဟူသောလေးဆူသောမြတ်စွာဘုရားတို့တွင် နောက်ဆုံးဖြစ်သော ဒီပင်္ကရာဘုရားရှင်လက်ထက်၌ သုမေဓာရှင်ရသေ့အား ဘုရားဖြစ်မည်ဟု ဗျာဒိတ်တော်ပေးစဉ်အခါက ပြဟ္မဏကညာပုဏ္ဏားသမီး သုမိတ္တာဘဝကပင် ကြာ(၅)ခိုင်ကို သုမေဓာရှင်ရသေ့အားပေးပြီး၊ ရှင်ရသေ့ဘုရားဆုပန်သောအခါ သုမိတ္တာမင်းသမီးက ကြာ(၃)ခိုင်ဖြင့် 'သုမေဓာရှင်ရသေ့ဘုရားဖြစ်မည်ဆိုလျှင် တပည့်တော်သည် ဘုရားအလောင်းတော်၏ ပါရမီဖြည့်ဖက်ဖြစ်ရပါစေသား'ဟု ရဲရဲဝံ့ဝံ့ဆုတောင်းခဲ့သူ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့သူ၊ ဖွားဖက်တော်(၇)ဦးတွင် တစ်ဦးပါဝင်သူ၊ ထိုသူသည်ကား မိန်းမတကာတို့တွင် အမြတ်ဆုံးဖြစ်သော ယသော်ဓရာမင်းသမီးပင် ဖြစ်လေသည်။

ယသော်ဓရာသည်သာကီဝင်မင်းမျိုး၌ မွေးဖွားခဲ့ပြီး မိန်းမမြတ်အင်္ဂါများနှင့် ပြည့်စုံသည်။ ရွှေနန်းတော်သုံးဆောင်၌ အကြီးမြတ်ဆုံးသော မိဖုရားကြီးဖြစ်သည်။ တစ်သိန်းကိုးသောင်းခြောက်ထောင်သောမိန်းမတို့ထက် လွန်မြတ်၏။ အလုံးစုံသောအရာကို

အစိုးရသော မိဖုရားအဆင်းဂုဏ်၊ အကျင့်ဂုဏ်နှင့်ပြည့်စုံ၍ တစ်ဆယ့်ခြောက်နှစ်အရွယ်၌ တည်လေ၏။ နန္ဒဝန်ဥယျာဉ်၌ နတ်သမီးနှင့်တူမျှသော ချမ်းသာခံစားခဲ့သည်။ မြတ်စွာဘုရားမှလွဲလျှင် အဆင်းလှခြင်း၌ တူသောသူမရှိချေ။ အလောင်းတော်မင်းသားသည် မည်သူမျှယှဉ်ပြိုင်ခြင်းငှာ မစွမ်းနိုင်သော အလွန်ထူးခြားသည့်လေးအတတ်ကို ပြသတော်မူပြီးသော် ဆွေတော်မျိုးတော်တို့သည် အုတ်အော်သောင်းနင်း ချီးမွမ်းကြလေသည်။ ထို့ပြင် အလောင်းတော်မင်းသား၏ အထူးထူးသောဂုဏ်အင်္ဂါတို့ကိုနှစ်သက်ကြ၍ သာကီဝင်မင်းသမီးကညာတို့ကို တင့်တယ်စွာဆင်ယင်၍ အလောင်းတော်မင်းသားထံ ပို့ဆောင်ကြရာ မင်းသမီးပေါင်းလေးသောင်းမျှရှိလေ၏။

ထိုသာကီဝင်မင်းသမီးအပေါင်း မောင်းမနန်းတွင်းသူအားလုံးတို့၏ ထိပ်ခေါင်တင်၊ အဂ္ဂမဟေသီမိဖုရားကြီးကား ငယ်စဉ်က 'ဘဒ္ဒကစ္စနာ'ဟု အမည်ရခဲ့သော ယသော်ဓရာဒေဝီဖြစ်လေသည်။ ယသော်ဓရာဒေဝီကား ဒေဝဒဟပြည်၏ဘုရင် ဘိုးတော်အဥ္စနမင်းကြီး၏သား သုပ္ပဗုဒ္ဓသာကီဝင်မင်းနှင့် သုဒ္ဓေါဒနမင်းကြီး၏နှမတော်အမိတ္တာမင်းသမီးတို့မှဖွားမြင်သော မင်းသမီးဖြစ်၏။ ထိုယသော်ဓရာမင်းသမီးသည်ကား မြောက်မြားလှစွာသော တင့်တယ်လှသောအခြံအရံနှင့်ပြည့်စုံပေ၏။အလွန်ကျော်ဇော၏။ဤသို့သော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသောကြောင့် ယသော်ဓရာဟူသော အမည်ကိုရလေသည်။ (ယသော်-များမြတ်သောအခြံအရံ၊ ကျော်ဇောခြင်းဂုဏ်သတင်းကို၊ ဓရ-ဆောင်တတ်သောမင်းသမီးဟု ဆိုလိုသည်။)

ပြုံး-စာဖေ

ယသော်ဓရာဒေဝီသည် ရွှေသားကို ထွင်းထုထားသကဲ့သို့ ရွှေသားရွှေကိုယ်ကဲ့သို့သော အသွင်ရှိ၏။ အမြဲရှုမငြီးဖွယ်တင့်တယ်လှပ၏။ အလွန်ထူးခြားတင့်တယ်သော ကိုယ်အရောင်ဖြင့် မှောင်မိုက်သော အဆောင်တော်တစ်ခုလုံးကို လွှမ်းခြုံထွန်းလင်းစေနိုင်သည်။ အရေ၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အကြော၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ ဆံပင်၏ကောင်းခြင်းဖြင့် တင့်တယ်သော မိန်းမမြတ်တို့၏ လက္ခဏာ(၅)ပါးနှင့်လည်း ပြည့်စုံပေ၏။ အလွန်နူးညံ့သောဝါဂွမ်းကဲ့သို့သာယာသော အတွေ့ခာတ်နှင့်လည်း ပြည့်စုံပေ၏။ မည်းလွန်းခြင်း၊ ဖြူလွန်းခြင်း၊ကျုံ့လွန်းခြင်း၊ နိမ့်လွန်းခြင်း၊ မြင့်လွန်းခြင်း ဟူသောအပြစ်(၆)မျိုးတို့မှ ကင်းလွတ်၏။ တင့်တယ်စွာသော ခန္ဓာကိုယ်မှ စန္ဒကူး၊ သရက္ခာန်ရနံ့သည် အမြဲ သင်းပျံ့ကြိုင်လှိုင်နေ၏။ သန္တာအဆင်းကဲ့သို့ နီမြန်းသော ခံတွင်းမှလည်း ကြာညိုရနံ့မွှေးနေပေ၏။ ယသော်ဓရာဒေဝီသည် လေးကျွန်းလုံးကို အစိုးရသော စကြာဝတေးမင်းတို့၏ သိမ်းပိုက်ခြင်းကို ထိုက်တန်သော မိန်းမမြတ်ရတနာဖြစ်ပေ၏။ဤမိန်းမမြတ်ကား ကြည့်ရှု၍ပင်မရောင့်ရဲနိုင်သော ထူးကဲသည့်အဆင်းဂုဏ်အင်္ဂါနှင့် ပြည့်စုံသော မိန်းမမြတ်ဖြစ်၏။

ရှစ်သောင်းသော မဟာဆွေတော်မျိုးတော်တို့သည် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား ထီးဖြူတော်အုပ်မိုးစေလျက် ရာဇဘိသိတ်ရေချမ်းသွန်းဖျန်း၍ မင်းခမ်းသဘင်ကို ဆင်ယင်ကျင်းပကြကုန်၏။ သာကီဝင်မင်းအပေါင်းတို့ ပို့ဆက်သော မောင်းမပေါင်းလေးသောင်းတို့တွင် တစ်သောင်းသောမောင်းမကညာတို့သည် ယသော်ဓရာဒေဝီထံ၌ အမြဲဝန်းရံပျော်စံကြသည့် အခြံအရံတို့ ဖြစ်

ကုန်၏။ သုံးသောင်းသော မောင်းမကညာတို့သည်ကား နွေရာသီစံနန်းတော်၊ မိုးရာသီစံနန်းတော်၊ ဆောင်းရာသီစံနန်းတော်ဟူသော နန်းပြသာဒ်သုံးဆောင်တို့၌ တစ်သောင်းစီ၊ တစ်သောင်းစီ အမြဲခစားနေထိုင်ကုန်၏။

ဤသို့ဖြင့် စံနန်းတော်သုံးဆောင်၌ စည်းစိမ်ခံစားလျက်နေစဉ် အလောင်းတော်မင်းသားသည် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီးနောက် သားတော်ရာဟုလာ၊ ယသော်ဓရာမိဖုရားနှင့် ထီးနန်းစည်းစိမ်တို့ကို စွန့်ခွာ၍ တောထွက်တော်မူခဲ့လေသည်။ အလောင်းတော်မင်းသားတောထွက်ပြီဆိုကတည်းက ယသော်ဓရာမင်းသမီးမှာ ဖြေမဆည်နိုင်၊ အပူကြီး ပူဆွေးကာ ငိုကြွေးခဲ့ရသည်။ ဘုရားလောင်းက စွန့်ခွာသော်လည်း ယသော်ဓရာအား အခြားသာကီဝင်မင်းသားများနှင့်လက်ဆက်ပေးမည်ဟုဆိုကာ ဒေဝဒဟသို့ပြန်ခေါ်ခဲ့သည်။ ဖခမည်းတော် သုပ္ပဗုဒ္ဓမင်းကြီးက ဘုရားလောင်းအား စိတ်နာပြီး ယသော်ဓရာအား ပြန်လည်၍ ခေါ်ခဲ့သော်လည်း ယသော်ဓရာက ဒေဝဒဟသို့ မပြန်ခဲ့ပေ။

ယသော်ဓရာသည် သိဒ္ဓတ္ထမင်းသားအပေါ် သစ္စာရှိရှိနေခဲ့သည်။ မင်းသားတောထွက်ပြီးနောက်တွင် နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ အလောင်းတော်မင်းသား တစ်နပ်တည်းသော ထမင်းကိုသာစားသည်ဟု သိရလျှင် မင်းသမီးလည်းတစ်နပ်တည်းသောထမင်းကိုသာစားသည်။ ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်သည်ဟု သိရလျှင် ရတနာစီခြယ်ဝတ်ရုံတော်ကို ချွတ်၍ ယောဂီရောင်အဝတ်ကိုသာ ဝတ်ဆင်ခဲ့သည်။ အလောင်းတော်သိဒ္ဓတ္ထမြေကြီးပေါ်၌သာ အိပ်စက်လျက်တရားကျင့်ကြောင်း ကြားသိရသောအခါ

မင်းသမီးလည်းသလွန်ပေါ်မှဆင်း၍ အခင်းမရှိသောကြမ်းပေါ်၌ အိပ်စက်ခဲ့သည်။ လက်ဝတ်ရတနာဝတ်ဆင်ခြင်း၊ ပန်းပန်ခြင်း၊ အမွှေးနံ့သာလိမ်းကျံခြင်းစသည့် အလှပြုပြင်ဆင်ယင်ထုံးဖွဲ့မှုများကိုလည်း ပစ်ပယ်ခဲ့သည်။ လေးသချေ်နှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရသည်ကို အားမရနိုင်ရှာသေး။ ယခုဘဝခွဲခွာရသည်မှာ နောက်ဆုံးခွဲခွာခြင်းဖြစ်၍ အလောင်းတော်ကျင့်ကြံနေထိုင်သည့် အတိုင်း နေထိုင်ကာ အလွမ်းကို ဖြေသိမ့်နိုင်သည့် အာဇာနည် မိန်းမမြတ်ပါပေ။ အပူကြီးပူဆွေးခဲ့ရသည်။ မယား၏ဝတ္တရားတို့နှင့် လည်း ပြည့်စုံလှပေစွ။

သိဒ္ဓတ္ထမင်းသားဟု အမည်တွင်ခဲ့သော ရဟန်းဂေါတမသည် သံဃာများနှင့်အတူ ကြွရောက်၍ဆွမ်းခံသောအခါ ကပိလဝတ်မှခမည်းတော်သုဒ္ဓေါဒနနှင့် ဆွေတော်မျိုးတော်များ အားလုံး လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ ဘုရားအလောင်းတော်သည် ဘုရားဖြစ်တော်မူပြီးနောက် ဆွေတော်မျိုးတော်တို့ထံ ကြွရောက်၍ အဖူးမျှော်ခံသောအခါ ယသော်ဓရာဒေဝီသည် သာကီဝင်မင်းမျိုးနွယ်များဖြစ်သည့် ဆွေတော်မျိုးတော်တို့နှင့်အတူ လာရောက်၍ ဖူးမျှော်ခြင်းမပြုခဲ့ပေ။ မိမိခန်းမဆောင်၌သာ နေခဲ့လေသည်။

"ငါ၏ကျေးဇူးကို အသိအမှတ်ပြုလျှင်၊ ငါ့ကို တစ်ကယ် မြတ်နိုးရိုးမှန်လျှင် ငါ၏အဆောင်သို့ ဘုရားရှင် ကြွလိမ့်မည်"ဟု စဉ်းစား၍ ခန်းမဆောင်မှပင် စောင့်နေခဲ့လေသည်။ မကြာမီပင် ခမည်းတော်ဦးဆောင်၍ မြတ်စွာဘုရားကြွလာသောအခါ ခြေအစုံကို ဆုပ်ကိုင်လျက်၊ ခြေဖမိုးတော်အစုံပေါ်၌ မျက်နှာအပ်လျက် သည်းထန်စွာ ငိုကြွေးရှာလေသည်။ ထို့နောက် လက်ဆယ်ဖြာယှက်

၍ ကြည်ညိုစွာ ရှိခိုးဦးခိုက်ရှာသည်။

ယသော်ဓရာဒေဝီသည် အလောင်းတော်၏ပါရမီဖြည့်ဖက်အဖြစ် မြတ်စွာဘုရား၏အကျိုးငှာ ရှေးရှေးသောဘုရားတို့ထံ၌ ပါရမီကုသိုလ်များပြုခဲ့ဖူး၏။ ဘဝပေါင်း တစ်ထောင်မက သူတစ်ပါးသားမယားအလို့ငှာ လှူသော်လည်း လှူရက်လေခြင်း၊ စွန့်ရက်လေခြင်းဟုစိတ်မသာယာခြင်းမဖြစ်ခဲ့ ပေ။ ဘဝပေါင်းကုဋေတစ်ထောင်မက အသက်ကိုစွန့်ဖူး၏။ ကိုယ်အင်္ဂါတို့ကိုလည်းကောင်း၊ အဆင်တန်ဆာ၊ အဝတ်အထည်၊ အထူးထူးသောပစ္စည်းများ အားလုံးလှူဖူး၏။ ဥစ္စာပစ္စည်း၊ ရွာနိဂုံး၊ ယာမြေ၊လယ်မြေတို့ကိုလည်းကောင်း၊ သားသမီး၊ ဆင်၊မြင်း၊ နွား၊ကျွဲ၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ အခြွေအရံ တို့ကိုလည်း လှူဖူး၏။ဘုရားအလောင်းတော်က ပေးလှူမည်ဟု တိုင်ပင်သောအခါတိုင်းလည်း စိတ်မကြည်လင်ခြင်းမဖြစ်ခဲ့ပေ။ စိတ်ကြည်လင်စွာ လိုလားစွာပင် အားပေးကူညီခဲ့သည်။ သံသရာများစွာ ဒုက္ခဆင်းရဲကိုခံခဲ့သောအခါ၌လည်း စိတ်နှလုံးမသာယာခြင်းမဖြစ်ခဲ့ပေ။ ချမ်းသာကို ခံစားရသောအခါ၌လည်း ဝမ်းမြောက်ဝမ်းသာတူညီစွာ စံစားခဲ့ပါပေသည်။

ယသော်ဓရာသည် သားကိုသခင်၊ လင်ကိုဘုရား ကိုးကွယ်သူ ဖြစ်သည်။ ကပိလဝတ်ထီးနန်းဆက်ခံနိုင်ရေးအတွက် သားတော်ရာဟုလာအား အသက်(၇)နှစ်အရွယ်၌ မြတ်စွာဘုရားထံလွှတ်၍ အမွေတောင်းခံခိုင်းသောအခါ မြတ်စွာဘုရားက ရာဟုလာအားရှင်သာမဏေပြုပေးလိုက်သည်။ ယသော်ဓရာဒေဝီမှာ သားတော်ရာဟုလာပါ ဘုရားနောက်လိုက်ပါသွားသဖြင့် ယခင်ကထက်ပင်ပူဆွေးရကာ၊ သမုဒယမပြတ်နိုင်ဘဲရှိခဲ့ပေသည်။

ပြုံး-စာပေ

ထို့နောက်(၅)နှစ်ကြာသောအခါ ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ကံတော်ကုန်ခဲ့၏။ ထို့နောက်မယ်တော်ဂေါတမီသည် သာကီဝင်မင်းသမီးငါးရာနှင့် သားတော်ထံသို့လိုက်လာပြီး ဘိက္ခုနီ ဘဝကို ခံယူခဲ့သည်။ ထို့နောက်ညီမတော် ဇနပဒကလျာဏီလည်း ဘိက္ခုနီဝတ်သွားပြန်သည်။

ယသော်ဓရာမင်းသမီးသည် အထီးကျန်ဖြစ်ခဲ့ရပြီးနောက် ကပိလဝတ်ထီးနန်းပြန်လည်၍ အရှိန်အဝါတောက်ပလာစေရန် ရည်ရွယ်၍ သားတော်ရာဟုလာအား ပြန်တောင်းရန်ရာဇဗြိုလ်သို့ ထွက်လာခဲ့ပြီး၊ ဘုရားရှင်ထံတောင်းဆိုခဲ့သော်လည်း ပြတ်ပြတ် သားသား ငြင်းပယ်ခဲ့သည်။ သိဒ္ဓတ္ထမင်းသားနှင့် ရာဟုလာအပေါ် သံယောဇဉ်မပြတ်နိုင်သေးဘဲ အပူမီးတို့ဖြင့် ဗျာများနေခဲ့သည်။ ယသော်ဓရာမင်းသမီးအား မြတ်စွာဘုရားက အိုခြင်း၊ နာခြင်း၊ သေခြင်းဆင်းရဲဒုက္ခများပြားသည့် လောကီကိုစွန့်လွှတ်ရန် ဟော ကြားတော်မူခဲ့သည်။

ထိုအခါ ပါရမီရင့်သန်ခဲ့သောယသော်ဓရာသည် 'ဇနပဒ ကလျာဏီ' ထံသွား၍ ဘိက္ခုနီဘဝကိုခံယူကာ ဝိပဿနာကမ္မဋ္ဌာန်း ကို အားထုတ်သဖြင့် အဘိဉာဉ်ငါးပါးနှင့်တကွ အရဟတ္တဖိုလ်ကို ဆောလျင်စွာရောက်ခဲ့သည်။ထို့ကြောင့် မြတ်စွာဘုရားက အဆင့် မြင့်အဘိဉာဉ်ရသည့် 'မဟာဘိညပ္ပတ္တ'ထေရီတစ်ပါးအဖြစ် ချီးကျူး တော်မူခဲ့သည်။ ယသော်ဓရာထေရီသည်နှစ်ပေါင်းများစွာ ညစာ ရှောင်ခဲ့ခြင်းကြောင့် လေနာရောဂါ စွဲကပ်ခဲ့ရာတွင် သားတော် ရာဟုလာက ဆေးဝါးဓါတ်စာများ ရှာပေးပြီးအခါမလပ်စောင့် ရှောက်ခဲ့ခြင်းကြောင့် ဘိက္ခုနီထေရီများက 'ရာဟုလာမာတာ'ဟုပင်

တင်စားခေါ်ခဲ့သည်။

ယသော်ဓရာထေရီသည် သက်တော်(၄၅)နှစ်တွင် ဘိက္ခုနီဘဝရောက်ခဲ့ပြီး (၇၈)နှစ်အရွယ်ရောက်လာချိန်တွင် ပရိနိဗ္ဗာန်ပြုတော်မူရန် ဘိက္ခုနီတစ်ထောင်နှင့်အတူ မြတ်စွာဘုရားသီတင်းသုံးရာ ဂိဇ္ဈကုဋ်တောင်သို့ ကြွခဲ့သည်။ ယသော်ဓရာဒေဝီသည် မြတ်စွာဘုရားခြေတော်ရင်းသို့ ဝပ်စင်းရှိခိုးလျက် ဤသို့ လျှောက်ထား၏။

"မြတ်စွာဘုရား၊ တပည့်တော်မ ယသော်ဓရာသည် (၇၈) နှစ်ရှိပြီဖြစ်၍၊ အရွယ်ရင့်ရော်အိုမင်းပြီဖြစ်၍၊ ယနေ့ညဥ့်ပင် ပရိနိဗ္ဗာန်ပြုပါတော့အံ့။ အရှင်ဘုရားအား ခွင့်ပန်ပါ၏။ ယခုအခါ မြတ်စွာဘုရားထံ လာရောက်ကုန်သော ပရိသတ်အပေါင်းတို့ အကျွန်ုပ်ယသော်ဓရာ၌ အပြစ်တစ်စုံတစ်ရာရှိလျှင် တောင်းပန်ဝန်ချကန်တော့ပါ၏။"

ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ငါဘုရား၏အဆုံးအမကိုနားထောင်၍ လိုက်နာပြုကျင့်လေ့ရှိသော ယသော်ဓရာထေရီ ဘိက္ခုနီ၊ အလုံးစုံသော ပရိသတ်၏ ယုံမှားသံသယကိုပယ်၍ တန်ခိုးပြဦးလော့"

ထိုအခါ ယသော်ဓရာထေရီသည် ရှေးဘဝအဆက်ဆက်၌ ပါရမီဖြည့်ခဲ့ပုံအလုံးစုံကို မြတ်စွာဘုရားအားလျှောက်၏။ ထို့နောက် ယသော်ဓရာထေရီသည် စကြာဝဠာနှင့်အမျှကြီးမားသော ကရဝိတ်ငှက်ကိုဖန်ဆင်း၍ ဦးခေါင်းကို မြောက်ကျွန်းပေါ်ထား၍ အရှေ့ကျွန်းနှင့်အနောက်ကျွန်းတို့၏အပေါ်၌ အတောင်နှစ်ဘက်ဖြန့်ထား

၍ဇမ္ဗူထိပ်ကျွန်းပေါ်၌ ကိုယ်ကိုထား၍ တောင်ဘက်သမုဒ္ဒရာပေါ်၌ အမြီးကိုထား၍လဝန်း၊ နေဝန်းလောက်ကြီးသော မျက်လုံးကိုဖန်ဆင်း၍မြင့်မိုရ်တောင်ပမာ အမောက်ကြီးကိုဖန်ဆင်း၍ စကြာဝဠာတောင်ကြီး သင်္ကြာန်နွတ်သီးကိုဖန်ဆင်း၍ ဇမ္ဗူသပြေပင်ကြီးကို အကုန်ပါအောင် ဆိတ်ချီ၍ ကောင်းကင်မှတောင်ပံခတ်လျက် လာ၍ မြတ်စွာဘုရားကိုရှိခိုး၏။ ထို့နောက် ဆင်ယောင်၊မြင်းယောင်၊ တောင်ကြီးယောင်၊ သမုဒ္ဒရာယောင်ဖန်ဆင်း၍ သိကြားမင်းဖန်ဆင်း၍တန်ခိုးပြ၏။ တဖန် တစ်ထောင်သောစကြာဝဠာကို ဖုံးမိအောင် ပဒုမ္မာကြာပွင့်ကြီးကိုဖန်ဆင်း၍ ကောင်းကင်မှဖုံးလွှမ်းလျက်ပြ၏။ ထို့နောက် ဗြဟ္မာမင်းသဏ္ဌာန်ဖန်ဆင်း၍ ကောင်းကင်မှနေလျက် သုညတတရားတော်ကိုဟောလေ၏။

ယသော်ဓရာသည် ဣဒ္ဓိဝိအဘိညာဉ်၌ လျင်မြန်စွာ လေ့လာနိုင်၏။ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ဒိဗ္ဗစက္ခုအဘိဉာဉ်တို့ကို ရ၍အလုံးစုံသော အာသဝေါတို့မှ ကုန်ခမ်း၍နောက်ဘဝဖြစ်ခြင်း၊ ပျက်ခြင်းမရှိ။ မြတ်စွာဘုရား၏ထံမှပဋိသမ္ဘိဒါဉာဏ်လေးပါးကိုလည်းရ၏။ ထို့နောက်တွင်ကား ယသော်ဓရာထေရီသည် ဘိက္ခုနီအခြံအရံများနှင့်တကွ ကျောင်းတော်သို့ ပြန်ကြွပြီး ထိုနေ့ညတွင်ပင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေသည်။

ဂန္ထဝင်မဂ္ဂဇင်း
အမှတ်(၁၂)၊၂၀၀၂ ခုနှစ်၊ဒီဇင်ဘာလ

## ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်တစ်ဦး

## ရှုပါလှသည့် အမ္ဗပါလီ

ကျယ်ဝန်းလှသောခြံကြီးဝယ် ကြီးကျယ်ခမ်းနားသော အိမ်ကြီး၊ လှပသာယာသော ပန်းခြံကြီး၌ များပြားသော အခြွေအရံများ၊ အခိုင်းအစေများနှင့်တဖုံ၊ အမျိုးမျိုးအစုံစုံသော အသုံးအဆောင်များလှပေ့ကောင်းပေ့ညွန့်ပေ့ဆိုသည့် အဖိုးတန်ရတနာများနှင့် တလီ စံစားနေထိုင်ရပါ၏။ ဝေးဝေးနီးနီး ပြင်ပခရီးသို့သွားသော အခါ၌လည်း မြင်းလေးကောင်ကသည့်ရထားဖြင့် ခမ်းနားစွာသွားစဉ်လည်း မြင်မြင်သမျှသော သူတို့သည် ရပ်၍လည်းကောင်း၊ လုပ်နေသောအလုပ်တို့ကိုထားကာ ပြေး၍လည်းကောင်းကြည့်ကြရသည်။ ကြည့်လည်းကြည့်ချင်စရာကောင်းလှပါပေ့။ အားကျချင်စရာကောင်းလှပါပေ့။ မြင်းလေးကောင်ကသည့်ရထားပေါ်ဝယ် ပိုးဖဲကတ္တီပါဝတ်ရုံ၊ ရတနာစီခြယ်ပုလဲသွယ်က လည်တိုင်မှာ ခပ်ကြွကြွလေးဆင်၍၊ ဦးခေါင်းပေါ်၌လည်း ရတနာစီနှစ် သရဖူအစစ်နှင့် မော့မော့ကလေးချီ အကျော့သားထိုင်လာသော နတ်မိမယ်တစ်ပါးပေကိုး။

အရွယ်အားဖြင့် နှစ်ဆယ်သာသာမျှသာ ရှိသေးသည်။

ပြုံး-တာပေ

အရွယ်၏ကောင်းခြင်းနှင့်လည်းပြည့်စုံပေသည်။ မနိမ့်လွန်း၊ မမြင့်လွန်းသောအရပ်၊ မဝလွန်းမပိန်လွန်းလှပသည့် ခန္ဓာကိုယ်အချိုးအစား၊ အသားအရေဝါဝင်းဝင်း၊ သုံးရက်လခုံးမျက်စ၊ ဖြောင့်စင်းသည့်နှာတံ၊ ပန်းနုရောင်ပြေးနှုတ်ခမ်းလေးက ချစ်စဖွယ်၊ ရှည်လျားကော့ညွတ်နေသည့် နက်မှောင်သောဆံနွယ်များပိုင်ရှင်မို့ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံလှသည့် အလှမယ်အဖြစ် ဝေသာလီ၌ ထင်ရှားကျော်ကြားခဲ့သည်မဟုတ်ပါလော။

အမ္ဗပါလီသည် ထိုထိုသော ဂုဏ်ဒြပ်တို့ကို နှစ်သက်၏။ မြတ်နိုး၏။ မိန်းမောသာယာ၏။ မိမိအလှ၌ ပျားပိတုန်းများနှယ် ရစ်ဝဲနေကြသည့် ပုရိသယောကျ်ားများ၏ချစ်ခင်နှစ်သက်မှုကို ပို၍ပို၍လိုလားနှစ်သက်၏။ ဤသို့ ချစ်သူကြိုက်သူများ ဝိုင်းဝိုင်းလည်နေသည်ကိုလည်း ဂုဏ်ယူ၏။

အမ္ဗပါလီ၌ မိခင်၊ ဖခင်ဟူ၍မရှိ။ မိမိအားကောက်ယူမွေးစားခဲ့သည့် ဥယျာဉ်မှူးကြီးသာ အဖေလည်းဖြစ်၏။ အမေလည်းဖြစ်၏။ သရက်ပင်မှကောက်ယူရရှိခဲ့၍ အမ္ဗပါလီဟု မှည့်ခေါ်သည်ဟု ဆို၏။

ယခု အမ္ဗပါလီသည် ဝေသာလီမှ လိစ္ဆဝီမင်းတို့၏ ပျော်တော်ဆက်မယ်ဘဝ၌ နေရသည်။ လက်ထပ်ထားသည့်လင်ယောကျ်ားဟူ၍မရှိချေ။ သို့သော်လည်း အမ္ဗပါလီကတော့ ဘဝကိုကျေနပ်သူ၊ ပျော်ရွှင်သူဖြစ်၏။ မိမိ၏အလှမယ်ဘဝကို ဂုဏ်ယူသူဖြစ်၏။ ပျော်တော်ဆက်မယ်ဘဝမတိုင်ခင် ဆယ်ကျော်သက်အရွယ်ကပင် လိစ္ဆဝီမင်းညီမင်းသားများ၊ သူဌေးသူကြွယ်များကလာရောက်ပိုးပမ်းခဲ့ကြသည်။

ပြုံး–စာပေ

နောက်ပိုင်းတွင် လိစ္ဆဝီမင်းသားများသည် အမ္ဗပါလီနှင့် ပတ်သက်ပြီး၊ မသင့်မမြတ်ဖြစ်လာကြရာ တုတ်တစ်ပျက်၊ ဓားတစ်ပျက်ဖြစ်လာကြ၍ သန္ထာဂါရအစည်းအဝေးဆင့်ခေါ်ပြီး ဆွေးနွေးတိုင်ပင်ကြရသည်အထိ ဖြစ်သည်။ နောက်ဆုံးရလဒ်မှာ အမ္ဗပါလီအား လိစ္ဆဝီမင်းသား မည်သူတစ်ဦးနှင့်မျှ လက်ထပ်ထိမ်းမြားခွင့်မရှိဘဲ အားလုံးကျေနပ်စေရန်မင်းသားများ၏ ပျော်တော်ဆက်အလှမယ်ဘဝနှင့်သာ နေထိုင်စေရန်၊ အမ္ဗပါလီနှင့် သူ၏မွေးစားဖခင်အား ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ အမ္ဗပါလီနှင့် မွေးစားဖခင်ဥယျာဉ်မှူးတို့က လိစ္ဆဝီမင်းညီမင်းသားများ သင့်မြတ်ကြစေရန်နှင့် ဝေသာလီအေးချမ်းသာယာစေရန် ရည်ရွယ်လျက် ဤဆုံးဖြတ်ချက်ကို သဘောတူညီခဲ့ကြလေသည်။ ဤသို့မဟုတ်လျှင်လည်း လိစ္ဆဝီမင်းသားများ မညီမညွတ်ဖြစ်ပြီး ဝေသာလီသည် အစိတ်စိတ်ပြိုကွဲကုန်မည်မဟုတ်လော။

ရှေးရိုးအစဉ်အလာအရကြည့်လျှင် လိစ္ဆဝီမင်းတို့သည် အချင်းချင်းအလွန်စည်းလုံးညီညွတ်ကြပြီး၊ နိုးကြားတက်ကြွမှု ရှိကြ၏။ အရွယ်ရောက်လာသော လိစ္ဆဝီမင်းသားမှန်သမျှ ယောကျ်ားတို့တတ်အပ်သော အဋ္ဌာရသ(၁၈)ရပ်ကို စနစ်တကျသင်ကြားကြ၏။ ဓားလှံခုတ်ခြင်း၊ လေးမြှားပစ်ခြင်း၊ ဆင်စီး၊ မြင်းစီးအတတ်၊ စစ်တိုက်နည်းများနှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားစေသည်။ ကြံ့ခိုင်မှုကိုလေ့ကျင့်သင်ကြားကြရသည်။ အစဉ်လေ့ကျင့်ထားသည့် လိစ္ဆဝီမင်းသားတို့သည် ကျားကျားလျားလျားနှင့်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ထွားပြီးလျှင် ပင်ပန်းဆင်းရဲဒဏ်ကိုလည်း မမှုကြချေ။

ထိုလိစ္ဆဝီမင်းသားတို့ နေထိုင်သောနေရာသည် အလွန်

ခမ်းနားစွာ ဆောက်လုပ်ထားသည့် မင်းခမ်းမင်းနားအဆောက်အအုံအဖြစ် ဝေသာလီ၌ တစ်သီးတစ်ခြားတည်ရှိလေ၏။ လိစ္ဆဝီမင်းသားတို့အထဲတွင် အုပ်ချုပ်ရေး၊ ကာကွယ်ရေးတာဝန်တို့ကို နိုင်ငံတော်အတွက်ထမ်းဆောင်သောလိစ္ဆဝီမင်းသားများသည်သာ နိုင်ငံတော်လစာကို ထုတ်ယူပြီးယင်းတာဝန်တို့ကို ထမ်းဆောင်ခြင်းမရှိသောလိစ္ဆဝီမင်းသားများသည် လယ်ယာစိုက်ပျိုးခြင်း၊ ကုန်သွယ်ခြင်းတို့ကို လုပ်ကိုင်၍ အသက်မွေးကြသည်။ ပြည်သူတို့၏ အခွန်ဘဏ္ဍာကို သုံးစွဲခြင်းမပြုပေ။

ဝဇ္ဇီတိုင်း၏ မြို့တော်ဖြစ်သည့် ဝေသာလီသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်ကတစ်ကြောင်း၊ ရေကန်၊ ပန်းခြံတို့နှင့် သာမောဖွယ်တင့်တယ်သည်ကတစ်ကြောင်း၊ ထိုနယ်တစ်ခွင်တွင် ဂုဏ်သတင်းပျံ့သင်းနေလေသည်။ ဝေသာလီလှပသာယာသည်မှာလည်း လိစ္ဆဝီမင်းသားတို့၏ စည်းကမ်းတကျလုပ်ကိုင်ကြသောကြောင့် ဖြစ်ပေသည်။ သန္ထဂါရာ(လွှတ်တော်) အစည်းအဝေး ပြုလုပ်သည့်အခါလည်း အချက်ပေးစည်တော် တီးခတ်လျှင်မည်သည့်ကိစ္စမဆို ထားခဲ့ပြီး၊ အစည်းအဝေးကိုမပျက်မကွက်တက်ရောက်ကြသည်။ အစည်းအဝေး၌လည်း မိမိတို့ ထင်မြင်ယူဆချက်များ၊အကြံပေးချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြ၍ ညှိနှိုင်းတိုင်ပင်ကြသည်။ ရှေးမင်းများလက်ထက်က ပြဋ္ဌာန်းခဲ့သော တရားဥပဒေနှင့်အညီစီမံအုပ်ချုပ်သည်။ ထို့ပြင် မြတ်စွာဘုရားက ဟောကြားညွှန်ပြသည့် "အပရိဟာနိယဓမ္မ"ဟုခေါ်သော အခြေခံမူခုနှစ်ချက်ကိုလည်း အထူးလိုက်နာကြသည်။ မကြာခဏ စည်းဝေးတိုင်ပင်ကြခြင်း၊ ညီညီညွတ်ညွတ်နှင့် လုပ်ဆောင်ကြခြင်း၊ ရှေးမင်း

တို့ချမှတ်ခဲ့သောအချက်တို့ကို မဖောက်ဖျက်ဘဲ ကောင်းစွာ လိုက်နာကြခြင်း၊ အသက်ကြီးရင့်သော လိစ္ဆဝီမင်းတို့အား ပူဇော် လေးစားခြင်း၊ အိမ်ထောင်ရှိ အမျိုးသမီး(သို့မဟုတ်) အိမ်ထောင်မဲ့ အမျိုးသမီးများကို အနိုင်ထက်ကျင့်၍လည်း မသိမ်းပိုက်ကြခြင်း၊ မြို့တွင်းမြို့ပြင်မှ နတ်ကွန်းစေတီတို့အား အစဉ်အလာအတိုင်း ပူဇော်ပသခြင်း၊ မိမိတိုင်းနိုင်ငံသို့ရောက်လာသော ဆရာတော်များ၊ သူတော်စင်များကို ချမ်းသာစွာနေထိုင်ရန် လုပ်ဆောင်ပေးခြင်း တို့ကို ညီညီညွတ်ညွတ် လုပ်ဆောင်ကြသည်။

အမ္ဗပါလီသည် ထိုထိုသောသားကောင်းသားမြတ် များဖြစ် သည့် လိစ္ဆဝီမင်းသားများကစည်းစိမ်နှင့်တကွ ပျော်တော်ဆက် အလှမယ်အဖြစ် အပ်နှင်းထားသည်ကို သဘောကျနှစ်သက်၏။ ကျေနပ်၏။ မိမိကိုယ်မိမိလည်း အလှမာန်ယစ်မူးလျက်နေ၏။ ထိုထို သောမင်းသားများစွာတို့နှင့် ပျော်ပါးမြူးတူးလျက်နေစဉ်၌ပင် မင်းပျိုမင်းလွင်တစ်ပါးဖြစ်သည့် ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရနှင့်တွေ့ သည့်အခါမူ နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့သည်။ ဗိမ္ဗိသာရမင်း သည်လည်း အမ္ဗပါလီကို ချစ်ခင်နှစ်သက်ခဲ့သည်။ ရာဇဂြိုဟ်မှ ကုန်သည်တစ်ဦးက ဝေသာလီရောက်ခဲ့စဉ် အမ္ဗပါလီ၏သတင်းကို လျှောက်တင်သည့်အချိန်ကပင်လျှင် စွဲလမ်းခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း ဗိမ္ဗိသာရမင်းသည် အမ္ဗပါလီကိုမိဖုရားမြှောက်တင် ၍မရပေ။ အမ္ဗပါလီမှာ ဝေသာလီ၏လိစ္ဆဝီမင်းသားများက တရား ဝင်ပျော်တော်ဆက် အလှမယ်အဖြစ်အပ်နှင်းထားသူ၊ မိမိက ရာဇဂြိုဟ်၏ဘုရင်ဖြစ်၍ ပြည်သူတို့ကလည်း ခွင့်ပြုမည်မဟုတ်ချေ။ ထို့ကြောင့် ဗိမ္ဗိသာရမင်းသည် ရာဇဂြိုဟ်သို့ စိတ်မကောင်းခြင်း

ကြီးစွာနှင့် ပြန်သွားခဲ့ရသည်။ ဗိမ္ဗိသာရမင်းပြန်သွားခဲ့သော်လည်း အမ္ဗပါလီ၌ ဗိမ္ဗိသာရမင်း၏ သန္ဓေသားကျန်ရစ်ခဲ့သည်။ အမ္ဗပါလီသည် ဗိမ္ဗိသာရကို ချစ်မြတ်နိုးသဖြင့်သန္ဓေသားကို ကောင်းမွန်စွာစောင့်ရှောက်၍မွေးဖွားခဲ့သည်။ သားယောကျ်ားလေးဖြစ်ပြီး 'ဝိမလ'ဟူ၍ အမည်မှည့်ခေါ်ခဲ့သည်။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ဝါနှစ်ဆယ်မြောက် အဖြစ်သီတင်းသုံးနေတော်မူပြီးဝါကျွတ်သောအခါ ဝေသာလီပြည်သို့ကြွရောက်တော်မူခဲ့ပြီဖြစ်၍ လိစ္ဆဝီမင်းသားများနှင့်တကွ ပြည်သူပြည်သားများသည် ဗုဒ္ဓကိုကြည်ညိုဆည်းကပ်သူများလည်း ဖြစ်ခဲ့လေသည်။ ထိုသို့ ဆည်းကပ်ကိုးကွယ်သူများထဲတွင် အမ္ဗပါလီလည်း ပါဝင်သည်။

ရာသီတို့လည်း တရွေ့ရွေ့ပြောင်းခဲ့ပြီဖြစ်၍ အမ္ဗပါလီသည်လည်း အသက်အရွယ်ရလာခဲ့ပြီ။ အမ္ဗပါလီသည်ငယ်ရွယ်နုပျိုချိန်က မင်းညီမင်းသားသူကြွယ်စသည့် ပုရိသများဝိုင်းရံနေခဲ့သော်လည်း ယခုအရွယ်ကြီးရင့်လာသောအခါ ယခင်က အလှသရဖူပိုင်ရှင်ဘဝမှာ တဖြည်းဖြည်းမှေးမှိန်လာသည်နှင့်အမျှ ပုရိသများကလည်း လာရောက်ချဉ်းကပ်ခြင်းမရှိကြတော့ပေ။ ငယ်သည့်အရွယ်လှသွေးကြွယ်စဉ်က ထိုထိုသော ပုရိသများပျော်မြူးကြည်နူးစေရန် ပြုလုပ်ခဲ့သော အမ္ဗပါလီအား မသိကျိုးနွံ ပြုသွားကြလေပြီ။ အရွယ်ငယ်ငယ် အလှမယ်တို့ထံ ပြေးကပ်သွားကြလေသည်။ ဤအချိန်၌ အမ္ဗပါလီလည်း မိမိအလှမာန်၌ ယစ်မူးခဲ့မိသည်ကို သတိရလာသည်။ ပုရိသတို့၏ချစ်ခင်မြတ်နိုးခြင်းကို တပ်မက်သည့်စိတ်ကိုသတိရလာ၏။ ဘုရားရှင်၏တရားဒေသနာတော်တို့ကို နာ

ကြားခဲ့ရသည့်အခါမှပင်မိမိယစ်မူးသာယာခဲ့သည့် အရာအားလုံး သည် တည်မြဲခြင်းမရှိ။ လေထဲ၌ပျောက်ကွယ်သွားကြသည်ကို သတိရလာ၏။ လူ့ဘောင်ဘဝဆင်းရဲဒုက္ခနှင့် အလိုဆန္ဒပြည့် အောင်သာ လုပ်ကိုင်အားထုတ်နေရသည်ကို သိမြင်လာ၏။ ထို့ ကြောင့် အခါအခွင့်ကြုံတိုင်း ဘုရားရှင်၏တရားတော်ကို နာယူ၍ ရဟန်းသံဃာတို့အား နေ့စဉ်ဝတ်မပျက် ဆွမ်းလောင်းလှူသည့် ဒါနမျိုးစေ့ကို အားစိုက်၍လုပ်ဆောင်လာခဲ့၏။ ဤသို့လုပ်ဆောင် ခြင်း၌မွေ့လျော်၏။ ကြည်နူး၏။ ထိုသို့ပြုလုပ်သည့်အခါတိုင်းလည်း မိမိတစ်ဦးတည်းအတွက်သာမဟုတ်။ မိမိ၏သား ဝိမလကိုလည်း အရွယ်ရောက်လာလျှင် ဗုဒ္ဓ၏သားတော်များကိုအားကျပြီး၊ ရဟန်း ဘဝအဖြစ်နှင့်နေစေလိုသော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓ၏ကျောင်းတော် သို့ ခေါ်ဆောင်သွားလေ့ရှိ၏။ နောင်အချိန်၌ အမ္ဗပါလီ၏ သား ဝိမလသည် တစ်ဆယ့်ငါးနှစ်သားအရွယ်၌ ရှင်သာမဏေအဖြစ် ဝတ်၍၊ အသက်နှစ်ဆယ်အရွယ်၌ အရှင်ဝိမလကောဏ္ဍညမထေရ် အဖြစ်ကူးပြောင်းလျက် တရားအားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သည်။

မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ဒုတိယနောက်ဆုံး အကြိမ်ရောက်ရှိသောအခါ မဟာဝုန်တောသို့မသွားဘဲ အမ္ဗပါလီ ၏သရက်ဥယျာဉ်သို့ ကြွရောက်၍နားနေတော်မူလေသည်။ အမ္ဗပါလီ၏သရက်ဥယျာဉ်သည် သရက်ပင်သာမက အခြားသော သစ်သီးဝလံပန်းမန်များဖြင့် ရှုချင်စဖွယ် တင့်တယ်လှပပါပေသည်။ ရေတွင်းရေကန်များကိုလည်းစီမံထားရှိသည်။ တဖန်ဥယျာဉ်ကြီး အတွင်း၌ လှပစွာဆောက်လုပ်ထားသည့် သစ်သားအိမ်များလည်း

ရှိသည်။ ဘုရားရှင်နှင့်သံဃာတော်များ ဝေသာလီသို့ ကြွတော်မူသည့်အခါ ဤဥယျာဉ်ကြီး၌ သီတင်းသုံးတော်မူပါရန်လည်း ယခင်ကပင် လျှောက်တင်ထားခဲ့ပြီဖြစ်သည်။

ဘုရားရှင်နှင့်သံဃာတော်များ သရက်ဥယျာဉ်သို့ ရောက်ရှိတော်မူကြောင်း အမ္ဗပါလီကြားသိရသောအခါ အခြွေအရံတို့နှင့် တကွ သရက်ဥယျာဉ်သို့ ရောက်လာပြီး ဘုရားရှင်အားရိုသေစွာ ရှိခိုး၍ နောက်တစ်နေ့ ဘုရားရှင်နှင့်သံဃာတော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပါမည့်အကြောင်း လျှောက်တင်လေသည်။ နောက်တစ်နေ့ ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းဆက်ကပ်ပြီးနောက် သရက်ဥယျာဉ်ကြီးကို ထာဝရကျောင်းဥယျာဉ်ကြီးအဖြစ် ရေစက်သွန်းချ၍လှူဒါန်းလေသည်။

လောကီ၏ ကာမဂုဏ်အာရုံများသည် ရှုပ်ထွေးလှ၏။ ဒုက္ခများမြောင်လှ၏။ ရုပ်အလှသည်လည်းကောင်း၊ ပစ္စည်းဥစ္စာ အခြွေအရံတို့သည် လည်းကောင်း၊ အမြဲတမ်းတည်တံ့မည်မဟုတ်ကြောင်း အမ္ဗပါလီကိုယ်တိုင်သိမြင်လာသည်။ လိစ္ဆဝီမင်းသားများက ဆောင်နှင်းထားသည့်အိမ်ယာ၊ စည်းစိမ်ဥစ္စာများအပေါ်၌လည်းကောင်း၊ ပျော်တော်ဆက်အလှမယ်ဘဝသည်လည်းကောင်း၊ မိမိအားစိတ်၏ ငြိမ်းချမ်းမှုကို ပေးနိုင်မည်မဟုတ်ပါတကားဟု ဆင်ခြင်မိသောအခါ မက်မောတွယ်တာခြင်းအလျဉ်းမရှိတော့ချေ။ အမ္ဗပါလီသည် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ဆင်ပြီး ဘိက္ခုနီဘဝသို့ ကူးပြောင်းရောက်ရှိလေသည်။ ဘိက္ခုနီဘဝသို့ရောက်လာသော မိခင်အားသားတော် ဝိမလကောဏ္ဍညမထေရ်က အခွင့်သင့်တိုင်းတရားမြွက်ဟောကြားလေ့ရှိသည်။ အသိဉာဏ်များရင့်ကျက်လာပြီး အနိစ္စ

သဘောကိုဆင်ခြင်၍ ဝိပဿနာတရားအားထုတ်ရာ အမ္ဗပါလီ ရဟန္တာထေရီအဖြစ်သို့ ရောက်ရှိလေသည်။ လူ့ဘောင်ဘဝနေစဉ် ဘဝတစ်လျှောက်လုံးပြည့်တန်ဆာမဟူ၍ အများကသတ်မှတ်ခြင်း ခံခဲ့ရသည့် အမ္ဗပါလီ။ ယခုမူ ဤကမ္ဘာ၌ ဗုဒ္ဓ၏ သမီးတော်တစ်ပါး အဖြစ် ရောက်ရှိလာခဲ့လေပြီတကား။

ဂန္ထဝင်မဂ္ဂဇင်း
အမှတ်(၅)၊၂၀၀၂ ခုနှစ်၊မေလ

## ဗုဒ္ဓ၏ဂန္ထဝင်သမီးတော်တစ်ဦး

## ပဒုမ္မာမယ် ဥပ္ပလဝဏ္ဏာ

ပဒုမ္မာကြာပွင့်၏အတွင်းသားနှင့်တူသော နူးညံ့ပြီးလှပ ရွှန်းစိုတောက်ပသည့် အသားအရေပန်းပုရပ်နှယ် ပြည့်စုံလှပသည့် ကိုယ်ခန္ဓာ၊ ဆံကေသာ၏အလှများက ရှုမဝ၊ ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် အလှရှင်လေးမှာ သာဝတ္ထိပြည်မှ သူဌေးကြီး၏သမီး ဥပ္ပလဝဏ္ဏာပင်ဖြစ်လေသည်။ အရွယ်ရောက်သောအခါ အလွန်တင့်တယ်သည့် ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံသူ၊ နူးညံ့ပြီး ဣန္ဒြေအလွန်ကြီးသည့်သူဖြစ်၍ ဇမ္ဗူဒိတ်ကျွန်း၌ရှိသော အပြည်ပြည်မှမင်းများ၊ သူဌေးသူကြွယ်များက စာသဝဏ်နှင့် တမန်စေလွှတ်၍ လက်ဆတ်ရန် ကမ်းလှမ်းကြသည်မို့ မျက်နှာပန်းကားပွင့်လန်းပါ၏။ နာမည်ဂုဏ်ဒြပ်က မွှေးထုံပါ၏။ မင်းပွဲစိုးပွဲများ၌ ပွဲလယ်တင့်ပါပေ၏။ မင်းနှင့်လက်ဆက်သော် မိဖုရား၊ သူဌေးနှင့် လက်ဆက်သော် သူဌေးကတော်။ ထို့ပြင်တဝလည်း ပိုးဖဲကတ္တီပါ စုံလင်လှပပြိုင်ဖက်ကင်းသည့် စည်းစိမ်ချမ်းသာ၊ ဥယျာဉ်သို့လည်း အပျော်ထွက်ရန် ရံရွေတော်များနှင့်တလီ၊ ကြည်နူးစရာအဖုံဖုံနှင့် ထည်ဝါစွာ စံပယ်ပျော်ပါးရမည်ဟုကားသိပါ၏။ သို့ပါသော်လည်း

အိမ်ထောင်ရေးကိုစိတ်မဝင်စား။ လောကီကာမဂုဏ်တွင်း၌လည်း ခံစားမွေ့လျော်လိုခြင်းမရှိ။ ဖခင် သာဝတ္ထိပြည်သူဌေးကြီးအနေနှင့်လည်း ဤမင်းများ၊ သူဌေးသူကြွယ်များအားလုံး၏ ဆန္ဒကိုဖြည့်စွမ်းပေးရန် စွမ်းဆောင်နိုင်မည်မဟုတ်ကြောင်း သတိပြုမိ၍ ဥပါယ်တံမျဉ်ဖြင့် ချစ်သမီးအား 'ဘိက္ခုနီပြုလိုသလော' ဟူ၍မေးမြန်းသည့်အခါ ဥပ္ပလဝဏ္ဏာသည် နှလုံးပီတိဝမ်းဆီထိသကဲ့သို့ လွန်စွာ ဝမ်းမြောက်လျက် ဘိက္ခုနီသာသနာတော်၌ ဘိက္ခုနီပြုလုပ်ရန် ခွင့်ပန်လေတော့သည်။

ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝကာ ရုပ်ရည်ကလည်းချောမောလှပတင့်တယ်။ ပျော်ရွှင်စဖွယ် အိမ်ထောင်ရေးသုခကို ခံစားနိုင်သော်လည်း လောကီ၌ ယိမ်းပါးခြင်းမရှိခဲ့။ ဥပ္ပလဝဏ္ဏာသည် ဤသို့ ရင့်သန်သည့် ပါရမီကိုရရှိခဲ့သည်မှာလည်း ဘဝပေါင်းများစွာ ကမ္ဘာတစ်သိန်းမျှမက ဖြည့်ကျင့်ခဲ့ရသည့် ပါရမီတော်အဟုန်ကြောင့်သာ ဖြစ်ပေသည်။ ဥပ္ပလဝဏ္ဏာဘဝမတိုင်မီ ယခင်ဘဝက ရာဇဂြိုဟ်ပြည် တောရွာတစ်ရွာ၌ လယ်သမား၏သမီးဘဝ ဖြစ်ခဲ့စဉ်က ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့်ကြွလာသည့် ပစ္စေကဗုဒ္ဓါ ရှစ်ပါးကို တွေ့မြင်ရလေသည်။ ထိုအခါ ပစ္စေကဗုဒ္ဓါတို့သည်လည်း ယခင်ဘဝက မယ်တော်ဟောင်းဖြစ်သော ဤလယ်သူမကိုမြင်၍ ကောင်းကင်မှဆင်းသက်လာသောအခါ လယ်သူမက အသင့်ပါလာသောဆွမ်းဘောဇဉ်တို့ဖြင့် ပစ္စေကဗုဒ္ဓါတို့အား ဆက်ကပ်လေသည်။ နောက်နေ့မနက်၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါ ၅၀၀ တို့သည် မိခင်အား ချီးမြှောက်ရန် လယ်သူမအိမ်သို့ကြွလာတော်မူသည်။ ပစ္စေကဗုဒ္ဓါတို့၏တန်ခိုးကြောင့် လယ်သူမ၏အိမ်ကလေးတွင်

ပစ္စေကဗုဒ္ဓါ ၅၀၀ လုံး နေရာဆုံသွားလေသည်။ ထို့ပြင်လည်း လယ်သူမ၏ရှစ်ပါးစသော ပြင်ဆင်ထားသော ဆွမ်းဘောဇဉ်တို့သည် ပစ္စေကဗုဒ္ဓါ ၅၀၀ တို့အား ဆက်ကပ်လုပ်ကျွေး၍ပင် မကုန်နိုင်ပေ။ လယ်သူမသည် ပစ္စေကဗုဒ္ဓါတို့ထံ၌ 'နောင်ဘဝတွင် ကြာညိုပွင့်ချပ်ကဲ့သို့ တင့်တယ်သောကိုယ်အဆင်းနှင့် ပစ္စေကဗုဒ္ဓတို့သိသည့်အတိုင်း တရားထူးကို လျင်မြန်စွာ သိမြင်ရပါလို၏'ကြောင်း ဆုတောင်းခဲ့သည်။

ဥပ္ပလဝဏ္ဏာမင်းသမီးသည် ဤဘဒ္ဒကမ္ဘာ၏ တတိယမြောက်ပွင့်တော်မူသော ကဿပဘုရားရှင်လက်ထက်၌ ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော်ခုနှစ်ပါးအနက် ဒုတိယမြောက်သမီးတော် သမဏဂုတ္တာမင်းသမီးဘဝ၌ ဖြစ်ခဲ့သည်။ သမဏဂုတ္တာမင်းသမီးသည် အရွယ်ရောက်သောအခါ အစ်မတော်၊ ညီမတော်တိုနှင့်အတူ ကဿပဘုရားရှင်အား ဆည်းကပ်ကိုးကွယ်၍ များစွာသော အလှူဒါနတို့ကို ပြုလုပ်ခဲ့သည်။ အသက်ထက်ဆုံး အိမ်ထောင်ဖက်မရှာဘဲ ကောမာရီဗြဟ္မစရိယဟုခေါ်သည့် အကျင့်မြတ်ကိုကျင့်သုံးခဲ့သည်။

ဥပ္ပလဝဏ္ဏာမင်းသမီးသည် ဧာကမ္ဘာထက်က ပွင့်တော်မူခဲ့သော ဝိပဿီဘုရားလက်ထက်တော်အခါက ဗာရာဏသီပြည်သူဌေးသမီးဘဝ၌ ဖြစ်ခဲ့စဉ်ကလည်း ဘုရားအမှူးရှိသော သံဃာတော်များအား အလှူဒါနများပြုလုပ်ခဲ့သည်။

ထို့ပြင် ဘုရားရှင်အားကြာပန်းဖြင့် ပူဇော်၍ "ဖြစ်လေရာဘဝတိုင်း၌ ကြာပန်းကဲ့သို့ လှပတင့်တယ်သူ ဖြစ်ရပါလို၏"ဟု ဗာရာဏသီပြည် သူဌေးသမီးဘဝဖြစ်ခဲ့စဉ်ကလည်း ပဒုမုတ္တရဘုရားထံ



၂၇၁၄၈

တရားနာစဉ် တန်ခိုးကြီးသော ဘိက္ခုနီတစ်ပါးအား ပဒုမုတ္တရဘုရား ရှင်က ဣဒ္ဓိမန္တဇတဒဂ်ဖြင့် ချီးမြှောက်သည်ကိုမြင်၍ အလွန် အား ကျခဲ့သည်။

ထို့ကြောင့် ဘုရားအမှူးရှိသောရဟန္တာနှစ်သောင်းကို ပင့် ဖိတ်၍ မိမိအိမ်၌ခုနှစ်ရက်ပတ်လုံးဆွမ်းကပ်ပြီးသောအခါ ဘုရားရှင် အား ကြာပန်းခုနှစ်စည်းဖြင့် ပူဇော်၍ တစ်ဆူသောဘုရားရှင်၏ သာသနာ၌ ဣဒ္ဓိမန္တဇတဒဂ်ရသော ဘိက္ခုနီဖြစ်ရန်ဆုတောင်းရာ ဘုရားရှင်က တောင်းသည့်ဆုအတိုင်း ပြည့်စုံမည်ဟူ၍ ဗျာဒိတ် စကား မြွက်ကြားတော်မူခဲ့လေသည်။

ဤဘဝများမတိုင်ခင် ဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်သော် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမည်သော မြတ်စွာ ဘုရားလက်ထက်၌ မဟာသမုဒ္ဒရာအနီးရှိ နဂါးပြည်မှ နဂါးမင်း မဟာဥဂ္ဂါနှင့်ဝိမလဒေဝီမည်သော နဂါးမတို့သည် ဘုရားရှင်နှင့် ရဟန္တာနှစ်သောင်းကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ကြလေ၏။ ပဒုမုတ္တရဘုရား ဆွမ်းဘုဉ်းပေးပြီးသော် ရဟန္တာထေရီမတစ်ပါးကို ခေါ်၍ တန်ခိုးဣဒ္ဓိအမျိုးမျိုးပြသရန် မိန့်တော်မူရာ ထေရီက ပြဟ္မာအသွင်ဖန်ဆင်းခြင်း၊ သမုဒ္ဒရာရေပေါ်စကြ်န်လျှောက်ခြင်း၊ နေဝန်းလဝန်းတို့ကို ဒုကုဋ်သင်္ကန်းကြား၌ဆောင်၍ စကြာဝဠာ တောင်ကို လှည့်ပတ်သွားခြင်းစသော တန်ခိုးပြာဋိဟာအမျိုးမျိုးကို ဘုရားအမှူးရှိသော ရဟန္တာများ၊ နဂါးပရိသတ်များရှေ့၌ ထင်ရှား စွာပြုလုပ်ပြခဲ့သည်။ နဂါးမဝိမလသည် ထူးဆန်းသော တန်ခိုး ပြာဋိဟာကိုတွေ့မြင်ရ၍ အရဏကြာပန်းကိုမြတ်စွာဘုရားအား ဆက်ကပ်ပြီးနောက် နောင်ဘဝကြာပန်းကဲ့သို့ လှပတင့်တယ်သူ

ဖြစ်ပြီး နောက်ဆုံးဘဝ၌လည်း ဤထေရီမကဲ့သို့ လွန်စွာတန်ခိုးကြီးသော ရဟန္တာထေရီမဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့ဘူးလေသည်။

ထို့ကြောင့် ပဒုမုတ္တရဘုရားထံ၌ ဆုပန်၍ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ခဲ့ရသည့် ပါရမီရှင်ဥပ္ပလဝဏ္ဏာကို တင့်တယ်လျောက်ပတ်သော အစီအမံဖြင့် ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ပေးကြလေသည်။ ဂေါတမီထေရီမကြီးကို ဥပဇ္ဈာယ်ဆရာပြုလျက် ဥပ္ပလဝဏ္ဏာထေရီဟူသော ဘိက္ခုနီဘဝသို့ ရောက်ရှိခဲ့လေသည်။

ဥပ္ပလဝဏ္ဏာထေရီသည် ဆရာတို့ ပြောဆိုဆုံးမသော ဩဝါဒတို့ကို နာခံခြင်း၊သီလစောင့်ထိန်းခြင်း၊ သမထဝိပဿနာပွားများ အားထုတ်ခြင်းဖြင့် ထေရီဘဝကိုပြည့်ဝစေသည်။ ဥပုသ်ဆောက်တည်ရာ သိမ်ကျောင်း၌ တံမြက်လှည်းခြင်း၊ နေရာထိုင်ခင်းပြင်ဆင်ခြင်း၊ သောက်ရေထည့်ခြင်း၊ ဆီမီးထွန်းခြင်းစသည့် ဝေယျာဝစ္စများကို တစ်ပါးစီအလှည့်ကျတာဝန်ယူ ဆောင်ရွက်ရသည်။ ဥပ္ပလဝဏ္ဏာထေရီ၏ ဝေယျာဝစ္စလုပ်ဆောင်ရန် အလှည့်ကျစဉ် ဆီမီးခွက်မှ မီးတောက်မီးလျှံများကို စူးစိုက်ကြည့်ရှုဆင်ခြင်ပြီး တေဇောကသိုဏ်းပွားများရာ တခဏအတွင်းပင် ဈာန်သမာပတ်ကို ရရှိသွားပြီး ထိုဈာန်ကိုအခြေခံ၍ ဝိပဿနာဆက်လက်ပွားများရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။ ထေရီသည် အရဟတ္တဖိုလ်နှင့်အတူ ဣဒ္ဓိဝိဇ စသော လောကီအဘိညာဉ်ငါးပါးကိုလည်း တစ်ပြိုင်တည်းရရှိခဲ့သည်။ ရှေးဆုတောင်းအတိုင်း တန်ခိုးဖန်ဆင်းခြင်း၌ ဝသီတော်ငါးတန် နိုင်နင်းသူဖြစ်သည်။ ဈာန်သမာပတ်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးကို ဝင်စားရာ၌လည်း အစဉ်

တစိုက်အားထုတ်ခဲ့သည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရာရာ၌ ထူးချွန်သော တပည့်သာဝကတို့အား ဧတဒဂ်ဘွဲ့ထူးချီးမြှင့်ရာ ဥပ္ပလဝဏ္ဏာထေရီအားလည်း ထူးကဲသော တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသည့် ဘိက္ခုနီအဖြစ် ဣဒ္ဓိမန္တဧတဒဂ်ကို ချီးမြှင့်တော်မူခဲ့လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်၌ ဆုပန်ခဲ့၍ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ ဣဒ္ဓိမန္တဧတဒဂ်ရ လက်ဝဲရံဘိက္ခုနီဖြစ်ခဲ့သော ဥပ္ပလဝဏ္ဏာထေရီကား နိဗ္ဗာန်ရွှေပြည်သို့ စံဝင်ခဲ့ပြီတကား။

ဂန္ထဝင်မဂ္ဂဇင်း
အမှတ်(၁၅)၊၂၀၀၃ ခုနှစ်၊မတ်လ

## အချစ်နွံမှလွတ်မြောက်လာသူ 'ဘဒ္ဒါ"

ဘဒ္ဒါသည် ဂေါတမမြတ်စွာဘုရားပွင့်တော်မူသော ကာလတွင် ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးတစ်ဦးဖြစ်လေ၏။ ဘဒ္ဒါကား ရှေးဘဝအဆက်ဆက် ပါရမီဖြည့်ကျင့်လာသူ၊ ပါရမီရှင်ဖြစ်ပေ၏။ ထိုသူဌေးသမီးဘဒ္ဒါကား ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီးဖြစ်ခဲ့သည်။ ထိုအချိန်က မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားစဉ် ပဒုမုတ္တရဘုရားရှင်က သုဘာထေရီအား "ခိပ္ပာဘိညာ" လျင်မြန်သော အသိဉာဏ်ရှိသောအရာ၌ အမြတ်ဆုံးဧတဒဂ် ရာထူးကို ထားတော်မူသည်ကို အားကျ၍ ခိပ္ပါဘိညာ ဧတဒဂ်ရာထူးကို ဆုတောင်းခဲ့ဖူးလေ၏။ ပဒုမုတ္တရမြတ်စွာဘုရားကလည်း 'ဆုတောင်းပြည့်လိမ့်မည်'ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ထိုသူဌေးသမီးသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်ပြည်၊လူ့ပြည်၌ကျင်လည်ခဲ့၍ ကဿပမြတ်စွာဘုရားပွင့်တော်မူစဉ်၌ ကာသိတိုင်း ဗာရာဏသီပြည်အုပ်စိုးသော ဘုရင်ကိကီမင်း ၏ သမီးခုနစ်ယောက်တို့တွင် လေးယောက်မြောက်သမီးတော် ဘိက္ခုဒါယကာ ဖြစ်လာ၏။ သူမသည် အနှစ်နှစ်သောင်းတိုင်အောင်

ဆယ်ပါးသောအကျင့်သီလတို့ကို ဆောက်တည်ကာ ကောမာရိ ပြဟ္မစရိယအကျင့်ကို ကျင့်သုံးလျက် သံဃာတို့သီတင်းသုံးရန် ပရဝုဏ်ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို'ဘိက္ခုဒါယကာ'မင်းသမီးသည် ဗုဒ္ဓန္တရအသင်္ချေရ တကပ်လုံး နတ်ပြည်၊လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဂေါတမမြတ်စွာ ဘုရားပွင့်တော်မူသောကာလဝယ် ရာဇဂြိုဟ်ပြည်မှ သူဌေးကြီး တစ်ဦး၏သမီး 'ဘဒ္ဒါ'ဘဝသို့ ရောက်လာခဲ့သည်။

တစ်နေ့သော် သူဌေးသမီးဘဒ္ဒါသည် လမ်းပေါ်မှလူများ ၏ အုတ်အုတ်ကျက်ကျက်အသံများကြောင့် လေသာပြတင်းကိုဖွင့်၍ ကြည့်ရှုသောအခါ ရိုက်နှက်၍ခေါ်ဆောင်သွားသော လူဆိုးကို မြင် လေ၏။ ထိုလူဆိုးသည် ရာဇဂြိုဟ်ပြည်ရှိ ပရောဟိတ်ဆရာကြီး တစ်ဦး၏သားဖြစ်၍ စောရနက္ခတ်နှင့်ယှဉ်၍မွေးဖွားသောကြောင့် တမြို့လုံးရှိလက်နက်များ၊ နန်းတော်ရှိ လက်နက်များအားလုံး အလျှံတလက်လက်အရောင်ထွက်ခဲ့လေ၏။ ဖခင်ပရောဟိတ် ဆရာကြီးသည် သူ၏သားကို 'သတ္တုက'ဟု အမည်မှည့်ခေါ်ပြီး လက်နက်များအရောင်ထွက်ခြင်းမှာ တမြို့လုံး၏ရန်သူဖြစ်မည့် ရှေ့ပြေးနိမိတ်ဖြစ်ကြောင်းဘုရင်မင်းမြတ်ထံ လျှောက်တင်ခဲ့လေ သည်။ဘုရင်မင်းမြတ်သည်'သတ္တုက'အား ဖျောက်ဖျက်ပစ်ရန်အမိန့် မချမှတ်ခဲ့ပေ။ 'သတ္တုက'ငယ်စဉ်ကပင် တွေ့သမျှ ပစ္စည်းအားလုံးကို ခိုးယူခဲ့သည်။ အရွယ်ကြီးရင့်လာသော်လည်း ခိုးယူသည့်အကျင့်ကို တားမြစ်မရသည့်အဆုံး ပရောဟိတ်ဆရာကြီးသည် နံရံကိုဖောက် ထွင်းနိုင်မည့် လက်နက်ကိရိယာနှင့် ကြိုးလှေကားတို့ကိုပေးပြီး အိမ်မှ နှင်ထုတ်လိုက်လေသည်။

ထိုအချိန်မှစ၍ 'သတ္တုက'သည် ဥစ္စာပေါများသော အိမ်များ၏ပြဿဒ်ထက်သို့တက်၍လည်းကောင်း၊ နံရံတို့ကို ဖောက်ထွင်း၍လည်းကောင်း၊ ဥစ္စာပစ္စည်းတို့ကို ခိုးယူလေ၏။ ရာဇဂြိုဟ် တစ်မြို့လုံး 'သတ္တုက'မခိုးယူသော အိမ်မရှိချေ။ အိမ်အားလုံးဖောက်ထားသဖြင့် အပေါက်တွေချည်းဖြစ်နေလေ၏။

ရာဇဂြိုဟ်ပြည့်ရှင်မင်းကြီးသည် ရထားဖြင့် မြို့ကိုလှည့် လည်ကြည့်ရှုသော် အိမ်နံရံများ အပေါက်တွေချည်းဖြစ်နေသည်ကို မေးမြန်းရာ၊ 'သတ္တုက'ဖောက်ဖျက်၍ပစ္စည်းများကို ခိုးယူကြောင်း လျှောက်ထားကြလေ၏။ ထိုအခါ မြို့ဝန်ကိုခေါ်၍'သတ္တုက'ကို ဖမ်းခိုင်းလေ၏။ မြို့ဝန်လည်း သူလျှိုမင်းချင်းယောကျ်ားတို့ကို တစ်မြို့လုံး၌ချထားခဲ့ပြီး 'သတ္တုက'ဖောက်ထွင်းခိုးယူစဉ် ခိုးထုပ်ခိုးထည်နှင့်လက်ရဖမ်း၍မင်းကြီးအားပြသလေ၏။မင်းကြီးလည်း" သတ္တုကကို တောင်တံခါးမှထုတ်၍သတ်စေ"အမိန့်ထုတ်ခဲ့၏။ ထို့ကြောင့် 'သတ္တုက'အား လမ်းဆုံလမ်းခွတိုင်း၌ ကြိမ်ဒဏ်အချက် တစ်ထောင် စီရိုက်နှက်လျက် လက်ပြန်ကြိုးတုပ်ကာ ခေါ်ဆောင်လာခြင်းဖြစ်သည်။

ဤ'သတ္တုက'လူဆိုးသည် သူဌေးသမီး'ဘဒ္ဒါ'နှင့် ရှေးရေစက်အကြောင်းရှိသောကြောင့် ဘဒ္ဒါသည်မြင်မြင်ချင်း အချစ်စိတ်များ ယိုဖိတ်လျက်အိပ်ယာပေါ်သို့သွားပြီး လဲလျောင်းကာ စိတ်သောကရောက်နေလေ၏။ ထိုအခါ တစ်ဦးတည်းသောသမီး ဘဒ္ဒါအား အရိပ်တကြည့်ကြည့်နှင့်နေသောသူဌေးကတော်ကြီးက စိုးရိမ်ပူပန်၍မေးမြန်းသောအခါ သတ်ရန်ခေါ်သွားသော သူခိုးကို ရပါမှ အသက်ရှင်ပါမည်။ မရပါကသေရပါလိမ့်မည်ဟု ဘဒ္ဒါက ဖွင့်ဟ

ပြောဆို၏။ ဘဒ္ဒါ၏မိဘနှစ်ပါးနှင့်ဆွေမျိုးများသည် ထိုသူခိုးအား မချစ်မနှစ်သက်စေရန် နည်းအမျိုးမျိုးဖြင့်နားချပါသော်လည်း မရပေ။ နောက်ဆုံးဖခင်သူဌေးကြီးသည် မြို့ဝန်ထံသွားရောက်၍ အသပြာတစ်ထောင်တံစိုးလက်ဆောင်ပေးပြီး မိမိ၏သမီးခံစားနေရသည်ကို ပြောပြလေသည်။ ထိုအခါ မြို့ဝန်သည် သတ္တုက နေရာ၌ အခြားသော ထောင်သားတစ်ယောက်ကို အစားထိုး လဲလှယ်ပြီး ထောင်သားကို တောင်တံခါးမှထုတ်၍သတ်ပြီး သတ္တုကလူဆိုးကို လွှတ်လိုက်လေသည်။

သတ္တုကလူဆိုးအား သူဌေး၏ကျေးကျွန်များကနံ့သာရေဖြင့်ချိုးစေပြီး အဆင်တန်ဆာတို့ကိုဝတ်ဆင်စေကာ ပြသာဒ်သို့ ပို့ဆောင်သောအခါ သူဌေးသမီးဘဒ္ဒါလည်း မိမိ၏ အလိုဆန္ဒပြည့်ဝပြီဖြစ်၍မိမိကိုယ်ကို အလှပဆုံးဝတ်ဆင်၍ ထိုသတ္တုကလူဆိုးကိုလုပ်ကျွေးပြုစုလေ၏။

သတ္တုကလူဆိုးသည် သူဌေးသမီးဘဒ္ဒါအား ကောင်းမွန်စွာပေါင်းသင်းသွားမည်ဟူ၍ စိုးစဉ်းမျှမစဉ်းစားပေ။ ဘဒ္ဒါ၏ ပစ္စည်းဥစ္စာများကိုသိမ်းပိုက်ရန်သာ ကြံစည်နေလေသည်။ ဘဒ္ဒါနှင့်ပေါင်းသင်းပြီး (၃)ရက်အကြာတွင် သတ္တုကသည် ဘဒ္ဒါအား "ကျွန်ုပ်အသက်ရှင်ပါလျှင် စောရပပါတတောင်စောင့်နတ်မင်းအား ဗလိပူဇော်ပွဲပေးပါမည်ဟူသော ကတိပေးခဲ့ပါသည်"ဟု ပြောသောအခါ ဘဒ္ဒါသည် လင်ယောကျ်ား၏ဆန္ဒကို ဖြည့်ဆည်းလို၍ ဗလိပူဇော်ပွဲများကို ပြင်ဆင်စေပြီး အဆင်တန်ဆာတို့ကိုဝတ်ဆင်လျက် ယာဉ်ရထားဖြင့် စောရပပါတတောင်သို့သွားလေသည်။ သတ္တုကသည် ဘဒ္ဒါနှင့် လိုက်လာသောအဖော်များကို တောင်ခြေ၌နေစေခဲ့

ပြီးဘဒ္ဒါအား ဗလိပူဇော်မည့် ပစ္စည်းများကို သယ်စေလျက် စောရပ ပါတတောင်သို့ တက်လေ၏။

တောင်ပေါ်သို့ရောက်သောအခါ သတ္တုကလူဆိုးသည် ဘဒ္ဒါအား "ဘဒ္ဒါ-ဝတ်လာတဲ့အဆင်တန်ဆာအားလုံး အထုပ်ထုပ်လိုက်"ဟု မိုက်ရိုင်းစွာပြောဆိုလေ၏။ ထိုအခါ ဘဒ္ဒါသည်သတ္တုက၏ ကောက်ကျစ်သောအကြံကို ရိပ်မိသွားသည်။ သို့သော်လည်း ဘဒ္ဒါက "ကျွန်မမှာဘာအပြစ်ရှိပါသလဲ"ဟုချိုသာစွာမေးမြန်းလေသော် သတ္တုက က"ဟယ်-အမိုက်မ၊ငါသည်ဗလိနတ်စာအတွက်ဤတောင်ထိပ်သို့ လာသည်မဟုတ်။ စင်စစ် သင်၏ အဆင်တန်ဆာများကို လုယက်လိုသောကြောင့်လာတာ"ဟု ရင့်သီးစွာပြောဆိုလေ၏။

ထိုအခါ ဘဒ္ဒါသည် ဥပါယ်တမျဉ်ဖြင့် သတ္တုကအား "ကောင်းပါပြီ၊ကျွန်တော်မ၏အလိုဆန္ဒကိုလည်းဖြည့်စေလိုပါတယ်။ ယခု ကျွန်တော်မအား အရှင့်ကိုယ်ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း လှည့်လည်ကာ ဖက်၍ယုယခွင့် ပေးစေလိုပါတယ်" ဟုအလိမ္မာဖြင့်ပြောကာသတ္တုကကိုဟန်ဆောင်လည်ဖက်၍ တောင်ပေါ်မှ ချောက်ထဲသို့ တအားတွန်းချလိုက်လေ၏။ သတ္တုကလည်း တောင်ပေါ်မှ ဒလိမ့်ခေါက်ကွေးကျကာ သေဆုံးလေ၏။

ဤသို့ဖြစ်ပြီးနောက် သူဌေးသမီးဘဒ္ဒါသည် အိမ်မပြန်တော့ဘဲ ဦးတည်ရာသို့သွားရာ တက္ကတွန်းတို့ထံသို့ ရောက်သွားပြီး တက္ကတွန်းဆရာတို့အား ရဟန်းမပြုပေးရန်ခွင့်တောင်းလေသည်။ ဘဒ္ဒါသည် သာသနာဝယ် အမြတ်ဆုံးရဟန်းအဖြစ်သို့ပြုပေးပါလော့ဟူ၍တောင်းပန်ပြီး ဆံပင်ကို ထန်းစေ့ဖြင့်နှုတ်၍ ရဟန်းမ အဖြစ်သို့ ကူးပြောင်းခဲ့လေသည်။ ထိုခေတ်အယူဝါဒကား ကတ်ကျေး၊ ခေါ

တို့ဖြင့် ရိတ်ဖြတ်၍ ရဟန်းပြုပေးလျှင်အညံ့စားရဟန်းပြုခြင်း ဟု ခေါ်သည်။ ဘဒ္ဒါသည် ထန်းစေ့မှုတ်ဖြင့် ဆံပင်နှုတ်၍ ရဟန်းပြုခဲ့ခြင်းကြောင့် နောက်တဖန်ဆံပင်ပေါက်သောအခါ အစုလိုက်အစုလိုက်နားရွှေင်းပမာ ဝိုင်းပတ်၍ပေါက်သောကြောင့် "ကုဏ္ဍလကေသာ"ဟူ၍ခေါ်ဆိုကြလေ၏။

ကုဏ္ဍလကေသာသည် တက္ကတွန်းထံ၌ အလုံးစုံသော အတတ်ပညာကို သင်ယူပြီးနောက် သာလွန်မြင့်မြတ်သော တရားထူးမရှိသည်ကို ဆင်ခြင်မိကာ တက္ကတွန်းတို့ထံမှ ဖယ်ခွာခဲ့၏။ ကုဏ္ဍလကေသာသည် ရွာ၊ နိဂုံး၊ မင်းနေပြည်များသို့သွားရောက်၍ ပညာရှိများကို ရှာကာ တပည့်ခံ၍သင်ယူလေ၏။ ထို့ကြောင့်များစွာသော အတတ်ပညာများတတ်မြောက်ပြီဖြစ်၍ဝါဒပြိုင်မည့်သူ မရှိသလောက်ပင် ဖြစ်လာ၏။

ကုဏ္ဍလကေသာသည် မိမိရောက်ရှိရာရွာ၊နိဂုံးတံခါးဝတို့၌သဲပုံပြုလုပ်ကာ သဲပုံ၌သပြေခက်ကို စိုက်ထူပြီးမိမိအား ဝါဒပြိုင်မည့်သူသည် ဤသပြေခက်ကိုနင်းချေနိုင်ကြောင်း အသိပေးထား၏။ ပြိုင်မည့်သူမရှိလျှင် ထိုသပြေခက်ကိုယူပြီး အခြားအရပ်သို့ဆက်သွားလေသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ရဟန်း၊သံဃာများဆွမ်းခံဝင်ပြီးနောက်မှ ဇေတဝန်ကျောင်းတစ်ခုလုံးလှည့်လည်ပြီး ပစ္စည်းများကို နေရာတကျ ပြုလုပ်ပေးခြင်း၊ သောက်ရေ မရှိလျှင်သောက်ရေထည့်ထားခြင်း၊ အမှိုက်သရိုက်များရှိလျှင်ရှင်းလင်းခြင်း၊ ဂိလာနရဟန်းတို့အား ပြုစုပေးခြင်း စသည့်ပြုမြဲဝတ္တရားတို့ကို ပြုလုပ်ပြီးမှ တစ်ပါးတည်း မြို့တွင်းသို့ ဆွမ်းခံကြွလေသည်။ ထိုအခါ

သဲပုံ၌စိုက်ထားသည့် သပြေခက်ကိုစုံစမ်းရာ အကြောင်းစုံကို သိလေလျှင် သပြေခက်ကို အနီးရှိကလေးများအား နင်းချေဖျက်ဆီးစေ၍ "ဝါဒယှဉ်ပြိုင်မည် လာလော့"ဟုကလေးများအား ကုဏ္ဍလကေသာကို ပြောရန်အသိ ပေးခဲ့လေသည်။

ကုဏ္ဍလကေသာသည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းစားပြီး ထွက်လာရာနင်းချေထားသော သပြေခက်ကိုတွေ့၍အနီးမှကလေးတို့ကိုမေးမြန်းရာ ရှင်သာရိပုတ္တရာကနင်းချေခိုင်းကြောင်း သိရလေသည်။ ထိုအခါ ကုဏ္ဍလကေသာသည် ရှင်သာရိပုတ္တရာမထေရ်ကကြီးမြတ်သောပုဂ္ဂိုလ် ဖြစ်ရမည်ဟု စဉ်းစားပြီး မြို့တွင်းသို့ဝင်၍ ပရိသတ်အား ရှင်သာရိပုတ္တရာမထေရ်နှင့် ဝါဒပြိုင်ဆိုင်မည့် အကြောင်း ပြောကြားရာ အိမ်ခြေရှစ်သောင်းရှိသော သာဝတ္ထိပြည်၌ တဆင့်တဆင့်ဖြင့် ပျံ့နှံ့သွားလေ၏။

ရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းကိစ္စပြီးသည့်နောက် သစ်ပင်ရင်း၌ ထိုင်နေတော်မူလေ၏။ ထိုအချိန်၌ ကုဏ္ဍလကေသာသည် လူအများခြံရံလျက် မထေရ်မြတ်ထံသို့သွားပြီး မိမိသိသမျှဝါဒ အားလုံးမေးလေ၏။ ရှင်သာရိပုတ္တရာမထေရ်မြတ်သည်လည်း အလုံးစုံကို ရှင်းလင်းတော်မူလေ၏။

ထို့နောက် ရှင်သာရိပုတ္တရာက ကုဏ္ဍလကေသာအား မေးခွန်းတစ်ခုကိုမေးလေ၏။"ပရိညာသုံးပါးဖြင့် ပိုင်းခြားမည့် သိရမည့်တရားတစ်မျိုးသည်အဘယ်တရားနည်း"ဟု မေးသော် ကုဏ္ဍလကေသာက "တပည့်တော်မ မသိပါဘုရား" ဟူ၍လျှောက်ထားလေ၏။ မထေရ်က "သင်သည် သာမဏေငယ်များသိသော အရာကိုမှ မသိလျှင်အဘယ်တရားကိုသိမည်နည်း"ဟူ၍မိန့်တော်မူရာ မထေရ်

၏ခြေရင်း၌ဝပ်ဆင်း၍ "အရှင်ဘုရား-တပည့်တော်မသည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏ဘုရား" ဟုလျှောက်ထားလေ၏။ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်က "ငါ့အားကိုးကွယ်ရန်ဟူ၍ဆည်းကပ်ရန်မရှိ၊သတ္တလောကကြီးတစ်ခုလုံး၌ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်၌ သီတင်းသုံးတော်မူလျက် ရှိ၏။ မြတ်စွာဘုရားအားကိုးကွယ်ရာဟူ၍ ဆည်းကပ်လော့"ဟု မိန့်တော်မူလေ၏။

ကုဏ္ဍလကေသာသည် မြတ်စွာဘုရား တရားဟောတော်မူချိန်၌ မြတ်စွာဘုရားထံသွားရောက်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် အပြစ်လွတ်ရာအရပ်၌နေလေ၏။ မြတ်စွာဘုရားသည် ကိလေသာငြိမ်းကြောင်းတရားကို ဟောတော်မူ၏။ တရားဆုံးသွားသောအခါ ကုဏ္ဍလကေသာသည် ပညာရင့်ကျက်သောကြောင့် ရပ်လျက်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိသွားလေ၏။ ထို့နောက်ကုဏ္ဍလကေသာသည် မြတ်စွာဘုရားထံ ဘိက္ခုနီမပြုပေးပါရန် လျှောက်ထားရာ ခွင့်ပြုတော်မူသောကြောင့် ဘိက္ခုနီမကျောင်းတိုက်သို့ သွား၍ရဟန်းမပြုလေ၏။

မြတ်စွာဘုရားရှင်သည် "ရဟန်းတို့. . လျင်မြန်စွာရအပ်သည့် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ရှိကြသည့် ငါဘုရား၏ တပည့်မ ဘိက္ခုနီများစွာတို့အနက် "ဘဒ္ဒါ" မည်သော ကုဏ္ဍလကေသာသည် အသာဆုံး၊အမြတ်ဆုံးဧတဒဂ်ရာထူး၌ ထားတော်မူ၏"ဟူ၍ မိန့်ကြားတော်မူခဲ့လေသည်။

ဩကာသမဂ္ဂဇင်း
အမှတ်(၁)အတွဲ-၂၊၂၀၀၈ခုနှစ်၊ဇန်နဝါရီလ

# “မိုးမှောင်ထဲက ပဋာစာရာ”

ပဋာစာရာသည် ဂေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည်၌ ကုဋေလေးဆယ်ကြွယ်သော သူဌေးကြီး၏တစ်ဦးတည်းသော သမီးရတနာတစ်ဦးဖြစ်လေ၏။ ကဿပမြတ်စွာဘုရားလက်ထက်အခါကလည်း ကိကီမင်းကြီး၏သမီးတော်ဘဝဖြင့် အနှစ်နှစ်သောင်းပတ်လုံး အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းကာ ရဟန်းအပေါင်းအား လုပ်ကျွေးပြုစုခဲ့လေသည်။ ထိုကဲ့သို့သော ကုသိုလ်ကောင်းမှုများကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပေ၏။ ယခုဘဝ၌လည်း သူဌေးကြီးသည် ပဋာစာရာအား ဘုံခုနှစ်ဆင့်ရှိသော စံအိမ်ကြီးပေါ်၌ ရွှေပေါ်မြတင်ထားလေ၏။ တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သောအခါ ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးကြီး၏သားနှင့်လက်ထပ်ပေးရန်စီစဉ်ထားလေ၏။

သို့သော် ပဋာစာရာသည် မိဘနှစ်ပါးက သူဌေးသားနှင့် လက်ထပ်ပေးမည်ကို သိလျက်နှင့် အိမ်မှာ ခိုင်းစေနေသော ‘မောင်ဒါသ’နှင့် ချစ်ကြိုက်ပြီး၊ ခိုးရာလိုက်သွားလေသည်။ ကိုဒါသနှင့် ပဋာစာရာတို့သည် သာဝတ္ထိမှ အလှမ်းဝေးကွာသော အစီရဝတီ

မြစ်တဘက်ကမ်းရှိ တောရွာတစ်ခု၌ လယ်ယာအလုပ်ဖြင့် အသက်မွေးခဲ့ကြလေ၏။ ပဋာစာရာသည် အလွန်ချမ်းသာ၍ လိုလေသေးမရှိပြည့်စုံသောဘဝမှ အလွန်ဆင်းရဲနွံချာသောဘဝသို့ ရောက်ခဲ့ရလေ၏။ ပဋာစာရာကိုယ်ဝန်ရလာပြီး မီးဖွားမည့်အချိန်နီးသော် မိဘတို့ထံ၌ ပြန်၍မီးဖွားမည်ဟု ကိုဒါသအားပြောရာ ကိုဒါသသည် ပဋာစာရာ၏မိဘများက သူ့အား နှိပ်စက်ညှင်းပန်းမည်ကို စိုးရိမ်သောကြောင့် ပဋာစာရာမသွားဖြစ်အောင်အချိန်ဆွဲထားလေသည်။ သို့သော်လည်း ကိုဒါသအား ပူဆာမရသည့်အတွက် ပဋာစာရာသည် သူမတစ်ဦးတည်း မိဘရပ်ထံ ပြန်ခဲ့လေ၏။

ပဋာစာရာအိမ်မှထွက်သွားသည်ကို ကိုဒါသသိသောအခါ နောက်မှ လိုက်လေသည်။ ကိုဒါသသည် ပဋာစာရာအား လမ်းခုလတ်တွင်မီလေသည်။ထိုလမ်းခရီးမှာပင်ပဋာစာရာလည်းပင်ပန်းကြီးစွာဖြင့် သားဦးရတနာကို မွေးဖွားလေ၏။ မွေးဖွားပြီးသော် ကိုဒါသသည် ပဋာစာရာအား ချော့မော့ပြီး အိမ်သို့ ပြန်ခေါ်လာလေသည်။ သားဦးလေးနှစ်နှစ်အရွယ်တွင်ပဋာစာရာလည်း ဒုတိယကိုယ်ဝန် ရလာပြန်၏။ မီးဖွားချိန်နီးလျှင် မိဘရပ်ထံပြန်၍ မွေးဖွားမည်ဖြစ်ကြောင်းကို ကိုဒါသအားပြောလေရာ၊ ကိုဒါသလည်း အချိန်ဆွဲ၍ နေလာခဲ့၏။ မီးဖွားခါနီးအချိန်ရောက်သောအခါ ပဋာစာရာလည်း သားဦးလေးကိုခေါ်ကာ မိဘရပ်ထံသို့ပြန်လေသည်။ ကိုဒါသသိသောအခါ နောက်မှလိုက်လျှင်၊ လမ်းခုလတ်၌ ပဋာစာရာကိုမီလေ၏။ တားမရသည့်အဆုံးသာဝတ္ထိသို့ သွားရန် သဘောတူပြီး ခရီးဆက်ခဲ့ကြလေသည်။ ထိုအခါ မိုးကြီးလေကြီး ကျလာသဖြင့် ပဋာစာရာတို့မိသားစုသည် သစ်ပင်ကြီးတစ်ပင်အောက်တွင် ခို

နားနေကြလေသည်။ ထိုအချိန်၌ ပဋာစာရာ၏ ကိုယ်ဝန်မှာ ကမ္မဇ လေလှုပ်ရှားလာသောကြောင့် မိုးလေလုံခြုံသော နေရာတစ်ခု ဖြစ် ရန်ကိုဒါသသည် သစ်ကိုင်းသစ်ရွက်များကိုသွားခုတ်လေ၏။ တောင် ပို့တစ်ခုအနီးအနားရောက်သော် ကိုဒါသ၏ ခြေထောက်ကို မြွေ ပေါက်လိုက်သောခဏမှာပင် ကိုဒါသ လဲကျ၍သေဆုံးလေ၏။ ကိုဒါသ ပြန်အလာကိုစောင့်မျှော်ရင်း ပဋာစာရာ မှာ မိုးထဲလေထဲ မှာပင် ဒုတိယသားလေးကို ဆင်းရဲစွာမွေးခဲ့ရလေ၏။

နောက်နေ့မနက်၌ ပဋာစာရာသည် ကိုဒါသအားလိုက်ရှာ သောအခါ မြွေကိုက်၍တစ်ကိုယ်လုံးညိုမဲပြီးသေဆုံးနေသောကိုဒါသ အလောင်းကိုသာ တွေ့ရလေ၏။ ပဋာစာရာလည်း ဝမ်းနည်းပက် လက်နှင့် မိဘရပ်ထံသို့ခရီးဆက်ခဲ့လေ၏။ ချောင်းတစ်ခုသို့ ရောက် သောအခါ ညကရွာထားသည့် မိုးရေအရှိန်ကြောင့် အလွန်ရေစီး သန်လျက်ရှိ၏။ ပဋာစာရာသည် သားကြီးကို ဒီဘက်ကမ်း၌ ခေတ္တ ထားခဲ့ကာ သားငယ်ကို တစ်ဖက်ကမ်းသို့ ပို့လေ၏။ တဖက်ကမ်း ၌သားငယ်ကို ချထားခဲ့၍ ချောင်းတဖက်ကမ်းသို့ ဖြတ်ကူးနေစဉ် သားငယ်ကို အသားထစ်ထင်မှတ်ပြီး စွန်ကြီးတစ်ကောင်က ထိုး သုတ်၍ ချီသွားလေသည်။ ပဋာစာရာက ချောင်းလယ်မှ စွန်ကြီးက လန့်ပြီးသားငယ်ကိုပစ်ချစေရန် လက်နှစ်ဖက်ကိုဝှေ့ယမ်း၍ချောက် လှန့်လေသည်။ပဋာစာရာလက်ဝှေ့ယမ်းသည်ကို မြင်သောသားကြီး သည် သူ့ကိုခေါ်သည်အထင်နှင့် ရေထဲသို့ဆင်းလာရာ ရေစီးသန် သောချောင်းရေတွင်မျောပါသွားလေ၏။ စွန်ကြီးကလည်းသားငယ် ကို ပြန်မချ၊ သားကြီးကလည်းရေထဲပါသွားသဖြင့် တချိန်တည်း မှာပင် သားနှစ်ယောက်ဆုံးလေ၏။ လင်လည်းဆုံး၊ သားနှစ်ယောက်

လည်း ဆုံးရှုံးသွားသော ပဋာစာရာသည် ဆောက်တည်ရာမရ ဖြစ်ပြီး၊ မိမိ၏ပရိဒေဝမီးတို့ကို ရင်ဝယ်ပိုက်ကာ မိဘနှစ်ပါးထံသို့ သွားလေ၏။ မိဘနှစ်ပါးနှင့်တွေ့သော် မိမိ၏ပရိဒေဝမီးတို့ကို မိဘတို့၏ အေးမြသော မေတ္တာရိပ်ဖြင့် ငြိမ်းသတ်နိုင်ပေလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် သာဝတ္ထိသို့ ဆိုက်ရောက်လေ၏။ သာဝတ္ထိသို့ ရောက်လျှင်ရောက်ချင်းပင် ယမန်နေ့က လေကြီးမိုးကြီးကျသောကြောင့် တိုက်အိမ်ကြီးပြိုကျကာ မိဘနှစ်ပါးနှင့်မောင်တို့ သေဆုံးသွားကြောင်း သိရလေ၏။ ပဋာစာရာမှာ ပရိဒေဝမီးတို့ကို မငြိမ်းသတ်နိုင်သည့်အပြင်၊ နောက်ထပ်မီးများသာ ပို၍တိုးလာသောကြောင့် မခံရပ်နိုင်တော့ဘဲ၊အရူးမဘဝသို့ ရောက်ခဲ့လေ၏။ ပဋာစာရာ၏ ကိုယ်၌ အဝတ်မပါဘဲ ခြေဦးတည့်ရာ သွားနေလေတော့သည်။

တစ်နေ့သော် ဇေတဝန်ကျောင်းတိုက်၌ မြတ်စွာဘုရားသည် ပရိသတ်လေးပါးအား တရားဟောတော်မူလျက်ရှိစဉ် ပဋာစာရာလည်း ပရိသတ်အနီးသို့ သွားလေသည်။ အချို့လူများက အဝတ်မပါသောအရူးမ ပဋာစာရာအား နှင်လွှတ်ကြသော်လည်း ဘုရားရှင်က လာရန်ခွင့်ပြုတော်မူလေသည်။ ဘုရားရှင်သည် မဟာဂရုဏာပြည့်လျှမ်းလျက် အေးမြသောအသံတော်ဖြင့် ပဋာစာရာအား "ချစ်သမီး၊ သတိထားလော့၊သတိထားလော့" မိန့်ကြားတော်မူရာ ပဋာစာရာသည် အသိတရားပြန်ဝင်လာလေ၏။ သတိပြန်ဝင်လာမှပင် အရှက်တရားရှိစွာဖြင့် မြေပေါ်သို့ ထိုင်ချလိုက်ရာ၊ အနီးရှိယောကျ်ားတစ်ယောက်ကအပေါ်ဝတ်ရုံကို ချွတ်၍ပေးလိုက်သောအခါ၊ ပဋာစာရာမှာ ဣန္ဒြေရစွာဖြင့် တရားနာခွင့်ရရှိသွားလေသည်။ မြတ်စွာဘုရားသည် ပဋာစာရာ၏ သောကမီးများ ငြိမ်းစေ

ရန် တရားရေအေးတိုက်ကျွေးတော်မူလေ၏။

"ချစ်သမီး ပဋာစာရာ၊ အဘယ်ကြောင့် ပူဆွေးတမ်းတနေသနည်း။ အဆုံးမရှိသော သံသရာ၌ လင်၊ သား၊ မိဘတို့သေ၍ ငိုကြွေးရသောသင်၏မျက်ရည်များသည် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့ထက်ပင် များ၏။ ချစ်သမီး၊ သေမင်းနှင့်ရင်ဆိုင်ရာတွင် သား သမီး၊ ဇနီးခင်ပွန်းတို့သည်လည်းကောင်း၊ မိဘဆွေမျိုးမိတ်သင်္ဂဟတို့သည်လည်းကောင်း မည်သို့မျှ အကာအကွယ် မပေးနိုင်ကြကုန်။ သေခြင်းမှ လွတ်ကင်းလိုသူသည် သီလကိုစောင့်ထိန်းလျက် ဒုက္ခငြိမ်းကြောင်းလမ်းစဉ်ကို မိမိကိုယ်တိုင်ရှာမှီးအပ်ပေသည်"ဟု ဟောတော်မူလေသည်။

မြတ်စွာဘုရား၏တရားတော်များကို နာကြားရင်းပင် ပဋာစာရာသည် ဆင်းရဲခြင်းကို ဆင်ခြင်သုံးသပ်ပြီး သောတာပန်အဖြစ် ဆိုက်ရောက်လေသည်။ ထို့နောက် ဘိက္ခုနီအဖြစ်ခံယူပြီး မကြာမီပင် ရဟန္တာထေရီမအဖြစ်သို့ ရောက်ခဲ့လေ၏။

ဘိက္ခု၊ ဘိက္ခုနီမတို့ လိုက်နာကျင့်ဆောင်ရန်ညွှန်ကြား သော ဝိနည်းဆိုင်ရာ အထွေထွေစည်းကမ်းများမှာ ကုဋေကိုးထောင်ကျော်မျှ ရှိသည်ဟု သိရလေသည်။ ဘိက္ခုတို့ စောင့်ထိန်းလိုက်နာအပ်သည့် သိက္ခာပုဒ် (၂၂၇)ပုဒ်၊ ဘိက္ခုနီတို့စောင့်ထိန်းလိုက်နာအပ်သော သိက္ခာပုဒ် (၃၁၁)ပုဒ်တို့ကို မြတ်စွာဘုရားရှင်က သာသနာတော်ရှည်မြင့်စွာ တည်တံ့နိုင်စေရန်ပညတ်တော်မူခဲ့လေ၏။ ဝိနည်းသိက္ခာပုဒ်သည် သာသနာတော်၏ အသက်ဖြစ်ပေ၏။ ဘိက္ခုနီလောက၌ ဝိနည်းသိက္ခာပုဒ်များကို သင်ကြားအားထုတ်ရာ၌ အထင်ရှားဆုံးပုဂ္ဂိုလ်မှာ ပဋာစာရာထေရီဖြစ်ပေ၏။

ပြုံး-စာပေ

ပဋာစာရာသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်၌ ဝိနည်းဆောင်ဧတဒဂ်ရသော ဘိက္ခုနီတစ်ပါးကို အားကျ၍ အလွန် ထူးကဲသောကုသိုလ်များပြုလုပ်၍ ဆုတောင်းခဲ့သူတည်း။ ပဋာစာရာ ထေရီကား ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ဝိနည်းဆောင် 'ဝိနယဓရ'ဧတဒဂ်ဘွဲ့ကို ရရှိတော်မူခဲ့လေသည်။

## ဇရာရင့်မှထေရီဖြစ်သူ -သောဏာ

ရီဝေသောမျက်လုံးအစုံဖြင့် အဝေးသို့လှမ်းမျှော်ကြည့်ရင်း မိမိဘဝဖြစ်အင်တို့ကို ပြန်လည်တွေးကြည့်နေမိသည်။ မိမိမှာ ဘိက္ခုနီဝတ်နေသည့်ပစ္စုပ္ပန်ကာလ၌လည်း စိတ်အေးချမ်းသာမှု မရနိုင်ဘဲ ရှိနေရခြင်းကို ဝမ်းနည်းမိ၏။ လူ့ဘောင်ဘဝနေစဉ်က မိမိမှာ သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်သည့်အပြင် မိမိ၏ခင်ပွန်းသည်လည်း သူဌေးသားပင်ဖြစ်၍ ဂုဏ်ချင်းထပ်မြတ်ခဲ့ပါ၏။ သို့သော်လည်း မိမိခင်ပွန်းသည် သားသမီးတကျိပ်ထွန်းကားပြီးနောက် သားသမီးများ ဥမမယ်စာမမြောက်အချိန်မှာပင်ဂေါတမမြတ်စွာ ဘုရား၏ သားတော်အဖြစ် ရဟန်းဘဝသို့ ခံယူသွားခဲ့ပြီးလေပြီ။ မိမိမှာ သားသမီးတကျိပ် ထွန်းကားခဲ့၍ 'ဗဟုပုတ္တိက-သောဏာ'ဟူ၍ အများက ခေါ်ဝေါ်ခဲ့ကြသည်။ မိမိတစ်ယောက်ထဲ အိမ်ယာတည်ထောင်သော လူ့ဘောင်၌ သားသမီးတကျိပ်ကိုပြုစုစောင့်ရှောက်ခဲ့ပါ၏။ မိမိရင်နှစ်သည်းချာ သားသမီးရတနာတို့အား မိမိကိုယ်ထက်ပင် ဂရုစိုက်ခဲ့ပါ၏။ ချစ်မြတ်နိုးခဲ့ပါ၏။ နို့ချိုတိုက်ကျွေးချိန်၌ နို့ချိုတိုက်ကျွေးခဲ့၏။ထိုအရွယ်လွန်မြောက်ပြန်လျှင်လည်း ပျော့သော စားဖွယ်ရာတို့ကိုခွံ့၍ ကျွေးမွေးပြုစုခဲ့၏။ ထိုအရွယ်လွန်မြောက်

ပြန်လျှင်လည်းထမင်းပူဆာလျှင်ထမင်း၊မုံ့ချိုပူဆာလျှင်မုံ့ချို၊ အဖွယ်ဖွယ်သောစားစရာများဖြင့် တလီကျွေးမွေးပြုစုခဲ့၏။ အေးသောရာသီ၌ နွေးသောအဝတ်အထည်တို့ကို စီမံပေး၏။ ပူသောရာသီရောက်ပြန်သည့်အခါ အေးသောအဝတ်အထည်တို့ကိုစီမံပေး၏။ ထိုထိုသောယုယတို့ကိုပြုံးရွှင်သောနှလုံးဖြင့် ဆောင်ရွက်ခဲ့ပါ၏။ သားသမီးတို့အတွက် ဆောင်ရွက်ပေးစဉ်လည်း စိတ်နှလုံးမသာယာခြင်း၊ ငြီးငွေ့ခြင်းအလျဉ်းမဖြစ်ခဲ့ပေ။ ပီတိအစဉ်ဖြင့်သာ ရှိခဲ့ပါ၏။

သူတို့လေးတွေ အရွယ်ရောက်လာပြီဆိုတော့လည်း လက်ထပ်ထိမ်းမြားပေးကာ အိမ်ထောင်ချထားပေးပါ၏။ မိမိချမ်းသာသမျှသော စည်းစိမ်ဥစ္စာတို့ကိုလည်း မိမိအတွက်စိုးစဉ်းမျှ မချန်ပါဘဲ ခွဲဝေပေးခဲ့ပါ၏။ သို့ပါသော်လည်း သားသမီးတို့အိမ်၌ တစ်လှည့်စီနေရသောဘဝရောက်သည့်အခါ နှစ်ရက်သုံးရက်မျှ ကြာလျှင်ပင် ငြီးငွေ့လာကြ၏။ စောင်းမြောင်းလာကြ၏။ ခွံ့ရှာလာကြ၏။ သူတို့၏ ပစ္စည်းဥစ္စာ စိုးစဉ်းမျှလျော့ကျမည်ကို ကြောက်ကြ၏။ သြော်. . ကိုးလလွယ် ဆယ်လမွေးခဲ့သည့် မိခင်အပေါ်မှာပင် စေတနာ မရှိကြပါကလား။ မိမိထက် အရေးကြီးသောအရာများရှိနေကြပါကလားဟုစိတ်နှလုံးထဲ၌အထပ်ထပ်စကားဆိုမိ၏။ယခုမူ သားသမီးတို့ကျွေးမှ စားရမည့်ဘဝ၊ သားသမီးတို့ပြုသမျှ နရမည့်ဘဝမို့ ကြာလေလေ မိမိကိုယ်မိမိ ညှိုးနွမ်းအားငယ်လာလေလေဖြစ်မိသည်။ သမီးကလည်း မိမိထက် လင်သားကို ပို၍ဦးစားပေးပေတော့မည်။ သားကလည်း မိမိထက် မယားကို ပို၍ ဦးစားပေးပေတော့မည်။ မိမိမှာသာ အထီးကျန်၊ အပယ်ခံမကြီးဖြစ်ရပြီ။

သားသမီးတို့က မရှိမသေလုပ်လာသည်ကို အသဲဖျတ်

ဖျတ်ခါနာလှသည်။သို့ပေမဲ့သူတို့လေးတွေကိုအပြစ်မယူခဲ့။ ဤအရာသည် လောကဓမ္မတာဖြစ်မည်ဟူ၍ပင် စိတ်နှလုံးထဲ၌ ဖြေဖျောက်ခဲ့၏။ မိမိမှာ လူ့ဘောင်ဘဝထဲမှာလည်း မနေလိုတော့၍ ဘိက္ခုနီဝတ်သည့်အခါ'ဗဟုပုတ္တိက-သောဏာထေရီ'ဖြစ်လာရ၏။ ဤသို့ရဟန်းမ ဖြစ်ချိန်မှာ တတိယအရွယ်ရောက်ပြီမို့ ငယ်သော ဘိက္ခုနီမတို့က လှောင်ပြောင်ကြ၏။ မလေးမစားဆက်ဆံကြ၏။ ဝတ်ကြီးဝတ်ငယ်တို့ကိုပြုလုပ်ရန် စေခိုင်းကြ၏။ မိမိက ဗွေမယူပါဘဲပြုလုပ်ပေးခဲ့ပါ၏။ မတော်တဆမှားယွင်းသည့်အခါ ဘိက္ခုနီတို့၏ကျင့်ဝတ်ကို မသိရကောင်းလောဟု အပြစ်ဒဏ်လုပ်ခိုင်း၏။ ထိုအခါ မိမိသားသမီးတို့ကမြင်ပြန်လျှင် ဘိက္ခုနီအိုကြီးဖြစ်ပြီး ဒီလောက်တောင် မသိရသလောဟု သမီးတို့ကလည်း ပျက်ရယ်ပြုကြ၏။

သောဏာထေရီမကြီးသည် မိမိဘဝကို တွေးတောပြီး သံဝေဂကြီးစွာရလျက် မိမိသည် ဤသို့ပြစ်တင်သံ၊ ပျက်ရယ်ပြုသံတို့ကိုမကြားလို၊မသိလိုတော့။ မိမိသည် ဘိက္ခုနီအိုဘဝရောက်လာသည်ဖြစ်လင့်ကစား တရားကိုမလျှော့သောလုံ့လဖြင့် ကြိုးစားအားထုတ်တော့မည်ဟု တစ်ခုတည်းသော ဆုံးဖြတ်ချက်ဖြင့် စိတ်နှလုံးကို ဒုံးဒုံးချလိုက်သည့်အဆုံး ပေါ့ပါးကြည်လင်သွား၏။

ထို့နောက် သောဏာထေရီမကြီးသည် ထိုင်သောနေရာ၊ ရပ်သောနေရာတို့၌ သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီးဖြန်း၍ မလွတ်သောသတိဖြင့်နေ၏။ ဘိက္ခုနီတို့၏ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်နေရင်းပင် ညဥ့်သုံးယံပတ်လုံးရဟန်းတရားကို ပွားများအားထုတ်လေတော့၏။ ကျောင်းအတွင်းပြဿဒ်၏တိုင်လုံးကြီးကို လက်ဖြင့် မလွှတ်တမ်းကိုင်ပြီး တရားအားထုတ်၏။ စင်္ကြံလျှောက်

လျှင်လည်း မှောင်မိုက်ထဲ၌ မမြင်မစမ်းနှင့် မိမိဦးခေါင်းနှင့်သစ်ပင်တို့ တိုက်မိမည်စိုး၍ သစ်ပင်တို့ကိုလက်မှ စမ်းသပ်ကိုင်တွယ်လျက်စင်္ကြံလျှောက်ကာ ရဟန်းတရားကို အားထုတ်၏။ မအိပ်မနေ လုံ့လကြီးစွာ ရဟန်းတရားကိုပွားများ အားထုတ်သည့်အတွက် ဝီရိယထက်သန်ပြင်းထန်သော သောဏာထေရီ 'အာရဒ္ဓဝီရိယ-သောဏာထေရီ'ဟုပင်ထင်ရှားလာခဲ့၏။

ဤနေ့ကား အခြားဘိက္ခုနီမများသည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကြမည်ဖြစ်၍ အုပ်စုလိုက်သွားဖို့ ပြင်ဆင်ကြရင်း သောဏာထေရီမကြီးအား ဘိက္ခုနီအတွက် ရေနွေးကြိုခိုင်းခဲ့လေပြီ။ သောဏာထေရီအိုကြီးသည် ရေနွေးကြိုရန် မီးမမွေးမီရေအိုးကို မီးဖိုခုံပေါ် တင်ထားလိုက်ပြီး၊ လူးလားခေါက်ပြန် စင်္ကြံလျှောက်ရင်း သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကိုရွတ်၍ ဝိပဿနာကမ္မဋ္ဌာန်းပွားများနေလေ၏။ ထိုစဉ်မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်အတွင်း နေထိုင်တော်မူရင်း 'အသက်တစ်ရာရှည်ပင်ရှည်ငြားသော်လည်း ထိုသူသည် လောကုတ္တရာတရားကို မသိသူဖြစ်အံ့။ ထိုသူထက် လောကုတ္တရာတရားကိုသိပြီး တစ်ရက်တာမျှနေထိုင်ရသောသူကပို၍မြတ်၏"ဟူ၍ ဟောကြားတော်မူလေသည်။

ထိုတရားအဆုံး၌ သောဏာထေရီကြီးသည် ရဟန္တာဖြစ်သွားလေပြီ။ ထိုအခါ သောဏာထေရီကြီးသည် မိမိရဟန္တာဖြစ်သွားသည်ကိုအခြားသောဘိက္ခုနီများကမသိဘဲမထီမဲ့မြင်ပြောကြားလျှင်သော်လည်းကောင်း၊ ခိုင်းစေလျှင်သော်လည်းကောင်း အကုသိုလ်ဖြစ်သွားမည်ကိုစိုးရိမ်သောကြောင့် သူတစ်ပါးသိနိုင်စေရန် လုပ်ဆောင်လေသည်။

ပြုံး-စာပေ

သို့ဖြစ်၍ မကြာမီက အခြားဘိက္ခုနီမငယ်တို့က ရေနွေးကြို ရန်ခိုင်းစေခဲ့သည့်ရေအိုးကို မီးဖိုခုံပေါ်၌သာ တင်ထားပြီး မီးမမွှေးဘဲ ပကတိအတိုင်းသာ ထားလေသည်။ ဘိက္ခုနီမငယ်တို့သည် ဇေတဝန်ကျောင်းမှပြန်ရောက်လာသော အခါ မီးဖိုပေါ်၌ မီးမွှေး၍ ရေနွေးကြိုသည်ကို မမြင်ရသောကြောင့် 'ဤအဖွားကြီးကို ဘိက္ခုနီများအတွက် ရေနွေးကြိုထားပါဟု မှာထားလျက်မလုပ်ဆောင်ပါတကား'ဟု အပြစ်တင်ကြလေသည်။ ထိုအခါ သောဏာထေရီအိုကြီးက 'ရှင်မတို့-မီးဖြင့်ဘာကိုလုပ်ဆောင်မည်နည်း။ ရေနွေးဖြင့်ရေချိုးလိုသော ဘိက္ခုနီမတို့သည် ရေအိုးထဲမှ ရေကိုခပ်ယူ၍ချိုးကြပေ'ဟု ပြောကြားသောအခါ ဘိက္ခုနီမတို့သည် အံ့ဩသွားကြလေ၏။ ထိုသို့ပြောသည်မှာ အကြောင်းထူးရှိရမည်ဟု တွေးတောလျက် ရေအိုးရှိရာသို့သွား၍ လက်ဖြင့်စမ်းကြည့်သောအခါ ပူနွေးသောရေတို့ကို ထိတွေ့ရလေသည်။ ထို့နောက်အခြားသောအိုးလွတ်ဖြင့် ဖိုခုံပေါ်တင်ထားသည့်အိုးထဲမှ ရေကိုခပ်ယူကြ၏။ ထိုသို့ခပ်ယူသော်လည်းရေသည် နဂိုရ်အတိုင်းပြည့်မြဲပြည့်နေသည်ကို တွေ့ရသောအခါမှသာ သောဏာထေရီအိုကြီးသည် ရဟန္တာဖြစ်ကြောင်းသိရှိကြကာ ဝါငယ်သော ဘိက္ခုနီမတို့သည် တည်ခြင်းငါးပါးဖြင့် ရှိခိုးဦးခိုက်ပြီးနောက် မထီမဲ့မြင်ပြုမူပြောဆို၍ ခိုင်းစေခဲ့သည့်အပြစ်တို့ကို တောင်းပန်စကားပြောကြား၍ကန်တော့ကြလေ၏။

သောဏာထေရီမကြီးက ရှေးအကြောင်းကိုပြန်၍ ကြည့်သောအခါ မိမိသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်က ဟံသာဝတီနေပြည်တော်၌သူဌေးသမီးဖြစ်စဉ်မြတ်စွာဘုရားသည် ဘိက္ခုနီမ တစ်ပါးကိုလုံ့လဝီရိယပြင်းထန်သောအရာတွင်အသာဆုံးအမြတ်

ဆုံးဇေတဒဂ်ရာထူးကိုပေးတော်မူသည်ကိုမြင်၍အားကျပြီး ပဒုမုတ္တရဘုရားထံ ဆုတောင်းခဲ့ရာ မြတ်စွာဘုရားက ဗျာဒိတ်ပေးတော်မူခဲ့လေ၏။

ထို့ကြောင့်ကမ္ဘာတစ်သိန်းကြာ လူ့ပြည်၊နတ်ပြည်တို့၌ ကျင်လည်ခဲ့ပြီး၊ဂေါတမမြတ်စွာဘုရားလက်ထက်၌ ဝီရိယထက်သန် ပြင်းထန်သောအရာ၌ အသာဆုံး-အမြတ်ဆုံး ဇေတဒဂ်အရာကိုရတော်မူခဲ့သည့် 'သောဏာထေရီ'ဖြစ်လေသည်။

ကျမ်းကိုး
မဟာဗုဒ္ဓဝင် ဂန္ဓဝင်မဂ္ဂဇင်း၊
ဆဋ္ဌမတွဲ-ဒုတိယပိုင်း အမှတ်(၃၂)၊၂၀၀၄-ခုနှစ်၊ဩဂုတ်လ

# အာဂဆာဝါ

ရလာသည့်လူ့ဘဝခဏတာသည် အလွန်တိုတောင်း၊ မြန်ဆန်လွန်းလှသည်ဟု ဆိုသော်လည်း ဤလူ့ဘဝတခဏ၌ ဖြစ်ပျက်ပြောင်းလဲမှုတို့က များလှစွာ၏။ သံယောဇဉ်အနှောင်အဖွဲ့တို့ဖြင့် ချည်နှောင်ရစ်ပတ်နေလျက် အချစ်-အမုန်းတို့ဖြင့် ရောထွေးနေလျက် ရှိချေ၏။ ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်းတို့မှ မလွန်ဆန်နိုင်သည့် သဘောရှိသည်။ ဤသဘောသဘာဝကို ဆန့်ကျင်ပယ်ဖျက်၍မရ။ ပိတ်ပင်တားဆီး၍မရဘဲ ရှိချေသည်။

ပြောင်းလဲတတ်သော၊ ရှုပ်ထွေးပွေလီလှသော လူ့ဘောင်မှ ပယ်ခွာ၍ သံယောဇဉ်အနှောင်အဖွဲ့တို့မှ ရုန်းထွက်နိုင်သူများ ရှိသည့်အထဲတွင် စာပါ(သို့မဟုတ်)ဆာဝါဆိုသူ အာဂအမျိုးသမီးတစ်ဦးသည် ဗုဒ္ဓလက်ထက်တော်တွင် ပေါ်ပေါက်ခဲ့သည်။

စာပါ၏ဇာတိမှာ မဂဓတိုင်း ဝင်္ကဟာရရွာဖြစ်ပြီး ပျိုရွယ်စဉ်က သူမသည် ကွမ်းတောင်ကိုင်အပျိုချော ဖြစ်ခဲ့သည်။ သူမ၏ မိခင်မှာ စာပါသုံးနှစ်လောက်ပင် ကွယ်လွန်ခဲ့သည်။ မိတဆိုးသမီးလေးမို့ ဖခင်ကအလွန်ချစ်မြတ်နိုးခဲ့သည်။ သူမဖခင်မှာ တောလိုက်မုဆိုးကြီးစဏ္ဍာမိဖြစ်သည်။ မုဆိုးကြီးစဏ္ဍာမိသည် သမင်၊ဒရယ်

စသော တောကောင်တို့ကို ဖမ်းဆီးသတ်ဖြတ်၍ အသားများကို ရောင်းချကာ စီးပွားရှာခဲ့သည်။

မုဆိုးကြီးစဏ္ဍာမိသည် လက်စွဲတော်ဒူးလေးကို အလွန်မြတ်နိုးခဲ့သလို သူ၏တစ်ဦးတည်းသောချစ်သမီးကိုလည်း အလွန်ပင် မြတ်နိုးသည်။ သူ၏ချစ်သမီးသည် ဖြူဖြူဖွေးဖွေး သေးသေးသွယ်သွယ်လေးမို့ လေးကိုင်းနှင့်တင်စားလျက်'စာပါ'ဟု အမည် ပေးခဲ့သည်။ အပျိုဖော်ဝင်လာသောအခါ ဖွံ့ထွားလာသဖြင့် လေး ကိုင်းနှင့်မတူ၊ မျှစ်စို့နှင့်တူသောကြောင့် ကာလသားတို့က 'ဆာဝါ'ဟု ခေါ်ခဲ့လေသည်။

ဆာဝါသည် မုဆိုးသမီးဖြစ်သော်လည်း ကြမ်းကြမ်းတမ်းတမ်းဘဝဖြင့်မနေရဘဲ နုနုနယ်နယ် လှလှပပနေခဲ့ရသည်။ ထို့ကြောင့် ဝက်ဟာရရွာနှင့် အနီးတဝိုက်ရှိကာလသားများက ဆာဝါကိုပိုးပန်းခဲ့ကြသည်။ သို့သော်လည်း ဆာဝါဖခင်ကို ကာလသားများက ကြောက်သဖြင့် ဆာဝါအနားကို မသီဝံ့ကြဘဲဖြစ်နေခဲ့ကြသည်။

မုဆိုးကြီးကလည်း သူ့ညီမတော်သူ ဒေါ်သာမိကို ဆာဝါအား ထိန်းကျောင်းရန်၊ အိမ်မှုကိစ္စများကိုပြုလုပ်စီမံရန် ခေါ်ထားသဖြင့် ဆာဝါမှာ ရည်းစားထားဖို့ပင် စိတ်မကူးဘဲနေခဲ့သည်။

တစ်နေ့၌မုဆိုးကြီးစဏ္ဍာမိသည် တောလိုက်ရာမှအပြန် ဥပက အမည်ရှိ အာဇီဝက ရဟန်းတစ်ပါးကိုခေါ်လာခဲ့လေသည်။ ထိုပုဂ္ဂိုလ်မှာ ကိုယ်အောက်ပိုင်းတွင် အဝတ်ပိုင်းတစ်ခုနှင့်စည်းထားပြီး၊ ဆံပင်မှာလည်း လက်လေးသစ်နှင့်ဖြစ်သည်။ မုဆိုးကြီးက ထိုပုဂ္ဂိုလ်အား ကောင်းမွန်စွာနေရာပေးပြီး ဆွမ်းခဲဖွယ်တို့ဖြင့် ကျွေးမွေးစေရန် စီစဉ်စေခဲ့သည်။ ဒေါ်သာမိနှင့်ဆာဝါတို့သည် မုဆိုးကြီး

ယူလာသောအသားများကို ကောင်းစွာချက်ပြုတ်၍ထိုရဟန်းကို ဆွမ်းကပ်ကြရသည်။ ဥပကရဟန်းသည် မုဆိုးကြီးစဏ္ဍာမိထက် ဆယ်နှစ်လောက်ငယ်သည်ဆိုသော်လည်း ညစ်နွမ်းသောအဝတ်၊ ဆံကေသာလက်လေးသစ်နှင့်ဖြစ်နေ၍ အသက်ကြီးသည်ဟု ထင်ရလေသည်။

မုဆိုးကြီးစဏ္ဍာမိမှာ ဥပကရဟန်းသည် စား၊ဝတ်၊ နေရေး ကိစ္စတွေကို အလေးမထား၊ ရသမျှနှင့်ရောင့်ရဲခြိုးခြံ နေထိုင်သည် ဟုဆိုကာ အတော်ပင်ကြည်ညို၍နေခဲ့လေသည်။ ထို့ကြောင့် ဥပက ကိုအခြားသောနေရာများသို့ လှည့်လည်၍မသွားခိုင်းတော့ဘဲ ရွာ အရှေ့ဘက်၌ ထရံကာ၊ ထန်းရွက်မိုး၊ကျောင်းတစ်ဆောင်ကို အလျင် အမြန် ဆောက်လုပ်၍နေစေသည်။

ဆွမ်းစားချိန်တွင်မုဆိုးကြီးအိမ်သို့ ကြွ၍စားစေသည်။ ဒေါ်သာမိနှင့်ဆာဝါသည်လည်း ဥပကအား နေ့စဉ်ဆွမ်းကပ်ရ သည့် တာဝန်ကျသော်လည်း ဖခင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မညည်းမညူ ချက်ပြုတ်ခဲ့ကြလေသည်။

တစ်ချိန်တွင် မုဆိုးကြီးစဏ္ဍာမိသည် အပေါင်းအဖော်များ နှင့်အတူ အတော်ဝေးကွာသော တောနက်ထဲသို့ တောလိုက်သွား မည်ဖြစ်ရာ တစ်ပတ်ခန့်ကြာမည်ဟု ဆိုကာ ဥပကရဟန်းကိုလည်း ဂရုတစိုက် ဆွမ်းကပ်ရန်မှာကြားခဲ့လေသည်။

မုဆိုးကြီးထွက်သွားပြီး တတိယမြောက်နေ့တွင် ဒေါ်သာမိ နေမကောင်းဖြစ်၍ အိမ်ခန်းထဲ၌အိပ်နေစဉ် ဆာဝါသည် ချက်ပြုတ် ပြီး၍ရေချိုး၊အမွှေးနံ့သာလိမ်းကျံ၍ သစ်လွင်သော အဝတ်အစား များဝတ်ဆင်ပြီး ဖခင်၏အကျီကိုချုပ်နေရင်း ဥပကရဟန်းကို ဆွမ်း

ကပ်ရန်စောင့်နေလေသည်။ ထိုစဉ်ခြေသံကြားသဖြင့် ထိုနေရာမှ ရုတ်ချည်းထလိုက်ရာ ခပ်လျော့လျော့ဝတ်ထားသောလုံချည်မှာ ပေါင်လယ်အထိ လျှောကျသွားသည်။ ဆာဝါမှာ ရုတ်တရက် တစ်ကိုယ်လုံးတုန်ယင်သွားလျက် တံခါးဝဆီသို့ ကြည့်လိုက်ရာ ဥပကကို တွေ့လိုက်ရလေသည်။

ဆာဝါသည် ဥပကရဟန်းအားဆွမ်းကပ်စဉ်အတော်လေး ရှက်ရွံ့နေလေသည်။ ဥပကရဟန်းသည်လည်းနေ့စဉ် ဆွမ်းဘုဉ်းပေးသကဲ့သို့ မြိန်မြိန်ယှက်ယှက် ဘုဉ်းမပေးဘဲ ဆာဝါကိုခိုးကြည့်ပြီး စိတ်မသက်မသာဖြစ်နေသည်ကို ဆာဝါ ရိပ်မိသွားသည်။ ထို့နောက် ဥပကလည်းစကားမပြောဘဲ ပြန်ကြွသွားတော့သည်။

နောက်နေ့များတွင် ဒေါ်သာမိတို့ တူဝရီးနှစ်ဦးတို့ ဆွမ်းပွဲပြင်ဆင်ပြီးစောင့်ခဲ့သော်လည်း ဥပကရဟန်းကား မပေါ်လာဘဲဖြစ်နေလေသည်။ ဆွမ်းပွဲများပြင်ဆင်၍ အချိန်ကုန်အောင်စောင့်သော်လည်း ဥပကကြွမလာသောအခါ ဒေါ်သာမိက ဆာဝါအား "ငါနေမကောင်းဖြစ်ခဲ့စဉ်က ဒီရဟန်းကို မရိုမသေလုပ်မိသလား"ဟု မေးသောအခါ ဆာဝါက ဖြစ်ပျက်ပုံကို အကျိုးအကြောင်းရှင်းပြရလေသည်။

တစ်ပတ်ကြာသောအခါ မုဆိုးကြီးသည် အသားများကို ဈေးတွင်ရောင်းချပြီး အိမ်တွင်ချက်ရန် တောဝက်သား၊ ယုန်သားစသည်တို့ကို ယူဆောင်၍ ပြန်လာခဲ့သည်။ ထို့နောက် ဥပကရဟန်းကို ဆွမ်းမှန်မှန်ကပ်လှူသည်၊ မလှူသည်ကိုမေးမြန်းရာ ဒေါ်သာမိက ဖြစ်သမျှကိုပြောပြလိုက်ရာ မုဆိုးကြီးက ဥပကရဟန်းထံ သွားလေသည်။

ပြုံး–စာပေ

ထို့နောက်မကြာမီပင်စဏ္ဍာမိသည် ဥပကနှင့်အတူ ပြန်ရောက်လာပြီးနောက် ဥပက က ရဟန်းအနေနှင့်မဟုတ်တော့ဘဲ လူအသွင်ဖြင့်ရောက်လာသည်။ ဥပကအားဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်ခြင်း၊ ရေချိုးစေခြင်းတို့ကို ပြုလုပ်စေသည်။ ထို့နောက် မုဆိုးကြီး စဏ္ဍာမိသည် ဥပကယကမျိုးကောင်းရိုးကောင်းလည်းဖြစ်၊ ဆာဝါကို လည်းနှစ်သက်နေသဖြင့် ဥပကနှင့်ဆာဝါအား လက်ထပ်ပေးလိုက် လေသည်။

ထိုအခါ ဝင်္ကဟာရရွာမှ ကာလသားတို့သည် ကွမ်းတောင်ကိုင်နှင့် တက္ကတွန်းရဟန်းလူထွက် ညားသွားကြ၍ မကျေမနပ်ဖြစ်ပြီး မုဆိုးကြီးစဏ္ဍာမိကို ပြစ်တင်ဝေဖန်ကြလေသည်။ ရည်းစားမရှိခဲ့သော၊နှလုံးသားရေးရာကို မခံစားခဲ့ဖူးသော ဆာဝါအဖို့ ထူးထူးခြားခြားခံစားရခြင်း မရှိခဲ့ပေ။ အသက်လေးဆယ်နီးနီးရှိပြီဖြစ်သော ဥပကနှင့်အသက်နှစ်ဆယ်ကျော်ဆာဝါတို့ အိမ်ထောင်ရေးမှာ ဥပက၏ ကြင်နာယုယမှုများကြောင့် သာယာခဲ့သည်။

ဥပကမှာ ရဟန်းလူထွက်ဖြစ်ရကား အစပိုင်းတွင်မနေတတ်၊ မလုပ်တတ်ဖြစ်ခဲ့သော်လည်း ကြာလာသောအခါ ထင်းခွဲ၊ ရေခပ်စသည်တို့ကိုလုပ်ခြင်း၊ မုဆိုးကြီးတောလိုက်သွားသောအခါ နောက်တော်ပါးက တောလိုက်ပစ္စည်းများသယ်ယူ၍ပေးခြင်း၊ ရရှိသော အသားတို့ကိုဈေးသို့ရောင်းချခြင်းစသည်တို့ကိုပြုလုပ်ပေးသည်။

တစ်နှစ်ကြာသော်ဆာဝါသည် သားတစ်ယောက်မွေးဖွားရာ 'သုဘဒ္ဒါ'ဟု ချစ်စနိုးအမည်ပေးထားသည်။ ဆာဝါက ချက်ရေးပြုတ်ရေးလုပ်ရန်မလိုဘဲ ကလေးနှင့်သာနေရင်း ပျော်မွေ့နေခဲ့

သည်။ ဆာဝါသည် သူမ၏လင်သား ပင်ပင်ပန်းပန်းလုပ်ကိုင်ရသည်ကိုကြည့်ပြီး သနားဂရုဏာသက်မိသည်က တစ်ကြောင်း၊ ရဟန်းဘဝမှ လူထွက်၍ မိမိအားယူခဲ့သည်ကိုလည်း နောက်ပြောင်ကျီစယ်လိုသည်ကတစ်ကြောင်းကြောင့် သားလေးကိုချော့သိပ်သော အခါ "မုဆိုးနောက်လိုက်ကိုလူမိုက်ရဲ့သားအိပ်ပါတော့လား၊ သားထမ်းသမားလူ့ဗာလရဲ့ သားအိပ်ပါတော့လား"စသည်ဖြင့် မကြာခဏ ရွတ်ဆိုတတ်လေသည်။ ထိုစကားကို ကြားရသောဥပကယက "ဆာဝါ ငါ့ကိုလာပြီးမစော်ကားနဲ့" ဟု ဝေါက်ငန်း၍ပြောသည်တွင် ဆာဝါကလည်း "မှန်တာပြောတာပဲ၊ ဘာမခံချင်ဖြစ်နေသလဲ" ဟု ပြန်ပြောကြရင်း မကြာခဏ စကားများရန်ဖြစ်တတ်ကြသည်။

တစ်နေ့တွင် ဥပကအိမ်မှထွက်သွားပြီး ညမိုးချုပ်သော်လည်းပြန်မလာသဖြင့် ဆာဝါက စိုးရိမ်တကြီးသူ့ဖခင်ကိုပြောပြလေသည်။ သူ့ဖခင်လည်း အနီးဝန်းကျင်ရှိရွာများသို့ လိုက်လံစုံစမ်းသည့်အခါ ဂယာမြို့မှတစ်ဆင့် သာဝတ္ထိရှိ သူ့မိတ်ဆွေ အနန္တဇိနထံ ထွက်သွားကြောင်း သိရှိရလေသည်။

ထိုသတင်းကို ကြားသိလိုက်ရသော ဆာဝါသည် အတော်ပင်တုန်လှုပ်သွားသည်။ နှစ်ကာလနှင့်ချီ၍ပေါင်းသင်းခဲ့သည့် လင်ယောကျ်ားအပေါ် သံယောဇဉ်ငြိတွယ်မှု မည်မျှရှိကြောင်း သိလိုက်ရသည်။ ဆာဝါသည် ယခုမှပင် ဥပကကို တွေ့ချင်လာသည်။ မိမိ၏ ဝစီကံကျူးလွန်မှုအတွက်တောင်းပန်ချင်သည်။မိမိ၏လင်ယောကျ်ား ဥပကသည် မိမိ၏အိမ်ဦးနတ်၊ မိမိ၏ကျေးဇူးရှင်ဖြစ်ကြောင်း နှလုံးသွင်းမိသည်။

ဆာဝါသည် သုံးနှစ်သားလေး သုဘဒ္ဒနှင့်အတူ သာဝတ္ထိသို့

လိုက်သွားပြီး ဥပကကို တောင်းပန်လိုကြောင်း ဖခင်ထံ ခွင့်တောင်းလေသည်။ မုဆိုးကြီးစဏ္ဍာမိသည် မိမိပေးစားခဲ့သောကြောင့် သမီးလေးဒုက္ခရောက်သည်ဆိုပြီး စိတ်မကောင်းဖြစ်နေလျက် ဂယာအထိ သွားပြီး သမီးဆာဝါတို့သားအမိနှင့်အတူ ဒေါ်သာမိကိုပါ သာဝတ္ထိသွားမည့် လှည်းကုန်သည်အုပ်စုနှင့်အတူ ထည့်လိုက်သည်။

ဂယာမှ သာဝတ္ထိသို့သွားလျှင် ခုနှစ်ရက်ကြာမည် ဖြစ်သော်လည်း ဆာဝါအဖို့ကြာသည်ဟု မထင်လိုက်ပါ။ သာဝတ္ထိသို့သာ ရောက်ချင်ဇောပြင်းပြနေခဲ့သည်။ သာဝတ္ထိသို့ရောက်လျှင်တော့ မိမိလင်ယောကျ်ားကိုတွေ့ပြီး သူ့ခြေအစုံကိုဖက်ပြီး တောင်းပန်မည်။ ထိုအခါ သားလေးသုဘဒ္ဒသံယောဇဉ်ဖြင့် မိမိတို့နှင့်အတူပြန်လိုက်လာမည်ဟူသော မျှော်လင့်ချက်ရောင်ခြည်နှင့်မို့ ခရီးလမ်းတွင် မောပန်းနွမ်းနယ်မှုကိုပင် လျစ်လျူရှုနိုင်ခဲ့သည်။ သာဝတ္ထိသို့ရောက်သောအခါ ဗုဒ္ဓသီတင်းသုံးရာ ဇေတဝန်ကျောင်းတိုက်သို့ဝင်၍ ဥပကအကြောင်းကိုစုံစမ်းရာ ရဟန်းတော်တစ်ပါးက ရှင်ဥပက သီတင်းသုံးရာ ကျောင်းသင်ခန်းကိုညွှန်ပြပေးခဲ့သည်။

ဥပကရဟန်းတော်သီတင်းသုံးသည်ဆိုသော ကျောင်းသင်ခန်းလေးသို့ရောက်လိုဇောဖြင့် ဆာဝါသည် မပြေးရုံတမယ်ခြေလှမ်းဖြင့်သွားရောက်ခဲ့သည်။ ယခုတော့ဖြင့် မိမိ၏အိမ်ဦးနတ်ဖြစ်ခဲ့ဖူးသူသည် ဆာဝါကိုတွေ့ရသော်လည်း လှိုက်လှိုက်လှဲလှဲမရှိ။ ဥပကသည် ရဟန်းဗုဒ္ဓ၏သားတော်အသွင်ဖြင့် တည်ငြိမ်အေးဆေးသောဣန္ဒြေနှင့်ဖြစ်နေသည်ကိုကြည့်ပြီး ဆာဝါ၏ မျှော်လင့်ချက်တို့သည် မနိုးတဝက်၊ နိုးတဝက်အိပ်မက်အဖြစ် မှုံမှုံဝါးဝါးနှင့် ပျောက်ကွယ်သွားခဲ့သည်။ ထိုအခိုက်ရဟန်းတော်ဥပက၏ တည်ငြိမ်ပြည့်ဝသော

အသံပေါ်လာသည်။ "ဒကာမလေး ဆာဝါ၊ ဒီခရီးနဲ့ ဒီခရီးဝေးကွာလှတာဒုက္ခခံပြီးဘာကြောင့်လိုက်လာသလဲ"တဲ့။ ဆာဝါ ဘာပြန်ပြောရမှန်းပင်မသိတော့။ ဝမ်းနည်းမှုတို့က ဆို့တက်လာကာ "တပည့်တော်မ မိုက်မှားမိသမျှခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဘုရား၊ သားလေးသုဘဒ္ဒကိုမငဲ့ညှာတော့ဘူးလားဘုရား"ဟု ရှိခိုးတောင်းပန်ရင်း မျက်ရည်တို့သည် ဒရဟော လျှံထွက်လာလေသည်။ ရဟန်းတော် ဉပကသည် ပြတ်သားသော လေသံဖြင့်-

"သည်းခံပါတယ် ဆာဝါ၊ ကျုပ်ရဲ့အပြစ်ကိုလည်း ဒကာမလေးက ခွင့်လွှတ်ဖို့ကျုပ်တောင်းပန်တယ်။ ခုတော့ သားမယားဆိုတဲ့ အနှောင်အဖွဲ့တွေ မရှိတော့ပါဘူး။ အနန္တဇိနရဲ့ကျေးဇူးကြောင့် အေးငြိမ်းတဲ့တရားကို တွေ့နေရပြီမို့ လူ့ဘောင်ကိုပြန်မလိုက်နိုင်တော့ဘူး"ဟု မိန့်တော်မူလေသည်။

ဆာဝါလည်း ဉပကရဲ့စကားကို ကြားရပြီးနောက် သူ့ကို ဘယ်လိုမှ လူ့ဘောင်ဘဝသို့ ခေါ်၍မရနိုင်တော့မှန်း သိလိုက်ရသည်။ "ဩော်. . သူဟာ ဗုဒ္ဓရဲ့သားတော်အစစ်ဖြစ်သွားပြီပဲ" ဟူသော မှတ်ချက်ချလျက် ရဟန်းတော်ဉပကကိုကြည့်ပြီး ကြည်ညိုစိတ်များတဖွားဖွားပေါ်ပေါက်လာခဲ့သည်။ အို-သူဟာ ယခင်ကလို မုတ်ဆိတ်ကျင်စွယ် ဗရပျစ်နှင့် တက္ကတွန်းရဟန်းမဟုတ်တော့။ တက္ကတွန်းရဟန်းလူထွက် ဆာဝါ၏ လင်ယောကျ်ားမဟုတ်တော့။

မုဆိုး၏နောက်မှလိုက်၍ အသားထမ်းရသောသားထမ်းယောကျ်ားမဟုတ်တော့။ ဦးပြည်စိမ်းစိမ်း၊ သင်္ကန်းဝါလွင်လွင်နှင့်မျက်လွှာချကာ ပကတိအေးချမ်းတည်ငြိမ်သည့် ရုပ်သွင်နှင့် သူ့ကိုလည်း လူ့ဘောင်ဘဝထဲခေါ်ဆောင်ဖို့ စိတ်ဆန္ဒပင် ပျောက်

ကွယ်သွားသည်။ ဆာဝါကိုယ်တိုင်လည်း ပါရမီရှိသော မိန်းမဖြစ်၍ ရုတ်တရက် အသိများလင်းလက်၍ထွက်ပေါ်လာသည်။ ယောကျ်ားသားများက သံယောဇဉ်အနှောင်အဖွဲ့ကို ဖြတ်နိုင်သကဲ့သို့ မိန်းမများလည်း ဖြတ်နိုင်အောင်ကြိုးစားရမည်ဟူသော အသိဉာဏ်ကို ရင်ဝယ်ပိုက်လျက် လင်သားမရှိ၊ သားတစ်ယောက်နှင့် လူ့ဘောင်ဘဝမှာနေရမည်ဟူသောအားငယ်စိတ်များအလိုလို ပျောက်ကွယ်သွားသည်။ထို့နောက်သားငယ်ကိုဒေါ်သာမိထံအပ်နှံလိုက်ခါဘိက္ခုနီကျောင်းသို့ ထွက်ခွာလာခဲ့လေသည်။

ဆာဝါသည် ဘိက္ခုနီမကျောင်း၌ ဥပ္ပလဝဏ် ထေရီမကြီးထံ၌ ဘိက္ခုနီဘဝကိုခံယူပြီး တရားအားထုတ်ရာ မကြာမီပင် တရားထူးတရားမြတ်ကို ရရှိခဲ့လေသည်။ အလွန်ပင်အေးမြ၍ ငြိမ်သက်သောလမ်းကို ဆာဝါလျှောက်လှမ်းနိုင်ခဲ့ချေပြီတကား။

ဂန္ထဝင်မဂ္ဂဇင်း
၂၀၀၂-ခုနှစ်

# သာကီနွယ်ဖွား ဧကရီတစ်ပါး

သူမ၏အမည်က "ရူပနန္ဒာ"။ ကပိလဝတ်နေပြည်တော်၏ အလှဧကရီတစ်ပါး။ သူမသည်လဝန်းကဲ့သို့သောဝင်းအိဖြူစင်သော မျက်နှာမှာကော့ရွန်းသောမျက်တောင်၊ ရွှေသမင်မျက်လုံး၊ ဇင်ယော် တောင်မျက်ခုံး၊လုံးချောညီညာစင်းကျသောနှာတံ၊နှင်းဆီဖူးနှုတ်ခမ်း တို့ နှင့် တင့်တယ်လှပပါပေသည်။ ကျော့ရှင်းသော ခန္ဓာကိုယ်ပေါ် တွင် ရှည်လျားနက်မှောင် ပိတုန်းရောင်ကေသာဆံနွယ်တို့မှာ တင့် လှပေဟန်ရှိပါပေသည်။သူမသည်လှပအောင်အမြဲပြင်ဆင်ခြယ်သ နေသူ၊ အလှဂုဏ်သတင်းလည်းသင်းပျံ့မွှေးထုံသူပါပေတည်း။

ရူပနန္ဒာသည် ဗုဒ္ဓလက်ထက်၌ ကျော်ကြားခဲ့သော "ကပိ လဝတ်နေပြည်တော်"မှ သာကီဝင်မင်းမျိုးနွယ် ဘုရင် သုဒ္ဓေါဒန မင်းကြီးနှင့် မိဖုရားဂေါတမီတို့၏ သမီးရတနာတစ်ပါးဖြစ်သည်။ ဂေါတမဗုဒ္ဓအဖြစ်ပွင့်တော်မူသော သိဒ္ဓတ္ထမင်းသား၏ ညီမတော် လည်းဖြစ်သည်။

ရူပနန္ဒာမင်းသမီးလေးသည် ရွှေနန်းတော်မှ ရွှေလင်ပန်း ဖြင့် အချင်းဆေးကာ မွေးဖွားလာသော နန်းမူနန်းသွေးတို့ဖြင့် တင့်တယ်လှပသည့် သာကီယသမီးပျိုတစ်ဦးဖြစ်သောကြောင့်

တုန်ိုင်းမမို အလှအသရေတို့နှင့်ပြည့်စုံ၍ "ဇနပဒကလျာဏီ"ဟူသည့် အလှဘွဲ့ကိုရရှိသောကြောင့် "ဇနပဒကလျာဏီ"ဟူ၍လည်းခေါ်တွင်လာခဲ့လေသည်။

*ပြစ်မျိုးမှဲ့မထင် လှမှူးခင်ကို*
*သာကီနွယ်မှာ ဖွားသန့်ပါ၍*
*ရွှေနန်းဆောင်ထက် ပျော်တော်ဆက်နှင့်*
*ရတနာအစုံ ပန်းရဂုံဝယ်*
*စုံစုံအလယ် ခမ်းဝါထည်၍*
*ဂီတသံစဉ် လှရေယာဉ်မှာ*
*တင့်တယ်စွာစံမြန်းပါလို့လေး။*

သာကီဝင်မင်းမျိုးတို့၏ထုံးတမ်းစဉ်လာအတိုင်း "ဇနပဒကလျာဏီ"အသက်နှစ်ဆယ်ကျော်အရွယ်၌ မောင်တော်နန္ဒမင်းသားနှင့် ထိမ်းမြားလက်ထပ်ပေးရန် စီစဉ်ကြလေသည်။ လက်ထပ်သောအချိန်၌ သိဒ္ဓတ္ထမင်းသားတောထွက်တော်မူ၍ "ဂေါတမဗုဒ္ဓ" အဖြစ်နှင့် ကပိလဝတ်နေပြည်တော်သို့ ပထမဆုံးအကြိမ် ကြွရောက်တော်မူလာသည်။

ထိမ်းမြားလက်ထပ်ပွဲတွင် ဗုဒ္ဓနှင့်တပည့်ရဟန်း သံဃာတော်များကို ပင့်ဖိတ်၍မင်္ဂလာဆွမ်း လောင်းလှူဆက်ကပ်ကြသည်။ ဗုဒ္ဓသည် ညီတော်နန္ဒမင်းသားအား သပိတ်ကိုထမ်းစေ၍ကျောင်းတော်သို့ခေါ်ပြီးနောက်ချက်ချင်းပင်ရဟန်းပြုပေးခဲ့လေသည်။ ဗုဒ္ဓ၏အဆုံးအမကို မပယ်ရှားလို၍သာ ရဟန်းဝတ်ခဲ့ရသော်လည်း နန္ဒမထေရ်သည် လက်ထပ်ခါစ သတို့သမီး ရူပနန္ဒာထံသို့သာ စိတ်အာရုံတဝဲလည်လည်နှင့် မပျော်ပိုက်ဘဲရှိလေသည်။

ပြုံး–စာပေ

ထိုအကြောင်းအရာကို သိတော်မူသော ဗုဒ္ဓသည် ညီတော်နန္ဒအား မျောက်အိုမကြီးကိုပြ၍ ဇနပဒကလျာဏီနှင့် နှိုင်းယှဉ်ကြည့်ခိုင်းလေသည်။ ထိုအခါ ညီတော်နန္ဒမထေရ်က အလွန်လှပသော အလှဧကရီ ဇနပဒကလျာဏီနှင့် လုံးဝယှဉ်၍မရပါကြောင်း လျှောက်ထားလေသည်။ ထို့နောက် ဗုဒ္ဓသည် ညီတော်နန္ဒမထေရ်အား နတ်ပြည်သို့ခေါ်သွားကာ အလွန်တရာ ချောမောလှပသော နတ်သမီးများနှင့် ဇနပဒကလျာဏီအား နှိုင်းယှဉ်ခိုင်းသောအခါ ညီတော်နန္ဒမထေရ်က နတ်သမီးများ၏အလှနှင့်ယှဉ်သော် ဇနပဒကလျာဏီသည်မျောက်အိုမကြီးနှင့်သာတူပါတော့သည်ဟု လျှောက်ထားခဲ့သည်။

ထိုကဲ့သို့ ဗုဒ္ဓက ညီတော်နန္ဒအား ဇနပဒကလျာဏီကို စွဲလန်းသောစိတ်ကို ပယ်ဖျက်ပေးတော်မူခဲ့သည်။ ညီတော်နန္ဒမထေရ်သည်လည်း ဇနပဒကလျာဏီအား စွဲလန်းစိတ်မရှိတော့သောကြောင့် ရှင်းသန့်ကြည်လင်သောစိတ်ဖြင့် တရားကျင့်ကြံ အားထုတ်ရာ အရဟတ္တဖိုလ်ထိရောက်ရှိသွားလေသည်။

ဇနပဒကလျာဏီမူကား မောင်တော်နန္ဒမင်းသား ပြန်လာနိုးနှင့် တစ်နေ့ပြီးတစ်နေ့ လက်ချိုးရေတွက်စောင့်မျှော်ခဲ့ရှာသည်။ ရက်မှလ၊ လမှနှစ်သို့ကူးပြောင်းကာ မျှော်လင့်ချက်ကုန်ဆုံးသွားခဲ့သည်။ မိမိ၏လွမ်းသောစိတ်၊ ရာဂစိတ်တို့ကို ကြိုးစားဖြေဖျောက်ရင်း နန်းတော်၌ တစ်ကိုယ်တည်းစံမြန်းခဲ့ရရှာသည်။ မောင်တော်နန္ဒမင်းသားအပေါ် ချစ်မြတ်နိုးသောစိတ်သည် သည်းအူပြတ်မျှ ပူလောင်ကျွမ်းလျက်ပင် အထီးကျန်ဘဝကို ဖြတ်သန်းခဲ့ရသည်။

ထိုကဲ့သို့ မိမိ၏အပူမီးကို ဖြေဖျောက်နေရစဉ် ခမည်းတော်

သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံသွားသဖြင့်လည်း အလွန်အားငယ်ခဲ့ရ ရှာလေသည်။ မယ်တော်ဂေါတမီသည်လည်း သာကီဝင်မင်းသမီး ငါးရာနှင့်အတူ သာသနာ့ဘောင်ဝင်ကာဘိက္ခုနီမပြုလုပ်သွားသော အချိန်ဝယ် စိတ်အားငယ်ခြင်း၊ အထီးကျန်ခြင်းတို့ ဖိစီးနှိပ်စက်ကာ သောကဗျာပွေခဲ့ရပြန်သည်။

ဤသို့အထီးကျန်ဘဝတွင်မနေလိုတော့ချေ။ ထို့ကြောင့် ဘိက္ခုနီမအဖြစ်ကူးပြောင်းမည်ဟု ဆုံးဖြတ်လျက် ဘိက္ခုနီထေရီ ဂေါတမီထံ၌ဘိက္ခုနီမပြုခဲ့လေသည်။ဇနပဒကလျာဏီသည် ဘိက္ခုနီ ဘဝရောက်လာသော်လည်း အလှအပကို မက်မောတွယ်တာဆဲပင် ရှိသည်။ ထို့ကြောင့် လှပသောသင်္ကန်းတို့ကို ရွေးချယ်ဝတ်ဆင်၍ မိမိကိုယ်ကို ပြုပြင်ကာ တင့်တယ်အောင်နေလေ့ရှိသည်။

ဗုဒ္ဓသည် ခန္ဓာကိုယ်၏ မတည်မြဲသောသဘော၊ ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရ၊ ဝိညာဉ်တရားတို့သည် အမြဲမရှိ၊ အနိစ္စအမြဲ မရှိ၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တ အစိုးမရခြင်းဟူသော တရားတော်တို့ ကို အမြဲဟောကြားလေ့ရှိကြောင်းသိရသဖြင့် ရူပနန္ဒာထေရီ မသည် သူမ၏အလှအပကိုပြစ်တင်ရှုတ်ချသည့် တရားတော်ကို မနာကြား လို၍ ဗုဒ္ဓကိုရှောင်ရှား၍သာ နေခဲ့လေသည်။

မြို့သူမြို့သားတို့သည် နံနက်စောစော၌ အလှူဒါနပြု၊ ဥပုသ်သီလဆောက်တည်၊ ညနေ၌ နံ့သာ၊ပန်းတို့ကို ယူဆောင်၍ ဇေတဝန်ကျောင်းတော်၌ သွားရောက်စုဝေးကာ တရားနာယူလေ့ ရှိကြသည်။ ဘိက္ခုနီအားလုံးသည်လည်း တရားနာယူရန်သွားလေ့ရှိ ကြသည်။ ထိုသို့ ဘိက္ခုနီများသွားသော်လည်း ရူပနန္ဒာထေရီက မလိုက်ဘဲရှောင်နေခဲ့လေသည်။

ပြုံး-စာပေ

တရားနာပရိသတ်အပေါင်း၊ ဘိက္ခုနီအပေါင်းတို့သည် မြတ်စွာဘုရား၏ လက္ခဏာကြီးငယ်အသွယ်သွယ်ဖြင့်၊ ရွှေအဆင်းနှင့်တူသည့်ကိုယ်တော်ကိုကြည်ညိုကြပုံ၊ မြတ်စွာဘုရား၏အသံတော်သည် အလွန်သာယာဖွယ်ရှိပြီး ကောင်းခြင်းအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောတရားဟောသံကို ကြားနာကြည်ညိုကြပုံ၊ မြတ်ဗုဒ္ဓ၏သီလ၊ သမာဓိ၊ ပညာဂုဏ်တော်တုဖက်ကင်းသူအဖြစ်ကြည်ညိုကြပုံ၊ တရားတော်နက်နဲပုံ၊ ရှင်းလင်းလွယ်ကူအောင်ဟောကြားပုံ စသည်ဖြင့် အမျိုးမျိုးသောဂုဏ်ကျေးဇူးများကိုချီးကျူးပြောဆိုကြသဖြင့် ရူပနန္ဒာထေရီသည် အဖန်ဖန်အထပ်ထပ်ကြားသိရလေသည်။

တစ်နေ့တွင် ဗုဒ္ဓတရားတော်ကို နာကြားဖြစ်အောင် နာကြားဦးမည်ဟု မာန်တင်း၍ တရားပွဲသို့ လိုက်သွားခဲ့သည်။ တရားပွဲသို့ရောက်သော် ဗုဒ္ဓမမြင်နိုင်သော ပရိသတ်နောက်နား၌ ထိုင်နေလေသည်။ ဗုဒ္ဓထံသို့ လှမ်းမျှော်ကြည့်သောအခါ ဗုဒ္ဓ၏ တလံမျှလောက်သော ကိုယ်ရောင်တော်ဖြင့် လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်တို့နှင့် တင့်တယ်ပြည့်စုံသောကိုယ်တော်၊ လပြည့်ဝန်းနှင့်တူသောကျက်သရေတော်ရှိသော မျက်နှာတော်ကို ဖူးမြင်ရလေသည်။ ထိုစဉ်ဗုဒ္ဓ၏အနီး၌ တစ်ဆယ့်ခြောက်နှစ်အရွယ် အလွန်တင့်တယ်လှပသော နတ်သမီးအသွင် မိန်းမပျိုတစ်ဦး ယပ်ခပ်ပေးနေသည်ကို တွေ့ရသဖြင့် ရူပနန္ဒာထေရီမှာ မိမိကိုယ်မိမိသိမ်ငယ်သွားသလို ခံစားရလေသည်။ မိမိကိုယ်မိမိ တုနှိုင်းမမီဟုထင်ကာ အလှဘဝင်မြင့်ခဲ့သော မိမိကိုယ်မိမိ ရှက်ဖွယ်လိလိဖြစ်ကာ မှေးမှိန်သွားလေသည်။မိမိထက်လည်းငယ်၊ အဆပေါင်းများစွာ သာလွန်လှပသော မိန်းမပျိုသည် ဗုဒ္ဓဘေးတွင် ယပ်ခပ်နေစဉ်၊ မိမိသည်

ဗုဒ္ဓအား ရှောင်ရှားခဲ့သည်ကိုတွေးကာ နောင်တတရား ရရှိသွားသည်။

အလွန်လှပသောမိန်းမပျိုလေးကိုချစ်ခင်နေရာမှ မိန်းမပျိုလေးသည် အသက်တစ်ဆယ့်ခြောက်နှစ်မှ နှစ်ဆယ်အရွယ်၊ ထိုမှ သုံးဆယ်အရွယ်၊ လေးဆယ်အရွယ်၊ ငါးဆယ်အရွယ်သို့ အသွင်အမျိုးမျိုးပြောင်းကာတဖြည်းဖြည်းအိုလာပြီး ဆံဖြူသွားကျိုး အဘွားအိုကြီးအဖြစ်သို့ ရောက်သွားပြီးလျှင် အရိုးစုကြီးသည် ကိုင်းကျည္ဖတ်ခွေကာ လဲကျသေဆုံးသွားသည်ကိုကြည့်ရင်း ချစ်ခင်သောစိတ်ပျောက်ကွယ်ကာ စပ်ဆုပ်ရွံရှာဖွယ်အတိ ဖြစ်ခဲ့လေသည်။

*ရတနာပေါကြွယ် စည်းစိမ်ထည်ကား*
*ပျက်ယွင်းနောက်ဆုံးရှိချေ၏။*
*ခင်မင်တွယ်တာ ချစ်ခြင်းမှာကား*
*ကွေကွင်းနောက်ဆုံးရှိချေ၏။*
*ရုပ်ရည်အဆင်း လှပခြင်းကား*
*အိုမင်းနောက်ဆုံးရှိချေ၏။*

ဗုဒ္ဓသည် နိမ္မိတမိန်းမပျိုကိုဖန်ဆင်း၍ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသည့် ဖောက်ပြန်ပျက်စီးသည့်သဘောကိုပြ၍ ဟောပြောတော်မူခဲ့သည်။ ဗုဒ္ဓသည် အလှအပကို မက်မောတွယ်တာသော ရူပနန္ဒာထေရီအား အရိုးစု၊အသားအသွေးတို့ဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်၏ အိုခြင်း၊ နာခြင်း၊သေခြင်းတရားတို့ကို ပြသချေချွတ်တော်မူခဲ့သည်။

ရူပနန္ဒာထေရီသည် မိန်းမပျို၏ခန္ဓာကိုယ်အတ္တဘောကို အနိစ္စဟု ရှုမြင်ကာ ကမ္မဋ္ဌာန်းတရားရှုမြင်လေသည်။ ခန္ဓာကိုယ်

တွင်းရှိ ဇရာတရား၊မရဏတရားတို့ကို ရှုမြင်ဆင်ခြင်ကာ စွဲလန်းမှု အာရုံများကို အပြီးတိုင်ပြတ်တောက်လျက် ကျင့်ကြံအားထုတ်လေသည်။ မကြာမီပင် ရူပနန္ဒာထေရီသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်။အထီးကျန်ဘဝ၌ ချစ်ခြင်းတွယ်တာခြင်း အပူမီးလျှံ များနှင့် ရူပနန္ဒာ၊ အလှအာရုံများ၌ စွဲမက်ခဲ့သော ရူပနန္ဒာကား ယခုအခါအနှိုင်းမဲ့ ငြိမ်းအေးသော နိဗ္ဗာန်ရွှေပြည်သို့ တက်လှမ်းခဲ့သည့် ဗုဒ္ဓသမီးတော်တစ်ဦးပါတကား။

## သရဖူဆောင်းသည့် ဧကရီတစ်ပါး

မိမိ၏ အလှကို မထိမဲ့မြင် ဥပေက္ခာပြုခဲ့လေသည့် ယောကျ်ားတစ်ယောက်ကို အဘယ်မှာ မေ့နိုင်ပါအံ့နည်း။ ပုရိသ ယောကျ်ားတိုင်း မြင်သူတကာတို့ နတ်မိမယ်အလား ထင်မှတ်မှား လောက်အောင်၊ယစ်မူးယိမ်းယိုင်သွားလောက်အောင် လှပသော အလှတရားများမှာ ဤယောကျ်ား၏ ပါးစပ်ဖျားတွင်အရာမထင် သိမ်ငယ်ခဲ့ရ၏။ ကိုယ်တိုင်ဦးနှောက်ဖြင့် မချင့်ချိန်၊ ပုဏ္ဏားတို့ ပြောသောစကားကိုသာ အကြွင်းမဲ့ယုံကြည်ခဲ့သည့် စုံလုံးကန်းသော ယောကျ်ားသာဖြစ်ချေသည်။ မိမိအား မိဖုရားအဖြစ်မတင်မြှောက်၊ ပစ်ပယ်ခဲ့သည့်ဤယောကျ်ားအား ငါ၏အလှတွင် ယစ်မူးသွားစေရ မည်။

ဤနေ့သည် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်၍ သိဝိဘုရင်ကြီးကိုယ်တိုင် အလှတန်ဆာတို့ပြင်ဆင်မွမ်းမံလျက် မီး ရောင်စုံထွန်းညှိထားသည့် မြို့တော်ကြီးကို လှည့်လည်ကြည့်ရှုမည် ဟု အိမ်ဦးနတ်သခင် "မောင်မောင်"က ပြောကြားခဲ့ပေပြီ။ သို့သော် လည်း မိမိအားသိဝိဘုရင်ကြီးမမြင်အောင်နေရန် တိုင်းပြည်တာဝန် ဖြင့် ခရီးမထွက်မီ မှာကြားခဲ့သေးသည်။ "မောင်မောင်"ပြောသော

စကားကို မပစ်ပယ်လိုသော်လည်း မိမိမှာ အလှမာနရှိသည်။ မိမိ၏ အလှမာနကို ရိုက်ချိုးချေမွခဲ့သည့် သူကိုလည်း တဖန်ကလဲ့စားချေ လိုသည်။ သူ့အရှုံးကိုမြင်လိုသည်။ သူ၏နောင်တ တရားကို ပြုံးပြုံးကြီးကြားသိလိုသည်။

ထို့ကြောင့်ပင် ဤနက္ခတ်ပွဲသဘင်၌ မိမိကိုယ်မိမိ အလှဆုံး ဖြစ်အောင် အစွမ်းကုန်ခြယ်သရန် စိတ်ထက်သန်နေသည်။ အလွန် ထုံသင်းမွှေးပျံ့သည့် နံ့သာပျောင်းတို့ဖြင့်လိမ်းခြယ်၊ အလှတွင် အယဉ်ဆင့်ကာ တင့်တယ်လှပသည့် အဝတ်တန်ဆာ၊ တဖိတ်ဖိတ် တလက်လက်နှင့် ကျက်သရေပြည့်လျှံ အလှဆန်းသည့် နဝရတ် ရတနာ၊ ပုလဲအဆင်တန်ဆာနှင့် ရတနာမကိုဋ်သရဖူအဆောင်းနှင့် က္ကတ္ထိယအပေါင်းတို့၏ အလှရှင်ကား "ဥမ္မာဒန္တီ"ပင်ဖြစ်ပေသည်။

ဥမ္မာဒန္တီ၏အတိတ်ဘဝကား ဗာရာဏသီပြည်၌ သူဆင်းရဲ တစ်ဦး၏သမီးဖြစ်ခဲ့စဉ်ဘဝက နှစ်စဉ်ကျင်းပမြဲဖြစ်သော တန် ဆောင်မုန်းလ ကြတ္တိကာ နက္ခတ်ပွဲသဘင်၌အခြားသော မိန်းမပျို ကလေးများဝတ်လာသည့် လှပသော ဝတ်ပန်းလုံချည်ကိုမြင်၍ လိုချင်တပ်မက်သဖြင့် မိဘများအားပူဆာရာ မိဘများက ဝယ်မပေး နိုင်သောကြောင့် မိမိလုပ်အားဖြင့် ဝယ်နိုင်ရန် အခြားအရပ်သို့သွား ၍ သူဌေးကြီးတစ်ဦး၏အိမ်၌ အလုပ်သွားလုပ်ပြီးနောက် (၃)နှစ် လုံးလုံး အိမ်မှုကိစ္စအဝဝကို ကြိုးကြိုးစားစားလုပ်ကိုင်ပေးသည့် အတွက် သူဌေးလင်မယားက လှပသော ဝတ်ပန်းလုံချည်တစ်ထည် ကို ဝယ်ပေးခဲ့လေသည်။ သူဆင်းရဲမလေးသည် ဝမ်းမြောက်စွာဖြင့် မိဘများထံပြန်လာရာ ရေကန်တစ်ကန်၌ရေချိုးနေစဉ် သစ်ခက် သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းလျက် ကြွလာသော ရဟန်းတော်တစ်ပါးကို

မြင်ပြီး ဝတ်ပန်းလုံချည်လှူလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ ယခု ဘဝ ဆင်းရဲရသည်မှာ နောင်ဘဝက မလှူခဲ့သောကြောင့် ဖြစ်၍၊ ယခုဘဝမလှူခဲ့သော် နောင်ဘဝများ၌ ပို၍ဆင်းရဲမည်ကို သိရှိဆင် ခြင်ပြီး (၃)နှစ်အလုပ်လုပ်၍ရခဲ့သော ဝတ်ပန်းလုံချည်ကိုရဟန်း တော်အား ရက်ရောစွာ လှူဒါန်းလိုက်ပြီးနောက် "ဖြစ်လေရာဘဝ တိုင်း၌ ယောကျ်ားတကာတို့၏စိတ်ကို ယစ်မူးတိမ်းညွတ်စေနိုင် သော ရုပ်အဆင်းနှင့်ပြည့်ဝရပါစေ"ဟူ၍ ဆုတောင်းခဲ့သောကြောင့် ကွယ်လွန်သောအခါ နတ်ပြည်၌တစ်ကြိမ်ဖြစ်ပြီးနောက် သိဝိတိုင်း အရိဋ္ဌပူရမြို့တော်၌ကုဋေရှစ်ဆယ်ကြွယ်ဝသောတိရီဝစ္ဆ သူဌေးကြီး ၏သမီးဖြစ်လာခဲ့လေသည်။

တိရီဝစ္ဆသူဌေးသမီးသည် မြင်မြင်သမျှယောကျ်ားများ တိမ်းညွတ်ယစ်မူးသွားလောက်အောင် လှပသောအဆင်းနှင့် ပြည့်စုံ သောကြောင့် ဥမ္မာဒန္တီဟူ၍မှည့်ခေါ်ကြလေသည်။ ဥမ္မာဒန္တီမှာ အရွယ်ရောက်လာသည်နှင့်အမျှ အလှတို့သည် ဝေဆာဖူးပွင့်လာ ကြသည်။ ကျော့ရှင်းနွဲ့ပျောင်းကာ လှပသည့်ကိုယ်ခန္ဓာ၊ ဖြူစင် ဝင်းပ၍ချောမွတ်သော အသားအရည်၊ နက်မှောင်၍ ရှည်လျား ဖြောင့်စင်းသော ဆံကေသာ၊ သောက်ရှူးကြယ်လို တလက်လက် တောက်ပသည့်မျက်လုံးအစုံမှာ သုံးရက်လ၊ ခုံးမျက်စချီသည့် မျက်ခုံး တို့က ဆေးကူထားသလို။ဖြောင့်စင်းသည့်နှာတံက အထင်သားပေါ် လွင် နဂိုယဉ်ကြာဖူးကြာငုံသဖွယ် ပြုံးစစနှုတ်ခမ်းထွေးနီတြာနှင့် လိုက်ဖက်တင့်တယ်ပါဘိတော့။

*"ပြစ်မျိုးမှဲ့မထင် ရှုပါသွင်ကား. . . .*
*နတ်မိမယ်ပမာလားသို့ ထင်ယောင်မှားကာ. . . .*

ပြုံး-စာပေ

*ပုရိသတို့ယစ်မူးထွေကာ ကြုံတော့သည်. . .*
*ဇမ္ဗူဒိတ် ပြိုင်စံရှားကျော်ကာ ခြုံတော့သည်”*

ထိုထိုသော အလှဂုဏ်သတင်းမှာလည်း မွေးပျံ့ထုံသင်းသည့်အတွက် တိရိဝစ္ဆသူဌေးကြီးမှာ “အခြားသူတို့နှင့်မထိုက်တန်၊ ဘုရင်နှင့်သာထိုက်တန်သည်”ဟု စဉ်းစားပြီးသိဝိဘုရင်ကြီးအား မိမိ၏သမီးချော ဥမ္မာဒန္တီအားမိဖုရားအဖြစ်ဆောင်နှင်းရန် လျှောက်ထားခဲ့လေသည်။ သိဝိဘုရင်လည်း လက္ခဏာဖတ်ပညာကျွမ်းကျင်သည့် ပုဏ္ဏားရှစ်ယောက်တို့အား ဥမ္မာဒန္တီ၏ ကြန်အင်လက္ခဏာကြည့်ရန် သူဌေးကြီးအိမ်သို့ စေလွှတ်သောအခါ အလွန်လှပသည့် ဥမ္မာဒန္တီကိုမြင်တွေ့ပြီး ကယောင်ကတမ်းဖြစ်သူဖြစ်၊ လဲသူလဲ၊ ကျွေးမွေးတည်ခင်းသည့်စားဖွယ်တို့ကို မစားနိုင်ဖြစ်သည်ကို မြင်တွေ့ရသော ဥမ္မာဒန္တီသည် ဤပုဏ္ဏားတို့ကာ ငါ၏ ရုပ်လက္ခဏာကို ဖတ်နိုင်သည့်သူများမဟုတ်ဟုဆို၍ ပုဏ္ဏားတို့အား အိမ်ထဲမှ ဆွဲထုတ်ပစ်ခဲ့လေသည်။ ပုဏ္ဏားများမှာ အရှက်တကွဲဖြစ်ပြီး နန်းတော်သို့ ပြန်ကြွသွားကြလေသည်။

ထို့ကြောင့် ပုဏ္ဏားတို့သည် သိဝိဘုရင်ကြီးရှေ့မှောက်သို့ ရောက်သည့်အခါ ဥမ္မာဒန္တီသည် ရုပ်အဆင်းလှပသော်လည်း မိဖုရားမြှောက်ရန်မသင့်တော်ကြောင်း လျှောက်ထားသည့်အတွက် ဘုရင်ကြီးသည် မိဖုရားအဖြစ် မသိမ်းပိုက်တော့ချေ။ တိရိဝစ္ဆသူဌေးကြီးသည် စစ်သူကြီးအဘိပါရကနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်သောအခါ အဘိပါရကစစ်သူကြီးသည် ထူးမြတ်သည့် မိန်းမရတနာကိုရခြင်းကြောင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူလျက် အစွမ်းကုန်မြှောက်စားထားလေသည်။ အလွန်ကြီးကျယ်ခမ်းနားသည့်အိမ်၊

သွားလေရာလိုက်ပါသည့်အခြွေအရံများ၊ ဥယျာဉ်တော်၊ ကကြိုး တန်ဆာပြည့်စုံစွာနှင့် မြင်းလေးကောင်ကသည့်ရထား၊ စသည် စသည့် အဆောင်အယောင်များကလည်း လိုလေသေးမရှိ ခမ်းနား ပြည့်စုံလှပေ၏။

အရဋ္ဌပူရမြို့တော်၌ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း လပြည့်နေ့တွင် ကြတ္တိကာနက္ခတ်ပွဲကို တစ်မြို့လုံးဆီမီးရောင်စုံ ထိန် လင်းအောင် ထွန်းညှိပြီးလှပတင့်တယ် ရှုစဖွယ်ဖြစ်အောင် တန်ဆာ ဆင်လျက်ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိရာ ဘုရင်မင်းမြတ် ကိုယ်တိုင်လည်း သိန္ဓောမြင်းလေးစင်းကသည့် ရထားကိုစီးပြီး မှူး မတ်ဗိုလ်ပါအပေါင်းခြံရံလျက် မြို့တော်သို့ လှည့်လည်ကြည့်ရှုလေ့ရှိ သည်။

သိဝိမင်းကြီး၏ မင်္ဂလာရထားသည် အဘိပါရက စစ် သူကြီး၏ အိမ်ရှေ့သို့ ဆိုက်ရောက်လာချိန်တွင် ဥမ္မာဒန္တီနတ်မိမယ် သည် နွဲ့နှောင်းသောခန္ဓာကို ပြတင်းတံခါး၌မှီ၍ရပ်နေပြီး အိမ်စေ ကိုင်ထားသော ငွေဖလားကြီးထဲမှ မွှေးကြိုင်လှပသော ပန်းတို့ဖြင့် ဘုရင်ကြီးအား ပစ်ကြဲလိုက်လေသည်။ ထိုအခါသိဝိမင်းကြီးသည် မွှေးကြိုင်သော ပန်းတို့ကျလာသည့်အိမ်ကြီးဆီသို့ ရှုစားလိုက်သည့် ခဏ၌ လပြည့်ဝန်းကဲ့သို့ ပြည့်ရွှန်းတင့်တယ်သည့်မျက်နှာ၊ လှပ ကျော့ရှင်းသောခန္ဓာကိုယ်နှင့် နတ်သမီးတမျှလှပသည့် ဥမ္မာဒန္တီ အား မြင်လိုက်ရသောအခါ မူးမေ့မတတ်ဖြစ်သွားလေတော့သည်။ ထိုအခါ ဘုရင်ကြီးက ရထားထိန်းသုနန္ဒအား "ဤအိမ်ကား မည်သူ့ အိမ်နည်း၊ပန်းကြဲသော မိန်းမကား မည်သူနည်း" ဟူ၍မေးမြန်းရာ သုနန္ဒက "အဘိပါရကစစ်သူကြီး၏အိမ်ဖြစ်ပါတယ်၊ ပန်းကြဲသည့်

အမျိုးသမီးကား စစ်သူကြီးကတော် ဥမ္မာဒန္တီဖြစ်ပါတယ်အရှင်"

သုနန္ဒစကားကိုကြားပြီးနောက် သိဝိမင်းကြီးသည် အလွန်အမင်း စိတ်ထိခိုက်လျက် ပုဏ္ဏားမိုက်တို့ကြောင့် မိန်းမလှရတနာကို ဆုံးရှုံးရပြီဟု ယူကြုံးမရဖြစ်ကာ နက္ခတ်ပွဲသဘင်ကို ဆက်၍မကြည့်ရှုတော့ဘဲ နန်းတော်သို့ပြန်လေသည်။ နန်းတော်ရောက်သည့်အခါ စက်တော်လည်းမခေါ်နိုင်၊ပွဲတော်လည်းမတည်နိုင်၊ညီလာခံမတက်နိုင်ဖြစ်နေလေသည်။ ထိုသတင်းကို စစ်သူကြီး ကြားသောအခါ ဘုရင်ထံဝင်ရောက်၍ ဥမ္မာဒန္တီအားသိမ်းပိုက်ပါရန် လျှောက်တင်သောအခါ၌ သိဝိမင်းကြီးသည် အသိတရားဝင်လာပြီး စစ်သူကြီးနှင့်ပင် အသက်ထက်ဆုံးပေါင်းသင်းသွားရန် ခွင့်ပြုခဲ့လေသည်။

ဥမ္မာဒန္တီနတ်မိမယ်ကား ဘဝပေါင်းများစွာပါရမီဖြည့်ကျင့်ပြီးနောက် ဂေါတမမြတ်စွာဘုရားလက်ထက်တော်ဝယ် ဘိက္ခုနီသာသနာ၌ ဣဒ္ဓိမန္တဧတဒဂ်ဘွဲ့ထူးကို ဥပ္ပလဝဏ္ဏာထေရီမဘဝ၌ ရရှိခဲ့ပြီး နိဗ္ဗာန်စခန်းသို့ စံမြန်းခဲ့သည့် ဗုဒ္ဓသမီးတော်တစ်ပါး ဖြစ်ပေတော့သည်။

ဂန္ထဝင်မဂ္ဂဇင်း
အမှတ်(၂၅)၊၂၀၀၄-ခုနှစ်၊ဇန်နဝါရီလ

## ရွှေကြာပန်းမှမွေးဖွားသူ ပဒုမဝတီ

တကယ်တော့ ပဒုမဝတီ၏ဘဝသည် ဖခင်၊မိခင်ဟူ၍မရှိ။ ဖခင်မေတ္တာ၊ မိခင်မေတ္တာဟူ၍လည်းမသိခဲ့ပေ။ ယခုအချိန်အရွယ်ရောက်လာသည်အထိ ရှင်ရသေ့သည်သာ ကိုးကွယ်ရာ၊ မိဘသဖွယ်အားကိုးအားထားပြုခဲ့ရာဖြစ်သည်။ ရှင်ရသေ့မှာ့လည်း ပဒုမဝတီအား ဤအရပ်မှ တခြားသော အရပ်ဒေသသို့ လိုက်ပါသွားရမည်ကို လိုလားနှစ်သက်ဟန်မရှိချေ။ လက်ချောင်းမှထွက်သော နို့ရည်နှင့် လူလားမြောက်ခဲ့သည့်ကာလများမှစ၍ ယနေ့ချိန်ထိ ပြုစုစောင့်ရှောက်ခဲ့သည်မို့ ချစ်သမီးပဒုမဝတီအပေါ်၌ သံယောဇဉ် ကြီးမားလှသည်။ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် ပဒုမဝတီအား မိဖုရားအဖြစ်တင်မြှောက်မည်ဟု လျှောက်ထားသော စကားကိုလည်း ရှင်ရသေ့မနှစ်သက်ချေ။ အခြားသော မောင်းမမိဿံတို့ကြား နေရမည်ဖြစ်၍ မောင်းမမိဿံတို့က ဘုရင်အားသွေးထိုးလျှင် ပဒုမဝတီလေးဒုက္ခရောက်မည်ကို ကြိုတင်စဉ်းစားမိ၍သာ သဘောမတူခြင်းဖြစ်သည်။ သို့သော် ဗြဟ္မဒတ်မင်းကြီးသည် ပဒုမဝတီအား စိတ်မပူရန်နှင့် မိဖုရားခေါင်ကြီးအဖြစ် ထားပါမည့်အကြောင်း ကတိစကားပေးသောကြောင့်သာ သဘောတူလိုက်ရခြင်းဖြစ်သည်။

*"ဟိမဝန္တာ လှမျိုးဖြာတည့်. .*
*သစ်တောရဂုံ သားမျိုးစုံတည့်. .*

ပြုံး-စာပေ

*ပန်းမာန်ဖူးငုံ သင်းထုံထုံတည့်*
*ရစ်ခွေစီးလာ စမ်းရေပြာတည့်*
*မြင်သူရှုမော ပန်းကြာတောတည့်. . .”*

ရှင်ရသေ့သည် အလွန်တရာသာယာသော တောမြိုင်ကြီးတွင် သီတင်းသုံးကာ တရားနှင့်မွေ့လျော်နေသူဖြစ်သည်။ ရှင်ရသေ့သီတင်းသုံးသည့် ကျောင်းသခ်မ်းလေးအနီးတွင် ကြာပန်းကြာငုံတို့ဖြင့် ထုံသင်းပျံ့ကြိုင်ရနံ့လှိုင်သည့် ရေအိုင်ကြီးတစ်ခုရှိလေ၏။ ထိုရေအိုင်ကြီးအနီးတွင်ကား ကြီးကျယ်ခမ်းနားသည့် အလှတရားများနှင့် ဟိမဝန္တာတောင်ကြီးထီးတည်း မားမားမတ်မတ် တည်ရှိလျက်ရှိချေသည်။ တစ်နေ့သော် ရှင်ရသေ့သည် ရေအိုင်ကြီးအတွင်းမှ ကြာပန်းများကို ကြည့်ရှုရာ အခြားအခြားသော ကြာပန်းများပွင့်လန်းနေကြပြီးကြာခိုင်တစ်ခုမှာ မပွင့်လန်းဘဲ ဖူးငုံလျက်သာရှိနေသေးသည်ကို မြင်တွေ့ပြီး အကြောင်းတစ်စုံတစ်ရာရှိမည်ဟု စူးစမ်းလိုသောဆန္ဒနှင့် ကြာဖူးကြီးကိုကိုင်ကြည့်ရာ ကြာဖူးကြီးမှာ ပွင့်အာလာပြီး မင်းသမီးငယ်လေးထွက်ပေါ်လာသည်ကို တွေ့မြင်ရသည်။ ဤမင်းသမီးလေးသည် ယခင်ဘဝ၊ ပဒုမဝတီ နတ်သမီးဘဝနှင့် တာဝတိံသာ၌စုတေပြီး ဤကြာဖူးကြီး၌ သံသေဒဇပဋိသန္ဓေ တည်ပြီး ကြာငုံမှထွက်လာသည့် မင်းသမီး ဖြစ်သောကြောင့် ရှင်ရသေ့က “ပဒုမဝတီ”ဟု မှည့်ခေါ်၍သမီးအဖြစ် မွေးစားထားလေ၏။ရှင်ရသေ့၏ မေတ္တာစွမ်းအားကြောင့် လက်ချောင်းမှ နို့ရည်ထွက်လာရသည်။

ကြာမင်းသမီးလေး လမ်းလျှောက်နိုင်သည့်အရွယ်သို့ ရောက်သောအခါ ခြေလှမ်းတိုင်း ပဒုမာကြာပွင့်များ မြေမှ ထွက်၍

ခံပေးကုန်၏။ နတ်သမီးတမျှလှပတင့်တယ်သည့် ကြာမင်းသမီးလေးအား 'ပဒုမဝတီ'ဟု နာမည်ပေးထားလေသည်။ ထိုအချိန်၌ ရှင်ရသေ့၏ကျောင်းသခ်မ်းသို့ ဗာရာဏသီပြည်မှ တောလိုက်မုဆိုးတစ်ဦးရောက်လာခဲ့သည်။ တောလိုက်မုဆိုးသည် ပဒုမဝတီကို မြင်သွားသဖြင့် ရှင်ရသေ့၏ကျောင်းသခ်မ်း၌ အလွန်ချောမောလှပသည့် မိန်းမပျိုလေးရှိနေခြင်းကို အလွန်အံ့ဩနေလေသည်။ ထိုအခါ ရှင်ရသေ့သည် အကြောင်းစုံပြောပြပြီး ဗာရာဏသီသို့ပြန်ရောက်သောအခါ ဤအကြောင်းကိုမပြောရန်မှာကြားပြီး စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးလိုက်သည်။

တောလိုက်မုဆိုးသည် ဗာရာဏသီပြည်သို့ ပြန်လည်ရောက်သော် ဆုလာဘ်များစွာလိုချင်၍ ရှင်ရသေ့ထံပေးထားသည့်ကတိကိုဖျက်ပြီး ဗြဟ္မဒတ်ဘုရင်ထံ၌သတင်းကို လျှောက်တင်လေသည်။ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်ဘုရင်လည်း ဆုလာဘ်များစွာပေးပြီး စစ်သည်ဗိုလ်ပါအပေါင်းနှင့်ရှင်ရသေ့၏ ကျောင်းသခ်မ်းသို့ ကြွချီတော်မူလာပြီး ရှင်ရသေ့ထံ၌ 'ပဒုမဝတီ'အားလက်ဆက်ခွင့်ပေးရန်လျှောက်ထားခဲ့သည်။

အမှန်စင်စစ်မိန်းမပျိုလေးတစ်ဦး ရှင်ရသေ့အနား၌ ရှိနေရန် မသင့်တော်ကြောင်းကို ရှင်ရသေ့သိပါ၏။ သို့သော်လည်း ပဒုမဝတီလေးအား မိမိ၏မျက်စိအောက်တွင်ရှိနေစေချင်သည်။ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်ဘုရင်သည် ပဒုမဝတီအား ရတနာခုနှစ်ပါးအတိပြီးသောနေရာ၌ နေစေ၍ အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ် ဘိသိတ်သွန်းလောင်းခြင်းကို ရှင်ရသေ့၏ရှေ့၌ပင်ပြုလုပ်၍ ပဒုမဝတီအား ခေါ်ဆောင်သွားလေသည်။

ပြုံး-စာပေ

ရိုးသားဖြူစင်၍ ရုပ်အဆင်းလည်းနတ်မိမယ်တမျှ ထူးခြားစွာ ချောမောလှပသော ပဒုမဝတီကို အလွန်ချစ်မြတ်နိုးတော်မူသည်ဖြစ်၍ အခြားတစ်ပါးသော မိဖုရားများက မကျေနပ်ကြချေ။ ထို့ကြောင့်ဘုရင်အား နည်းအမျိုးမျိုးဖြင့် ဂုံးတိုက်ကြလေသည်။ တစ်နေ့သောအခါတွင် ပြဟ္မဒတ်မင်းကြီး စစ်ထွက်နေစဉ် ပဒုမဝတီသည် ပဒုမမင်းသားကိုမွေးဖွားလေသည်။ ပဒုမမင်းသားကို ဖွားမြင်သည်နှင့်တပြိုင်တည်း ကိုယ်ဝန်နှင့်စပ်သောသွေးသားကို အမှီပြု၍ (၄၉၉)ယောက်သော သားငယ်တို့သည် သံသေဒဇ ပဋိသန္ဓေအားဖြင့် ထူးခြားစွာဖြစ်ပေါ်လာသည်။ ထိုအခါ ပဒုမဝတီကို မနာလိုသော မိဖုရားများနှင့် မောင်းမတို့ပူးပေါင်းပြီး ပဒုမဝတီ၏သားငါးရာကို ကြုတ်အလုံးငါးရာ၌အသီးသီးထည့်၍ ကြုပ်အပြင်၌ တံဆိပ်ခပ်နှိပ်လျက် မိဖုရားတစ်ဦးလျှင် ကြုတ်တစ်လုံးစီကိုင်ပြီး ဂင်္ဂါမြစ်၌မျှောလေ၏။

ထိုအချိန်၌ မင်းကြီးသည် ပစ္စန္တရာဇ်အရပ်မှပြန်လာ၍ နက္ခတ်အချိန်ကောင်းကိုစောင့်ပြီး မြို့ပြင်ပ၌ ယာယီသစ်ခက်တဲနန်းဆောက်လုပ်၍စံမြန်းနေသည်။ ထိုအခါ ပဒုမဝတီမိဖုရားအား မနာလိုသော မိဖုရားမောင်းမမိဿံငါးရာတို့သည် ပဒုမဝတီမိဖုရားသစ်သားတုံးကြီးကို ဖွားမြင်ကြောင်း ကုန်းချောကြသဖြင့် မစူးစမ်းမဆင်ခြင်သော မင်းကြီးသည် ပဒုမဝတီမိဖုရားကာဘီလူးမျိုး ဟူ၍ အထင်လွဲသွားကာ နန်းတော်မှ နှင်ထုတ်ခဲ့လေ၏။ ပဒုမဝတီမိဖုရားနန်းတော်မှ ထွက်ခွာသည်နှင့်တပြိုင်တည်း ပဒုမ္မာကြာပန်းတို့သည် ကွယ်ပျောက်ပြီးလှပသော ကိုယ်ရေအဆင်းသည်လည်း အကျည်းတန် အရုပ်ဆိုးသွား၏။ ခိုကိုးရာမဲ့လျှောက်သွားနေစဉ် အမယ်အို

တစ်ယောက်ကချစ်ခင်ပြီး ကျွေးမွေးပြုစုထားလေသည်။ ယခုမှပင် ပဒုမဝတီသည် ရှင်ရသေ့စဉ်းစားပူပန်ခဲ့သည့်အရာမှာ မှန်ကြောင်း နားလည်သဘောပေါက်လာခဲ့သည်။

မိဖုရားငါးရာတို့မျှောလိုက်သောကြုတ်ငါးရာတို့သည် တစု တဝေးတည်းမျောပါကြကာ မြစ်အောက်ပိုင်းရှိ ပိုက်ကွန်ယက်၌ ငြိတွယ်၍နေ၏။ ထိုပိုက်ကွန်ကို ရုတ်သိမ်းသူတို့သည် ကြုတ်ငါးရာ ကိုတွေ့၍ထူးဆန်းဖွယ်အရာဟူ၍ဘုရင်မင်းအားဆက်သကြသည်။ ကြုတ်များအတွင်း၌ မင်းသားတို့၏ဘုဉ်းတန်ခိုးကြောင့် နို့ရည်တို့ကို ဖြစ်စေကာ သိကြားနတ်မင်းတို့သည် ဗာရာဏသီ ဘုရင်မင်းကြီး သိရှိစေရန် "ဤမင်းသားများသည်ပဒုမဝတီမိဖုရား၏ဝမ်းတိုက်၌ ဖြစ်၍မွေးဖွားကြသော ဗာရာဏသီမင်း၏သားတော်များဖြစ်သည်။ ပဒုမဝတီမိဖုရား၏ ရန်သူမိန်းမငါးရာတို့သည် ကြုတ်၌ထည့်၍ ရေ၌မျှောကြကုန်ပြီ။ မင်းကြီးသည် ဤအကြောင်းကိုသိပါစေ" ဟူ၍ အက္ခရာရေးထွင်းစေလေသည်။ မင်းသားငါးရာတို့၏ဘုဉ်းကံ ကြောင့်ဖခင်ဘုရင်ကြီးထံပြန်ရောက်ခဲ့သည်မှာ လွန်စွာထူးဆန်း သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ မင်းကြီးသည် ကြုတ်များကိုဖွင့် ကြည့်သောအခါ ပဒုမမင်းသားနှင့်တကွ သားငါးရာကို ရရှိသော် အကြောင်းစုံကို သိမြင်ပြီး ပဒုမဝတီမိဖုရားအားရှာဖွေရန် မြို့တွင်း သို့ မောင်းကြေးနင်းခတ်စေလေ၏။

ပဒုမဝတီမိဖုရားအား ကျွေးမွေးပြုစုထားသော အမယ်အို သည် ပဒုမဝတီမိဖုရားကို တွေ့ကြောင်း၊ အကြောင်းကြားသဖြင့် မင်းကြီးသည် မင်းချင်းတို့အားရွှေထမ်းစင်ဖြင့်ခေါ်ယူစေလေသည်။ ထို့အပြင် မိဖုရားအဆင်တန်ဆာ အပြည့်အစုံကိုလည်း ပို့လိုက်၏။

ပြုံး-စာပေ

ပဒုမဝတီမိဖုရားကြီးသည် အလုံးစုံသော အဆင်တန်ဆာကို ဆင်ယင်လျက် သူမ၏ စည်းစိမ်ချမ်းသာကို မြို့သူမြို့သားများသိရှိစေရန် နန်းတော်သို့ခြေလျင်လျှောက်ရာ မိဖုရားခြေဖြင့်နင်းတိုင်း နင်းတိုင်း ဆန်းကြယ်သော အခင်းတို့ကိုဖောက်ခွဲ၍ ပဒုမ္မာကြာပန်းတို့သည် မြေမှထွက်ပေါ်လာကြလေသည်။ ပဒုမဝတီမိဖုရား နန်းတော်သို့ရောက်သော် မင်းကြီးသည် ယုတ်မာသော မိဖုရားမောင်းမ ၅၀၀ တို့အား ပဒုမဝတီမိဖုရား၏ ကျွန်မများအဖြစ် ပေးလေ၏။ မိဖုရားသည် သဘောထားကြီးစွာဖြင့် ထိုကျွန်မများအား ကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့လေ၏။

ပဒုမမင်းသားအမှူးရှိသော မင်းသားငါးရာတို့သည် တဖြည်းဖြည်းအရွယ်ရောက်လာသောအခါ မင်္ဂလာဥယျာဉ်တော်သို့သွား၍ပျော်ပါးလေ့ရှိကြသည်။ တစ်နေ့၌ မင်းသားတို့သည် ဥယျာဉ်တော်အတွင်းရှိ ရေကန်၌ရေကစားနေကြစဉ် ငွါးငွါးစွင့်စွင့် လှပတင့်တယ်စွာ ပွင့်နေကြသော ကြာပန်းများသည် နေပူရှိန်ကြောင့်တဖြည်းဖြည်းညိုးနွမ်း၍ အညာမှကြွေကာ တဖြုတ်ဖြုတ်ကျသည်ကို ကြည့်ရှုဆင်ခြင်မိသည်။ ထို့နောက် မိမိတို့ကိုယ်ခန္ဓာသည်လည်း အနေးနှင့်အမြန်ဖောက်ပြန် ပျက်စီးမည်သာဖြစ်ကြောင်း ဆင်ခြင်မိ၍ ဝိပဿနာအမြင်ကို ရရှိကြပြီး ဆရာမရှိဘဲ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်သော ပစ္စေကဗုဒ္ဓါများအဖြစ်သို့ ဆိုက်ရောက်သွားကြလေသည်။ ထို့နောက် ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ပဒုမာကြာချပ်တို့၌ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူနေလေ၏။ ထို့နောက်မင်းသားတို့၏ နောက်ပါအခြွေအရံများ ရှေ့မှောက်၌ပင် လူ့အသွင်မှ သင်္ကန်း၊ သပိတ်၊ပရိက္ခရာရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအသွင်သို့ ကူးပြောင်း

လျက် ကောင်းကင်ခရီးဖြင့် နန္ဒမူလကလိုဏ်သို့ ကြွတော်မူသွားလေသည်။

ပဒုမဝတီမိဖုရားကြီးသည် ဤဘဝမတိုင်မီယခင်ဘဝ၌ ဗာရာဏသီပြည်အနီးရှိ ရွာ၏တစ်ခုတွင်လယ်သမား၏သမီးဘဝဖြစ်စဉ်က ပစ္စေကဗုဒ္ဓါတစ်ပါးအား ဆန်ပေါက်ပေါက်များနှင့် ကြာပွင့်ကြီးကို လှူဒါန်းခဲ့စဉ်က ခြေလှမ်းတိုင်း ပဒုမ္မာကြာပွင့်များပေါ်ထွက်ပါစေ၊ ပေါက်ပေါက်များလှူရသောကောင်းမှုကြောင့် သားငါးရာကို ရပါစေကြောင်း ဆုတောင်းခဲ့သည့်အတိုင်း ပစ္စေကဗုဒ္ဓါငါးရာတို့၏ မိခင်ဖြစ်သွားလေသည်။ ပစ္စေကဗုဒ္ဓါငါးရာတို့သည် မိခင်ကြီးပဒုမဝတီအား နှုတ်ဆက်ခြင်းမရှိဘဲ ခွဲခွာသွားသည့်အတွက် ပဒုမဝတီမိဖုရားကြီးမှာသားတော်တို့အားလွမ်းဆွတ်သည့် ဝေဒနာကြောင့် မကြာမီပင် ကွယ်လွန်သွားလေသည်။သို့ရာတွင် ပဒုမဝတီမိဖုရားဘဝသည် အမြင့်မြတ်ဆုံးဘဝဖြစ်ခဲ့လေသည်။

ကြာပန်းမှ သန္ဓေတည်မွေးဖွားခဲ့သောပဒုမဝတီ၊ ရှင်ရသေ့မြတ်၏ လက်ချောင်းမှ နို့ရည်ဖြင့် လူလားမြောက်ခဲ့သောပဒုမဝတီ၊ ဗာရာဏသီပြည့်ရှင်ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားခေါင်ကြီး ပဒုမဝတီ၊ သားငါးရာ၏ မိခင်၊ ထို့ပြင်တဝလည်း ထူးမြတ်သော ပစ္စေကဗုဒ္ဓါငါးရာ၏မယ်တော်ပဒုမဝတီကား ဂေါတမဘုရားရှင်လက်ထက် ဘိက္ခုနီသာသနာ၌ ဉပ္ပလဝဏ္ဏာထေရီမအဖြစ်နှင့် ဣဒ္ဓိမန္တဧတဒဂ်ကို ကမ္ဘာပေါင်းများစွာပါရမီဖြည့်ကျင့်၍ ရယူခဲ့သည့် ဗုဒ္ဓ၏ သမီးတော်တစ်ပါးပင် ဖြစ်သည်တကား။

ဩကာသမဂ္ဂဇင်း
၂၀၀၈-ခုနှစ်၊ အောက်တိုဘာလ

## ကေသာအလှနှင့် ဒီဃကေသီဘဝ

ဒီဃကေသီဟူသည့်အဓိပ္ပါယ်မှာဆံရှည်မဟူ၍ ဖြစ်သည်။ ငယ်စဉ်မှစ၍ ဆံပင်များသည် ထူးခြားစွာလှပသူဖြစ်သောကြောင့် ဒီဃကေသီဟူ၍ မှည့်ခေါ်ခဲ့လေသည်။ လူတိုင်းလိုလိုက 'ကေသီ' ဟူ၍ အဖျားဆွတ်ခေါ်လေ့ရှိသည်။ အရွယ်ရောက်လာသောအခါ မဲမှောင်ထူထဲသော ဆံပင်များမှာ တင်ပါးအောက်ထိပင် ရှည်လျားပေ၏။ ကေသီ'ဆံပင်မှာ ဖြောင့်စင်းရုံမက သန်စွမ်းရှည်လျားသဖြင့် မြင်သူတိုင်းချီးမွမ်းထောပနာပြုကြရသည်။ ထို့ကြောင့် ဒီဃကေသီသည် မိမိဆံပင်ကို အမြတ်တနိုးနှင့် တသသထိန်းသိမ်းထားခဲ့လေသည်။

ဒီဃကေသီမှာဥဇ္ဇေနီပြည်ရှိ 'တေလပနာဠိ'ရွာကြီးမှ သမီးပျိုတည်း။ 'တေလပနာဠိ'ဟု အမည်တွင်ခြင်းမှာ မြေပဲနှင့်နှမ်းကို အများဆုံးစိုက်ပျိုး၍ စားသုံးဆီအလွန်ပေါကြွယ်ဝခြင်းကြောင့် ဖြစ်ပေ၏။ ဆီကျည်တောက်ဟု အဓိပ္ပါယ်ရသည်။ ဥဇ္ဇေနီမှ ဆီကုန်သည်များမှာ ဤရွာမှပင် လာဝယ်ယူကြ၍ ရောင်းဝယ်ဖောက်ကားကြ၏။ 'တေလပနာဠိ'သည် အိမ်ခြေငါးထောင်ကျော်ရှိ၏။ ထို့ကြောင့် ဈေးရောင်းဈေးဝယ်တို့ဖြင့် စည်ကားလှ၏။ ခုနှစ်ရက်

တစ်ပတ်ဈေးရှိသည်။ ဈေးနေ့တွင် မိမိရွာအနီးပတ်ဝန်းကျင် ကျေးရွာငယ်လေးများမှလာသော ဈေးရောင်းဈေးဝယ်တို့ဖြင့် ပြည့်နေ၏။ အချို့ကလှည်းဖြင့်လာပြီး အချို့ကခြေလျင်လာကြ၏။ ပခုံးထမ်းဖြင့် ဈေးရောင်းများလည်းပါဝင်၏။ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များလည်း ပါဝင်လေ၏။

ဒီဃကေသီ၏မိဘများမှာ လူချမ်းသာအဆင့်ဝင်သူများဖြစ်လေ၏။ လယ်ဧက(၅၀၀)ကျော်ရှိသဖြင့် မြေပိုင်ရှင်ဟုလည်း ခေါ်နိုင်သည်။ ဒီဃကေသီမှာ တစ်ဦးတည်းသောသမီးဖြစ်၍ မိဘများကရွှေပေါ်မြတင်ထားပြီးတုန်နေအောင်ချစ်ကြသည်။ ဒီဃကေသီ ကလေးဘဝမှစ၍ မတောင့်မတနေထိုင်ခဲ့ရသော်လည်း အသက်(၁၅)နှစ်သို့ရောက်လာချိန်တွင် ကြမ္မာဆိုးကြီးဝင်လာခဲ့သည်။ ဖခင်ကြီးသည် အသက်(၆၀)အရွယ်တွင် နာတာရှည်ရောဂါစွဲကပ်လာ၍ သမားတော်များဖြင့် အစွမ်းကုန်ကုသခဲ့သော်လည်း ခြောက်လအကြာတွင် ကွယ်လွန်သွားခဲ့လေသည်။ ဖခင်ကြီးကွယ်လွန်သည့်အတွက်မိခင်နှင့် ဒီဃကေသီတို့ နှစ်ဦးစလုံး 'ပဋာမြေလူး'ဖြစ်ခဲ့ကြရ၏။ ရွှေတောင်ကြီးပြိုသွားလေပြီဟု ပူဆွေးသောက ရောက်ခဲ့ရလေသည်။ မိခင်ကြီးမှာလည်း အနှစ်လေးဆယ်နီးပါးပေါင်းသင်းခဲ့သည့် အိမ်ဦးနတ် ကွယ်လွန်သောအခါ ဟာလာဟင်းလင်းကြီးဖြစ်သွားကာ ဆောက်တည်ရာမရတော့ဘဲ စိတ္တဇဝေဒနာစွဲကပ်ပြီး၊ စားမဝင် အိပ်မပျော်ဖြစ်လာခဲ့သည်။ သုံးလလောက်ကြာသောအခါ မိခင်ကြီးလည်း ကွယ်လွန်သွားခဲ့လေသည်။

ဒီဃကေသီ မကြောင့်မကျနေလာခဲ့ရသောကြောင့် မိမိမိသားစု၏စီးပွားရေးကို နားမလည်ခဲ့ပေ။ ဖခင်ကြီးရှိစဉ်က အငှား

ချထားသော လယ်ယာမြေတို့မှ သီးစားခများကို ဖခင်ကြီးက ကြီးကြပ်၍ တပည့်များအားကောက်ခံစေခဲ့လေသည်။ဖခင်ကြီးမရှိတော့သောအခါ ကောက်ခံသူများကလည်း မှန်မှန်မကောက်တော့ချေ။ ပေးသွင်းသူများကလည်း အပြည့်အဝမပေးသွင်းကြတော့ချေ။ ထို့ကြောင့် ဧက ၅၀၀ကျော်ရှိသည့် လယ်မြေများမှ အခွန်အခ လုံးဝမရတော့ချေ။ အိမ်၌ဖွင့်ထားသည့် ကုန်စုံဆိုင်မှာလည်းအခိုင်းအစေများဖြင့်လွှဲထားရာ ရောင်းစရာပစ္စည်းများလျော့နည်းသွားသော်လည်း ရောင်းရငွေများမရရှိခဲ့ပေ။ ကြွေးမြီးများ များလာသော်လည်း ရစရာငွေများကားမရချေ။ နောက်ဆုံးကုန်စုံဆိုင်လည်းပြုတ်သွားလေ၏။

မိဘနှစ်ပါးရှိစဉ်က ပစ္စည်းဥစ္စာပေါကြွယ်ဝသော အချိန်ဖြစ်၍ ဒီယကေသီဘေးတွင်အပေါင်းအသင်းများဝိုင်းဝိုင်းလည်နေခဲ့သော်လည်း ယခုမူ ဒီယကေသီအား အခြွေအရံများက စွန့်ခွာသွားခဲ့ကြလေ၏။ လူသားတစ်ဦးနှင့်တစ်ဦး စစ်မှန်သော၊ ရိုးသားသောချစ်ခင်ရင်းနှီးမှုမျိုးရှိခဲ့ကြလျှင် အဘယ်မျှပျော်ရွှင်စရာ ကောင်းပါသလဲဟု ဒီယကေသီ စိတ်ကူးယဉ်မိသည်။ သို့သော် ဒေါ်မာလာတစ်ဦးကတော့ဖြင့် ဒီယကေသီနားမှ ထွက်ခွာမသွားဘဲ အမြဲရှိနေခဲ့ပေ၏။ ဒေါ်မာလာသည် ဒီယကေသီမိခင်၏ ညီမဝမ်းကွဲတော်သူ၊ ကေသီ၏အဒေါ်ဝမ်းကွဲ အပျိုကြီးတစ်ဦးဖြစ်သည်။ ဒေါ်မာလာသည် ဒီယကေသီငယ်စဉ်မှစ၍ ကျွေးမွေးပြုစုထိန်းကျောင်းခဲ့ သူဖြစ်ပေ၏။ မိဘနှစ်ပါးကွယ်လွန်သောအခါ၌လည်း ဒီယကေသီအား အရာရာညွှန်ပြသွန်သင်၍ နှစ်သိမ့်ဖျောင်းဖျခဲ့သူဖြစ်ပေသည်။ ဒီယကေသီလည်း ဒေါ်မာလာကို အားကိုးအားထားပြုပြီး၊

မိဘများခေါင်းချခဲ့သည့် ဤအိမ်ကြီး၌ဒေါ်မာလာနှင့် နှစ်ယောက်တည်း ဆက်လက်၍နေထိုင်လေသည်။ တချို့ကဤအိမ်ကြီးကို ဈေးပေါပေါဖြင့်ဝယ်ယူရန်လာရောက်မေးမြန်းကြ၏။ ဒီဃကေသီအဖို့ မိဘများနှင့်နေထိုင်ခဲ့သောအိမ်ကြီးဖြစ်၍တစ်သက်လုံးနေထိုင်သွားမည်ဟူ၍ ဆုံးဖြတ်ထားလေသည်။

တစ်နေ့သောနံနက်ခင်းတွင်ဒီဃကေသီတို့ နေထိုင်သောလမ်းထဲသို့ ညိုမှိုင်းသောသင်္ကန်းကို ဝတ်ရုံလျက် တည်ငြိမ်သောဣန္ဒြေဖြင့် သပိတ်ပိုက်ကာကြွလာသောရဟန်းတော်ရှစ်ပါးကို ဖူးမြင်လိုက်ရသဖြင့် ဒီဃကေသီ ရင်ထဲတွင် မကြုံဖူးလောက်အောင်ကြည်နူးစိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်။ ယခင်က တစ်ကြိမ်မျှပင်မဖူးမြင်ခဲ့ရသဖြင့် ဒီဃကေသီမှာ အလွန်ပင် ဝမ်းသာကြည်နူးနေလေသည်။ ဤသို့ ကြုံတောင့်ကြုံခဲဖူးမြင်ရသော ရဟန်းတော်များအား ဆွမ်းတစ်နပ်ကပ်ဖြစ်အောင်ကပ်မည်ဟု စိတ်ဆန္ဒပြင်းပြစွာ ဖြစ်လေသည်။

ဒီဃကေသီ အိမ်ရှေ့တွင် ရဟန်းတော်များရောက်လာသောအခါဒေါ်မာလာအား အိမ်ရှေ့ခန်းတွင်သံဃာရှစ်ပါးစာနေရာထိုင်ခင်းများကို ခင်းကျင်းပြင်ဆင်ရန် ပြောပြီး၊ ရဟန်းတော်များကို ပင့်ဖိတ်လိုက်၏။ ရဟန်းတော်များကို ရိုသေစွာရှိခိုး ကန်တော့ပြီး "အချိန်အနည်းငယ်စောင့်ဆိုင်းတော်မူပါဘုရား"ဟု လျှောက်ထားပြီး ဆွမ်းဘောဇဉ်များပြင်ဆင်ရန် ထွက်လာခဲ့လေ၏။

ဒေါ်မာလာချက်ပြုတ်ထားသည့် ထမင်း၊ဟင်းလျာများအဆင်သင့်ရှိသော်လည်း နှစ်ယောက်စာသာရှိနေသဖြင့် သံဃာတော်များအတွက် မလုံလောက်ချေ။ သံဃာတော်များအတွက်

ဘောဇဉ်များ ဝယ်ယူဆက်ကပ်ရန် အသပြာငွေမရှိသဖြင့် 'ဒီဃကောသီ'သည် မိမိခေါင်းမှ ရှည်လျားလှပသောဆံပင်များကို ဒေါ်မာလာအား တိတိရိရိဖြတ်စေ၏။ ထိုဆံပင်များကို သူဌေးသမီး 'နိကောသီ'ထံသို့ ရောင်းချရန် ဒေါ်မာလာအား စေလွှတ်လိုက်၏။ သူဌေးသမီး'နိကောသီ'မှာ ဥစ္စာပေါကြွယ်ဝရုံမက၊ ရုပ်ရည်ချောမောလှပသူပါပေ။ သို့သော်သူဌေးသမီး'နိကောသီ'မှာ ဆံပင်၏ကောင်းခြင်းနှင့် မပြည့်စုံရှာချေ။ ထို့ကြောင့်သူမသည် ဒီဃကောသီ၏ဆံပင်များဖြင့် သူမ၏ဦးခေါင်းထက်ဝယ် စုကပ်၍အလှဆင်လိုသည်။ ထို့ကြောင့် နိကောသီသည် ဒီဃကောသီ၏ဆံပင်များကို လိုချင်၍ သူမအားရောင်းချပေးပါရန် သုံးကြိမ်တိုင်တိုင် တောင်းဆိုခဲ့သူဖြစ်၏။ နောက်ဆုံးအကြိမ်ကအသပြာတစ်ရာ ပေးမည်ဟုပင် ပြောခဲ့ဖူးသည်။သို့သော်လည်း ဒီဃကောသီက လုံးဝမရောင်းခဲ့ချေ။ ရောင်းရန်လည်းစိတ်မကူးခဲ့ပေ။

ဒေါ်မာလာဆံပင်စုသွားရောင်းစဉ် ဒီဃကောသီက ဆွမ်းတစ်အိုးကိုတည်ထားလေ၏။ အိမ်ရှေ့ခန်းသို့လည်း တစေ့တစောင်းအကဲခတ်ရာ သံဃာတော်ရှစ်ပါးသည် တိတ်ဆိတ်တည်ငြိမ်စွာ သီတင်းသုံးလျက်ရှိကြောင်း တွေ့မြင်ရသည်။ နေမွန်းတည့်ရန်အတော်ပင်လိုသေးသဖြင့် တော်ပေသေးသည်။ ဆွမ်းအိုးကျက်ရန် မီးထိုးပေးရင်း၊ ဒေါ်မာလာတစ်ယောက်အဆင်ပြေပါစေဟု စိတ်တထင့်ထင့်ဖြင့်ဆုတောင်းနေရလေသည်။ ဒေါ်မာလာသည် ထမင်းအိုးမဆူမီမှာပင် ပြန်ရောက်လာပါသည်။ သို့သော် အသပြာငွေရှစ်ကျပ်သာရရှိသောကြောင့် ဒီဃကောသီများစွာ အံ့သြသွားသည်။ ယခင်ကအသပြာတစ်ရာပေးပြီး ဝယ်ယူလိုသော်လည်း ဒီဃကောသီ

က မရောင်းခဲ့ဘဲ၊ ကိုယ်က အရေးတကြီးသွားရောက် ရောင်းချသည့် အခါဖြစ်၍ နိကေသီကဈေးနှိမ်၍ ပေးခဲ့ခြင်းဖြစ်သည်။ ဒီဃကေသီ များစွာ ဝမ်းနည်းမိသော်လည်း "ဒါဟာ လူတွေရဲ့သဘောသဘာဝ ပဲ"ဟူ၍ စိတ်ကိုဖြေလိုက်သည်။

သို့နှင့် ဒီဃကေသီသည် ဒေါ်မာလာအား အသပြာရှစ်ကျပ်ဖြင့် လမ်းထိပ်ရှိထမင်းဆိုင်မှ ဟင်းလျာများဝယ်ရန်စေလွှတ်လိုက်သည်။ ဒေါ်မာလာပါလာသည့် ဟင်းလျာများနှင့်တကွ ပူပူနွေးနွေးချက်ထားသော ဆွမ်းများကို ရဟန်းတော်ရှစ်ပါး၏ သပိတ်ထဲသို့ အသီးသီးထည့်၍ကပ်လှူခဲ့လေသည်။ ဒီဃကေသီမှာ ဆံပင်တိုနံ့နံ့နှင့် မနေတတ်၊ မထိုင်တတ် ရှက်ရွံ့အားငယ်နေသဖြင့် ဆွမ်းကပ်ရာတွင် ကိုယ်တိုင်ကပ်လှူခြင်းမပြုဘဲ ဒေါ်မာလာကိုသာ ဆက်ကပ်စေခဲ့လေသည်။ နေမြင့်လာသဖြင့် ဆွမ်းဘုဉ်းပေးချိန် ရောက်ပြီဖြစ်၍ ရဟန်းတော်များသည် ဒီဃကေသီတို့ကပ်လှူ သောဆွမ်းကို မြိန်ယှက်စွာ ဘုဉ်းပေးလိုက်ကြလေသည်။ ငွေကြေးချို့တဲ့နေချိန်တွင် အချိန်မီစီမံဆက်ကပ်ရသော ဆွမ်းဖြစ်၍ ခမ်းနားထည်ဝါခြင်းမရှိသော်လည်း ဒီဃကေသီအဖို့ အလွန်အားရကျေနပ်နေလေသည်။

သံဃာတော်များဆွမ်းဘုဉ်းပေးပြီးသောအခါ ဒေါ်မာလာ ဆွမ်းအနုမောဒနာတရား နာကြားရန်လာခေါ်သောကြောင့် ပုန်းအောင်းနေ၍မဖြစ်တော့ဘဲ ဆံပင်တိုနှင့်ပင် တဘက်တစ်ထည်ပခုံးတင်လျက် အရှင်မြတ်တို့ရှေ့မှောက်သို့ မဝံ့မရဲဖြင့်ထွက်လာခဲ့လေ၏။ ထိပ်ဆုံးမှ မထေရ်မြတ်ကြီးက ဆွမ်းအနုမောဒနာတရားဟောကြားပြီး "လိုရာဆန္ဒပြည့်ဝပါစေ"ဟူ၍ ဆုပေးလေသည်။

ပြုံး-စာပေ

ဒီဃကေသီသည် ကွယ်လွန်သူမိဘနှစ်ပါးကိုသတိရပြီး၊ မျက်ရည်များမထိန်းနိုင်ဖြစ်လာလေ၏။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းခံစားမှုတို့တစ်ပြိုင်တည်းဖြစ်ပေါ်လျက် "တပည့်တော်မ၏ ဤကောင်းမှုအဖို့ကို ကွယ်လွန်သူ မိဘနှစ်ပါးလည်း ခံစားနိုင်ကြပါစေ" ဟု ဆုတောင်းလေသည်။ မိမိအတွက်လည်း လိုရာဆန္ဒပြည့်ဝစေရန် တောင့်တပြီး၊ မထေရ်မြတ်တို့အား ရှိခိုးကန်တော့လိုက်လေသည်။

ရဟန်းတော်ရှစ်ပါးသည် ဒီဃကေသီတို့ အိမ်ပေါ်မှ ကြွသွားပြီး မကြာမီ ကောင်းကင်ယံသို့ပျံတက်သွားသည်ကို ဒီဃကေသီတို့ ဖူးတွေ့လိုက်ရလေသည်။ နောက်တစ်နေ့နံနက်တွင် ဒီဃကေသီ အိပ်ရာမှစောစောထပြီးနောက် မနေ့က မမျှော်လင့်ဘဲ ရုတ်တရက် ပြုခွင့်ရလိုက်သော ဆွမ်းဒါနကိုပြန်လည်မြင်ယောင်ပြီး ဝမ်းမြောက်ကြည်နူးလေ၏။ ထိုအာရုံသည် အိပ်ရာမှနိုးသည်နှင့် ရှေးဦးစွာ ပေါ်ပေါက်လာပြီး၊ မိမိအမြတ်နိုးထားခဲ့သော ဆံပင်များကို သတိရနေလေသည်။ လက်ဖြင့် အမှတ်တမဲ့စမ်းသပ်ကြည့်လိုက်ရာ တိုနံ့နံ့ မဟုတ်တော့ဘဲ ယခင်အတိုင်းပင် ရှည်လျားသောဆံပင်များ ရှိနေသည်ကို တအံ့တဩ တွေ့ရလေသည်။ အိပ်မက် မက်နေတာလား၊ တကယ်လားဟုပင် မခွဲခြားနိုင်တော့ချေ။ ဒေါ်မာလာကို အလောတကြီးလှမ်းခေါ်လိုက်ပြီး သူမ၏ဦးခေါင်းမှ ရှည်လျားလှပသော ဆံပင်များကို ပြလိုက်ရာ အံ့ဩမဆုံးဖြစ်နေလေသည်။ တူဝရီးနှစ်ယောက်လုံးဆွမ်းကပ်လိုက်ရသော ရဟန်းတော်များမှာ သာမန်မဟုတ်ဘဲ မြင့်မြတ်သောရဟန္တာများဖြစ်ကြောင်း သိရှိနားလည်သွားကြလေသည်။

တူဝရီးနှစ်ယောက်လုံး ဝမ်းမြောက်ကြည်နူးနေစဉ်မှာပင်

နောက်ထပ်မျှော်လင့်ထားခြင်းမရှိသော သတင်းကောင်းတစ်ခုသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။ ထိုဆုလာဘ်ကား ဥဇ္ဇေနီနန်းတော်မှ ဘုရင်"စဏ္ဍပဇ္ဇောတ"က ဒီဃကေသီအား တော်ကောက်လိုက်ကြောင်း စာချွန်တော်ရောက်လာခြင်းပေတည်း။ ထို့နောက် အမတ်ကြီးများနှင့်အတူ ဥဇ္ဇေနီနန်းတော်သို့ လိုက်ပါခဲ့ပြီး၊ ဘုရင် "စဏ္ဍပဇ္ဇောတ"၏ မိဖုရားတစ်ပါးအဖြစ်သို့ရောက်ခဲ့လေသည်။ မိဖုရားဖြစ်လာခြင်းက မိန်းမများအတွက် အကြီးမြတ်ဆုံးဆုလာဘ်ဟု ထိုခေတ်အခါက ချီးကျူးထောမနာပြုလေ့ရှိကြသည်။

ဒီဃကေသီလို တောသူတစ်ယောက်ကို ဘုရင်မင်းမြတ်က တော်ကောက်ရခြင်းမှာ မည်သို့သော အကြောင်းကြောင့်ဖြစ်သည်ကို ရွှေနန်းတော်သို့ရောက်မှပင် ရှင်းလင်းစွာသိရလေသည်။ ဒီဃကေသီ ဆွမ်းကပ်လိုက်သော ရဟန်းတော်ရှစ်ပါးမှာ ဂေါတမဗုဒ္ဓ၏ တပည့်သာဝကကြီးများဖြစ်ပြီး အရှင်မြတ်ရှစ်ပါး၏ခေါင်းဆောင်မှာ ရှင်မဟာကစ္စည်းဖြစ်သည်။ ရှင်မဟာကစ္စည်းသည် ရဟန်းမဝတ်မီကဥဇ္ဇေနီမင်း၏ပုရောဟိတ်အမတ်ကြီးဖြစ်ခဲ့၏။ဥဇ္ဇေနီမင်းဘုရင် 'စဏ္ဍပဇ္ဇောတ'သည် ကစ္စည်းအမတ်ကြီးအား မဂဓတိုင်း ရာဇဂြိုလ်ပြည်သို့သွား၍ ဂေါတမဗုဒ္ဓအား ပင့်ဆောင်ရန် စေလွှတ်ခဲ့ပါသည်။ ကစ္စည်းအမတ်ကြီးသည် ဗုဒ္ဓဟောကြားသည့် တရားတော်ကို နာကြားရသဖြင့် ရဟန္တာဖြစ်သွားခဲ့လေ၏။ ဗုဒ္ဓအား ဥဇ္ဇေနီပြည်သို့ကြွရန်ဖိတ်ကြားသော်လည်း အချိန်အခါ မသင့်သေးသဖြင့် 'ရှင်မဟာကစ္စည်း'အမှူးရှိသောအရှင်သူမြတ်ရှစ်ပါးကိုရှေးဦးစွာ ဥဇ္ဇေနီပြည်သို့ စေလွှတ်ခဲ့၏။ အရှင်သူမြတ်ရှစ်ပါးသည် 'တေလပနာဠိ' ရွာသို့ရောက်၍၊ ဒီဃကေသီအိမ်၌ ဆွမ်းဘုဉ်းပေးပြီးနောက် ဥဇ္ဇေနီ

သို့ရောက်သွားရာ ဥဇ္ဇေနီမင်းမြတ်က ဝမ်းမြောက်စွာ ကြိုဆိုခဲ့သည်။ ဘုရင်က'အရှင်မြတ်တို့၊ အဘယ်မှာ ဆွမ်းဘုဉ်းပေးခဲ့ကြပါသလဲ' ဟု မေးမြန်းလျှောက်ထားရာ 'တေလပနာဠိ'ရွာမှ ဒီဃကေသီအိမ်၌ ဆွမ်းဘုဉ်းပေးခဲ့ကြောင်း၊ ဒီဃကေသီသည် ဆံပင်ကိုဖြတ်၍ ဆွမ်း လှူကြောင်း၊ မိန့်ကြားသောအခါ ဘုရင်မင်းမြတ်သည် အထူးနှစ် သက်တော်မူသဖြင့် ဒီဃကေသီအားတော်ကောက်၍ မြောက်စားခဲ့ လေခြင်းဖြစ်သည်။ ဒီဃကေသီ၏ ဒေါ်လေးဒေါ်မာလာအား လည်း ဒီဃကေသီ၏ အထိန်းတော်အဖြစ် နန်းတော်၌ထားလေ သည်။

ဒီဃကေသီသည် အရှင်သူမြတ်တို့အား သန့်ရှင်းဖြူစင် သော စေတနာသဒ္ဓါတရားဖြင့် ဆွမ်းကပ်လှူခဲ့ပြီးနောက် အတိုင်း မသိသော ပီတိသုခကို ရရှိခဲ့သည်။ ထိုကုသိုလ်ကောင်းမှုကြောင့် ယခုဘဝ၌ ဘုရင်မင်းမြတ်၏ မိဖုရားအဖြစ်သို့ ရောက်ရှိရုံသာမက၊ နောင်ဘဝအဆက်ဆက်၌လည်း မြင့်မြတ်သောဘဝသို့ ရောက်ရှိဦး မည်မှာ မလွဲဧကန်ပင်တည်း။

ဩကာသမဂ္ဂဇင်း
အတွဲ(၂)၊အမှတ်(၂)၊ ၂၀၀၈ခုနှစ်၊မတ်လ

## မေတ္တာရှင်မလေး-ဥတ္တရာ

ဤနေ့သည် ရာဇဂြိုလ်ပြည်ဝယ် နက္ခတ်ပွဲသဘင် ကျင်းပမည့်နေ့ဖြစ်သော်လည်း မောင်ပုဏ္ဏသည် ပွဲလမ်းသဘင်သို့ ပျော်ပွဲရွှင်ပွဲဆင်နွှဲရန်မသွားဘဲ ထွန်တုံး၊ထွန်သွား နွားစသည်တို့ကို ယူ၍ လယ်တောသို့သွားပြီး လယ်ထွန်နေလေသည်။ မောင်ပုဏ္ဏသည် မြတ်စွာဘုရားရှင်လက်ထက် ရာဇဂြိုလ်ပြည်၌ ထင်ရှားသည့် သူဌေးကြီးသုမနကိုမှီ၍ အလုပ်သမား'ပုဏ္ဏသီဟ'ဖြစ်လေသည်။ မောင်ပုဏ္ဏ၌ ဥတ္တရာမည်သော ဇနီးရှိသည်။ မောင်ပုဏ္ဏတို့မှာ အလွန်ဆင်းရဲသည့် မိသားစုလေးဖြစ်၏။

ဤနေ့၌ပင် အရှင်သာရိပုတ္တရာမထေရ်သည် နိရောဓသမာပတ်မှထ၍အဘယ်သူအားချီးမြှောက်ရမည်နည်းဟု ဉာဏ်ဖြင့်ဆင်ခြင်ကြည့်သောအခါ မောင်ပုဏ္ဏ သူဆင်းရဲ၏ ရှေးကောင်းမှုကို မြင်တော်မူလေ၏။ ထို့ကြောင့် မောင်ပုဏ္ဏလယ်ထွန်ရာ နေရာနှင့် မနီးမဝေးအရပ်သို့ ကြွတော်မူသောအခါ မောင်ပုဏ္ဏသည် မထေရ်မြတ်အား တည်ခြင်းငါးပါးဖြင့်ရှိခိုးလေ၏။ မထေရ်မြတ်သည် ရေရှိသည့်အရပ်ကိုမေးတော်မူသော် မောင်ပုဏ္ဏသည် အရှင်မြတ်အား ဒန်ပူ(သွားတိုက်တံ)နှင့် သပိတ်အပြည့်ရေကို ဆက်ကပ်လေသည်။

ပြုံး - ဘာပေ

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မျက်နှာသစ်တော်မူပြီး ဆွမ်းခံခရီးကို ဆက်လက်ကြွသွားတော်မူလေ၏။

ထိုအချိန်တွင် မောင်ပုဏ္ဏ၏အိမ်ရှင်မသည် ထမင်းဟင်းများကိုစီမံချက်ပြုတ်ကာယူဆောင်၍ ခင်ပွန်းသည်မောင်ပုဏ္ဏ လယ်ထွန်ရာလယ်တောသို့လာရာ မြို့တံခါးအနီး၌ ရှင်သာရိပုတ္တရာမထေရ်မြတ်ကိုတွေ့ရလေသည်။ မထေရ်၏ တည်ငြိမ်သော ဣန္ဒြေကိုဖူးမြင်ရသဖြင့် သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းနှင့် ဆွမ်းဟင်းအားလုံးကို လောင်းလှူလိုက်လေသည်။ ဤသို့လောင်းလှူစဉ်၌လည်း ဆင်းဆင်းရဲရဲနှင့် အသက်ရှင်ရခြင်းမှ လွတ်မြောက်ပါစေဟု ဆုတောင်းလိုက်လေသည်။ ထို့နောက် အိမ်ပြန်၍ တဖန်ထမင်းဟင်းများကို ချက်ပြုတ်ကာ လယ်တောသို့ ပြန်သွားပို့ပြီး ဆွမ်းအလှူအကြောင်းကို ပြန်လည်ပြောပြသောအခါ မောင်ပုဏ္ဏကလည်း ဒန်ပူနှင့်မျက်နှာသစ်တော်ရေအလှူအကြောင်းကို ပြန်လည်ပြောပြရင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပီတိတဖွားဖွားဖြစ်ပေါ်နေကြလေသည်။

မောင်ပုဏ္ဏသည် ထမင်းစားပြီးဇနီးသည်ဥတ္တရာ၏ ပေါင်ပေါ်၌ ဦးခေါင်းချ၍ ခေတ္တမျှအိပ်ပျော်သွားသည်။ နိုးလာသောအချိန်၌ မိမိလယ်ထွန်ထားသောနေရာသို့ လှမ်းကြည့်လိုက်သည့်အခါ မိမိမျက်စိကို ပွတ်ကြည့်ရသည်အထိ အံ့ဩသွားရလေသည်။ ကြည့်လိုက်တိုင်း လယ်ကွင်းပြင်တစ်ပြင်လုံး ရွှေရောင်များဖြင့် ဝါဝင်းလျက်ရှိနေသည်ကိုတွေ့ရ၍ ဇနီးသည်ကိုလည်း ပြသရာ ရွှေစိုင်ရွှေခဲများကိုတွေ့ရ၍ အမျိုးမျိုးစဉ်းစားနေကြပြီး မကြာမီပင် နှစ်ဦးစလုံး နားလည်သဘောပေါက်လာလေသည်။

ဒါနကောင်းမှုပြုလုပ်သည့်အခါ ဒါနပြုသူ၏စေတနာ ထက်သန်မှုသည် အလွန်ပင်အရေးကြီးသကဲ့သို့ အလှူခံပုဂ္ဂိုလ်၏ မြင့်မြတ်မှုသည်လည်း အလွန်အရေးကြီးပေသည်။ ယခု မောင်ပုဏ္ဏ တို့၏အလှူသည် ရှင်သာရိပုတ္တရာမထေရ်မြတ်သည် ရဟန္တာဖြစ် သည်ကတစ်ကြောင်း၊ လှူဖွယ်ဝတ္ထုမှာ တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်သည်ကတစ်ကြောင်း၊ မောင်ပုဏ္ဏဇနီးမောင်နှံ၏ အလှူ အပေါ်၌ စေတနာသုံးတန်နှင့် ညီညွတ်သည်ကတစ်ကြောင်း၊ ရှင်သာရိပုတ္တရာမထေရ်သည် နိရောဓသမာပတ်မှ ထခါစ အချိန် အခါဖြစ်သည်ကတစ်ကြောင်း၊ ဤအကြောင်းရပ်များအားလုံး ဖြစ်ပေါ်၍သာ မျက်မှောက်ဘဝ၌ သက်မဲ့ဖြစ်သည့် ရွှေငွေစသော ရုပ်ဝတ္ထုအကျိုးတရားများ ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။

ဤသို့ ရွှေတုံးများကို လယ်ကွင်းတစ်ပြင်လုံး အပြည့်တွေ့ နေရသော်လည်း မောင်ပုဏ္ဏတို့သည်လောဘရမ္မက်မပွားဘဲ မည်သို့ လုပ်ဆောင်ရမည်ကိုသာ စဉ်းစားကြလေသည်။ ထို့နောက် မောင် ပုဏ္ဏသည် ရွှေတုံးများကို ထမင်းချိုင့်အပြည့်ယူ၍ နန်းတော်သို့ သွားရောက်လျှောက်ထားရာ မင်းကြီးသည် လှည်းများဖြင့် ရွှေတုံး များကိုသယ်ယူရန် မောင်ပုဏ္ဏလယ်ထွန်ရာအရပ်သို့ မင်းမှုထမ်းတို့ အား စေလွှတ်လိုက်၏။

မင်းမှုထမ်းများသည်"မင်းကြီး၏ဘုန်းကံကြောင့်ဖြစ်ပေ ၏"ဟု နှုတ်မှပြောဆိုကြလျက် ရွှေစိုင်ခဲတို့ကိုကောက်ယူရာ ကောက် ယူသမျှ မြေစိုင်ခဲများသာ ဖြစ်သွားကြသည်။ မင်းချင်းတို့သည် နန်းတော်သို့ သွားရောက်လျှောက်ထားကြရာ ဗိမ္ဗိသာရမင်းကြီးက "မောင်ပုဏ္ဏဘုန်းကံဖြစ်ပေ၏ဟု နှုတ်မှရွတ်ဆို၍ ကောက်ယူကြ

လော့’ဟု မှာကြားလိုက်ရာ မင်းချင်းတို့သည် ထိုသို့ရွတ်ဆို၍ ကောက်ယူမှသာ ရွှေတုံးအစစ်တို့ကို ယူနိုင်လေသည်။ရွှေတုံးရွှေခဲများကိုလည်းအစီးပေါင်းများစွာဖြင့် သယ်ဆောင်ပြီး မင်းရင်ပြင်၌ စုပုံထားကြသည်။ ရွှေပုံကြီးမှာ ထင်းတဆင့်ခန့်မြင့်၍နေသည်။ မင်းကြီးသည်မောင်ပုဏ္ဏနှင့် ဥတ္တရာတို့ကို နေအိမ်၊ ဝင်းခြံများဖြင့်တခမ်းတနားထားစေပြီး‘မဟာဓနသေဋ္ဌ’ အမည်ဖြင့်သူဌေးကြီးဘွဲ့ကို ချီးမြှင့် ပေးလိုက်သည်။ မောင်ပုဏ္ဏနှင့် ဥတ္တရတို့၌ သမီးတစ်ယောက်ရှိရာ ဥတ္တရာဟုပင်ခေါ်လေသည်။

မဟာဓနသေဋ္ဌအမည်ရှိ ပုဏ္ဏသီဟသူဌေးကြီးသည် သူဌေးဘွဲ့မင်္ဂလာပွဲ ဆင်ယင်ကျင်းပသောအခါ ခုနှစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ကြီးစွာသော အလှူကို ပေးလေသည်။ ပုဏ္ဏသီဟသူဌေးမိသားစုသည် ဗုဒ္ဓအားအလွန်ပင်ကြည်ညိုပြီး၊ သဒ္ဓါတရားထက်သန်စွာနှင့်ပင် အလှူဒါနများကို ပြုလုပ်လေ့ရှိသည်ဖြစ်ရာသမီးဥတ္တရာသည်လည်း ဘုရားရှင်နှင့်သံဃာတော်တို့အား လွန်စွာကြည်ညိုလျက် ဥပုသ်သီလ ဆောက်တည်လေ့ရှိသည့် ဗုဒ္ဓ၏ ဥပါသကာမတစ်ဦးဖြစ်ပေသည်။ ထို့ပြင် ဗုဒ္ဓ၏တရားတော်၌ သက်ဝင်ယုံကြည်သည့် သောတာပန်အဆင့်ထိ ရောက်ရှိနေပြီး ဗုဒ္ဓ၏သမီးတော်တစ်ဦးလည်းဖြစ်လေသည်။

ရာဇဂြိုလ်သူဌေးသုမနသည် ပုဏ္ဏသူဌေး၌အရွယ် ရောက်သောသမီးရှိသည့်အတွက် သူ၏သားနန္ဒနှင့် ထိမ်းမြားလိုကြောင်း ကမ်းလှမ်းသောအခါ ပုဏ္ဏသူဌေးကြီးက သမီးဥတ္တရာသည် သောတာပန်အရိယာလည်းဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူရှိသူနှင့် သဘောမတူနိုင်ဟူ၍ ပြန်လည်ပြောကြားလိုက်သည်။ သမီးဥတ္တရာသည် အရွယ်

ရောက်လာသောအချိန်တွင် မမျှော်လင့်ဘဲသူဌေးသမီးကလေး ဖြစ်လာခဲ့သည်။ ရုပ်ဆင်းရူပကာချောမောလှပပြီး လိမ္မာယဉ်ကျေးသူလေးဖြစ်ခြင်းကြောင့်လည်း ထင်ရှားလာခဲ့သည်။

သုမနသူဌေးကြီး၏သား နန္ဒသည် ပုဏ္ဏသူဌေး၏သမီး ဥတ္တရာ၏မေတ္တာကိုရယူရန်ကြိုးစားနေသူဖြစ်သည်။ များစွာသော သူဌေးသူကြွယ်များကလည်း ဥတ္တရာကို နှစ်သက်နေကြသည့်အနက် မောင်နန္ဒမှာ ပို၍အခွင့်အလန်းသာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဥတ္တရာ၏မိဘများမှာမောင်နန္ဒမိဘများထံ၌ မှီခိုခဲ့ဖူးသဖြင့် ကျေးဇူးခံ၊ ကျေးဇူးစားများဖြစ်ကြသောကြောင့် ဖြစ်သည်။ သုမနသူဌေးကြီးသည် သားမောင်နန္ဒ၏တောင်းဆိုမှုကြောင့် ပုဏ္ဏသေဌသူဌေးထံချဉ်းကပ်၍ ဥတ္တရာနှင့် လက်ထပ်ခွင့်ပေးရန် ကမ်းလှမ်းခဲ့သည်။ ဘာသာအယူအဆ မတူမှုကြောင့် ချက်ချင်းသဘောမတူဘဲနေခဲ့သည်။ ထို့ကြောင့် သုမနသူဌေးသည်မိတ်ဆွေသူဌေးကြီး ငါးဦးကိုခေါ်၍ ပုဏ္ဏသေဌ သူဌေးကြီးအိမ်သို့သွားကြသည်။

သူဌေးကြီးတို့သည် ဥတ္တရာအားလက်ထပ်ရန် ကမ်းလှမ်းချက်ကိုလက်ခံရန်၊ မောင်နန္ဒနှင့်သမီးဥတ္တရာတို့မှာ ရှေ့သွားနောက်လိုက်ညီပါကြောင်း၊ အလွန်သင့်မြတ်ပါကြောင်း၊ ပုဏ္ဏသူဌေးကြီးဇနီးမောင်နှံအား အမျိုးမျိုးတိုက်တွန်းကြလေသည်။ ထို့ကြောင့် ပုဏ္ဏသူဌေးကြီးကလည်း သုမနသူဌေးကြီး၏ကျေးဇူးတရားကိုသိတတ်၍တစ်ကြောင်း၊ မိမိ၏သမီးသောတာပန်ကိုအမှီပြု၍ အယူဝါဒမတူသူများကို ဗုဒ္ဓ၏တပည့်သာဝကဖြစ်အောင်လုပ်ဆောင် နိုင်ပေ၏ဟူသော မျှော်လင့်ချက်ရှိသည်က တစ်ကြောင်းကြောင့် သမီးနှင့်ထိမ်းမြားလက်ထပ်ရန် သဘောတူခဲ့လေသည်။

ပြုံး–စာပေ

ဤသို့ဖြင့် မောင်နန္ဒနှင့် ဥတ္တရာတို့၏ လက်ထပ် မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာကျင်းပပြီး သမီးဥတ္တရာသည် သုမနသူဌေးကြီးအိမ်သို့ လိုက်သွားရလေသည်။ ဥတ္တရာသည် ယောက္ခမအိမ်၌ ချွေးမ၏ဝတ္တရားများကို မလစ်ဟင်းစေဘဲလုပ်ဆောင်သည်။ လင်သားအပေါ်တွင်လည်း မယားဝတ္တရားငါးပါးနှင့်ပြည့်ဝစွာ လုပ်ဆောင်သည်။ သို့သော်လည်း သုမနသူဌေးအိမ်၌ တက္ကတွန်းတို့ကို ကိုးကွယ်ဆည်းကပ်သော်လည်း ဥတ္တရာကမူ ကိုးကွယ်ခြင်း၊ ဝတ်ပြုခြင်းမလုပ်သည်ကို သုမနသူဌေးကြီးမိသားစု သိရှိပြီးဖြစ်သည်။ ဥတ္တရာသည်ယခင်ကတည်းကပင် တစ်လလျှင်ရှစ်သီတင်းဥပုသ်ဆောက်တည်ခဲ့ရာ၊ ယခုလည်းဥပုသ်စောင့်ရန် ခင်ပွန်းသည်ထံခွင့်တောင်းသော်လည်း ခွင့်မပြုခဲ့ပေ။ ဝါတွင်းသုံးလအနက် နှစ်လခွဲကျော်၍ လဝက်သာကျန်တော့သည်ဖြစ်၍ မိဘများထံအသပြာငွေတစ်သောင်းငါးထောင်ကို တောင်းပြီး ရာဇဂြိုလ်ပြည်၌ ကျော်ကြားသော ပြည့်တန်ဆာတစ်ဦးဖြစ်သည့်အလှမယ်သီရိမာကိုပေး၍ တဆယ့်ငါးရက်လုံးသူဌေးသားနန္ဒကို ပြုစုယုယရန် တာဝန်ပေးပြီး၊ ဥပုသ်စောင့်ရန် သဘောတူညီမှုရယူခဲ့ရလေသည်။

သုမနသူဌေးအိမ်၌ရဟန်းသံဃာများ တစ်ပါးမှကြွလာသည်ကိုမတွေ့ရဘဲ တက္ကတွန်းများကိုသာ ဆွမ်းလောင်းနေကြသည်ကိုတွေ့နေရသဖြင့် ဥတ္တရာမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရလေသည်။ တက္ကတွန်းတို့အား ဆွမ်းလောင်းခြင်း၊ ရှိခိုးခြင်းမလုပ်သော်လည်း သူတို့အားလောင်းလှူရန်မူ ချက်ပြုတ်စီမံပေးသည်။ ယခုမူ မိမိ၏အလိုဆန္ဒအတိုင်း ဘုရားရှင်နှင့်သံဃာတော်များအား ပင့်ဖိတ်လှူဒါန်းရပေတော့မည်။ ဥတ္တရာသည် နန္ဒကလက်ခံသဘောတူ

သောကြောင့် နေ့တိုင်း၊နေ့တိုင်းစောစောထ၍ ကျွန်မများနှင့်အတူ မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အတွက် ခဲဖွယ်ဘောဇဉ်များကို စီမံ၍ လောင်းလှူလေသည်။ ထိုအခါ တက္ကတွန်းတို့က ဥတ္တရာ သံဃာတော်များအား ဆွမ်းလောင်းလှူဆက်ကပ်သည်ကိုမြင်၍ သုမနသူဌေးကြီးအား ဂေါတမ၏တပည့်သာဝကခံလိုက်ပြီလော ဟူ၍ မကျေမနပ်ပြစ်တင်ဝေဖန်လာသည်။ သုမနသူဌေးကြီးသည် သားနန္ဒ၏ မျက်နှာကိုထောက်ထားပြီး ဥတ္တရာ၏အလိုဆန္ဒကို ဖြည့်ရမည်ဖြစ်ကြောင်းပြောပြမှသာ ဝေဖန်သံများ တိတ်သွားသည်။ ထိုသို့ ဆွမ်းများလှူဒါန်းဆက်ကပ်ပြီးနောက် ဘုရားရှင်နှင့်သံဃာ တော်များ ကြွသွားသောအခါ ဥတ္တရာသည် ဥပုသ်ဆောက်တည်ပြီး မြတ်သောပြသာဒ်ပေါ်၌ နေလေ့ရှိသည်။

ထိုအချိန်၌ သူဌေးသားသည် သီရိမာနှင့်အတူ နန်းဆောင်၌ပျော်ပါးနေရာမှ လေသာပြတင်းကိုဖွင့်၍ ကြည့်ရှုစဉ်ဥတ္တရာသည် ဆွမ်းဘောဇဉ်အတွက် ထမင်းဟင်းတို့ကိုချက်ပြုတ်နေရာ မီးသွေးများဖြင့် ပေကျံနေသည်ကိုမြင်ရ၍ ‘ဤမိန်းမသည် သူဌေးမစည်းစိမ်ကိုစွန့်ပယ်၍ ထမင်းအိုး၊ဟင်းအိုးများချက်၍ ကျွန်မများကြား၌ သာပျော်၏”ဟု အောက်မေ့ပြီးပြုံးလေ၏။ ထိုအချိန်တွင် ဥတ္တရာ သည်လည်း နန္ဒကိုလှမ်းမြင်သောအခါ “ဤသူသည် သူ၏စည်းစိမ် များမှာ အမြဲတမ်းတည်တံ့နေမည်ဟု ထင်နေပေသည်။ သူမိုက်ပေ တည်း”ဟု စဉ်းစားမိ၍ပြုံးလိုက်သည်။

သီရိမာသည် နန္ဒနှင့်ဥတ္တရာဤသို့ပြုံးရယ်နေသည်ကို ကြည့်ပြီး ဒေါသထွက်သွားသည်။ သူမသည် သူဌေးသား နန္ဒ၏ ယာယီမယားဖြစ်ပြီး ဥတ္တရာ၏ခင်ပွန်းဖြစ်သည်ကိုမေ့လျော့သွား၏။

ပြုံး-စာပေ

သီရိမာသည် အိမ်ပေါ်မှပြေးဆင်းကာ ထောပတ်အိုးထဲမှ ထောပတ် ဆီပူကိုခပ်ယူ၍ ဥတ္တရာထံပြေးလာသည်။ သီရိမာပြေးလာသည်ကို ဥတ္တရာမြင်သောအခါ မိမိအားရန်မူမည်ကိုသိသော်လည်း အမျက် မထွက်ဘဲ မေတ္တာစိတ်ကို နှလုံးသွင်းထားခဲ့လေသည်။ သီရိမာသည် ဥတ္တရာ၏ခေါင်းပေါ်သို့ ထောပတ်ဆီပူများလောင်းချလိုက်သည်။ သို့သော်လည်း ဥတ္တရာကအမျက်မထွက်ဘဲ သည်းခံသည်ဖြစ်၍ ထောပတ်ဆီပူများသည် ပဒုမ္မာကြာရွက်ပေါ်လောင်းချသကဲ့သို့ လျှောကျသွားလေသည်။

သီရိမာသည် ထောပတ်ဆီပူဖြင့် ပက်သော်လည်း ဥတ္တရာ ဘာမှ မဖြစ်သည်ကိုမကျေနပ်၍ နောက်တစ်ကြိမ်ပက်ရန် အိုးထဲသို့ ပြေးခပ်သောအခါ ဥတ္တရာ၏ကျွန်မများကဖမ်းချုပ်ပြီး ရိုက်နှက်ကြ လေသည်။ ဥတ္တရာက သီရိမာအားရိုက်နှက်သည်ကို ရပ်တံ့စေပြီး၊ သီရိမာအား ဒဏ်ရာတို့ကို ပြုစုပေးလေသည်။ ထိုအခါမှပင် သီရိမာ သည် သူ၏အမှားများကိုမြင်လာပြီး ဥတ္တရာအားတောင်းပန်သည့် အခါ ဥတ္တရာက ဘုရားရှင်အားလျှောက်ထားပြီး ဘုရားရှင်က ခွင့်လွှတ်တော်မူပြီးမှသာ မိမိကိုယ်တိုင်ကလည်း ခွင့်လွှတ်ပါမည်ဟု ပြောကြားလေသည်။

ထိုအချိန်၌ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များသည် ဥတ္တရာ၏နေအိမ်သို့ ကြွရောက်တော်မူလာသည်။ သီရိမာသည် မြတ်စွာဘုရားရှင်ထံသွား၍ ဥတ္တရာအပေါ် ကျူးလွန်ခဲ့သည့် အပြစ် တို့ကို သည်းခံခွင့်လွှတ်တော်မူပါရန် လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် သည်းခံခွင့်လွှတ်ကြောင်းပြောကြားသည့် အခါမှ သီရိမာသည် ဥတ္တရာထံသို့သွား၍ ကန်တော့လေသည်။

ပြီး–စာပေ

ဘုရားရှင်သည် ဥတ္တရာအား သီရိမာက ထောပတ်ဆီပူဖြင့် လောင်းပက်စဉ်၌ မည်သို့ နှလုံးသွင်းကြောင်းမေးသောအခါ ဥတ္တရာက "ငါသည် သီရိမာကြောင့်ဥပုသ်စောင့်ခွင့်ရရှိခဲ့၏။ အလှူဒါန ပြုခွင့်ရရှိခဲ့၏။ သီရိမာ၏ကျေးဇူးရှိ၏။ ငါသည် သီရိမာအပေါ်၌ အမျက်ပွားမိလျှင် ဆီပူသည် ငါ့အားလောင်ပါစေ။ အမျက်မပွားခဲ့လျှင်ဆီပူသည် ကျွန်ုပ်အား မလောင်ပါစေနှင့်"ဟူ၍ သစ္စာပြုပြီး မေတ္တာစျာန်ကိုဝင်စား၍နေကြောင်း လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည် စျာန်ဝင်စားလေ့ရှိသည့် ဥပါသကာမများထဲတွင် ဥတ္တရာသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်ပေ၏ဟု ချီးကျူးတော်မူကာ ဧတဒဂ်ရာထူး၌ထားတော်မူလေ၏။

မှီငြမ်းကိုးကားသောစာအုပ်များ — ဂန္ဓဝင်မဂ္ဂဇင်း
မဟာဗုဒ္ဓဝင် — အမှတ်(၉)၊၂၀၀၂-ခုနှစ်
ဆဋ္ဌမတွဲ(ဒု)ပိုင်း — စက်တင်ဘာလ

## မုလေးပန်းသခင်မ

ဤဇမ္ဗူဒိတ်ကျွန်း၌ ရထားငါးရာကိုယ်စီစီးသည့် သတို့သမီးငါးရာ၊ အခြွေအရံအဆောင်အယောင် အခမ်းအနားကိုရရှိသော အမျိုးသမီးတို့မှာဗိမ္ဗိသာရမင်းကြီး၏သမီးတော် စုန္ဒီမင်းသမီး၊ ဓနဥ္စယသူဌေး၏သမီး ဝိသာခါနှင့် ပသေနဒီကောသလမင်းကြီး၏သမီးတော်သုမနာမင်းသမီးတို့ ဖြစ်သည်။

သုမနာသည် ဥပါသိကာမများထဲတွင် အထင်အရှားဖြစ်သော ဥပါသိကာမတစ်ယောက်ဖြစ်ပေသည်။ တစ်ချိန်သောအခါတွင် သုမနာမင်းသမီးသည် ဗုဒ္ဓထံသို့ဖွားဖက်တော်ငါးရာတို့နှင့်အတူ ငါးရာသောရထားတို့ဖြင့် သွားရောက်ပူဇော်ခဲ့ပြီး၊ဒါန၏အကျိုးဆက်များကိုသိလို၍ မေးလျှောက်ခဲ့ကြသည်။ သုမနာမင်းသမီး၏အတိတ်ဘဝကို ပြန်ကြည့်လျှင် လွန်ခဲ့သော (၉၁)ကမ္ဘာဝိပဿီမြတ်စွာဘုရား လက်ထက်အခါက၊ တိုင်းပြည်ကို အုပ်စိုးသောပြည့်ရှင်မင်းကြီးသည် ပြည်သူပြည်သားများ၊ စစ်သူကြီး၊မင်းညီမင်းသားများအားလုံး မြတ်စွာဘုရားအား လှူဒါန်းပူဇော်ခွင့်မပြုဘဲအရှင်မင်းကြီးသာ လှူဒါန်းပူဇော်လေသည်။ ထိုအခါ မင်းညီမင်းသားများသည် စစ်သူကြီးထံသွား၍ “ဘုရားရှင်အားပူဇော်ခွင့်

မရလျှင် အရှင်မင်းကြီးအားစစ်ပြုမည်။ အသင်ရောမည်သို့ပြုမည်နည်း”ဟုမေးမြန်းရာ စစ်သူကြီးကလည်း “အကျွန်ုပ်လည်း သင်တို့နှင့်တူတူသာဖြစ်သည်”ဟု ဆိုလေသည်။ ထို့ကြောင့် ပြည့်ရှင်မင်းကြီးလည်း ဝိပဿီမြတ်စွာဘုရားအား လှူဒါန်းပူဇော်ခွင့်ပြုရလေသည်။ စစ်သူကြီးကိုအမှီပြု၍ ဘုရားအမှူးရှိသောသံဃာတော်များကို ဆည်းကပ်ပူဇော်ခွင့်ရခဲ့ကြသည်။ ထို့ကြောင့် ပထမဦးဆုံးအနေဖြင့် စစ်သူကြီးအား ဦးစားပေးပြီး လှူဒါန်းပူဇော်ခွင့်ပေးလေသည်။ ထို့ကြောင့် စစ်သူကြီးသည် မြတ်စွာဘုရားအား အခြားသူများမလှူစေရန် အစောင့်များချထားပြီး “လှူမည့်သူလာလျှင်တားဆီးကြ” လှူဖွယ်ဝတ္ထုပါလျှင်မဝင်စေရဟု ခိုင်းထားလေသည်။ ထို့နောက် အသပြာတစ်သိန်းထိုက်သော ရွှေခွက်ဖြင့်ကပ်လှူရန် ရေမရောသော ရသာထူးသည့် နို့ယနာဆွမ်းကို စီမံလေသည်။

ထိုအချိန်အခါ၌ သုမနာမင်းသမီးသည် သေဋ္ဌိသဌေးအမျိုးအနွယ်ဖြစ်၍ ဉာဏ်ပညာထက်မြက်သော သူဌေးသမီး သဒ္ဓါသုမနဖြစ်ခဲ့သည်။ မိခင်သူဌေးကတော်ကြီးသည် မြတ်စွာဘုရားအား လှူဒါန်းလိုသော်လည်း လှူခွင့်မရ၍ သူ၏သမီးဖြစ်သူ သူဌေးသမီးရှေ့တွင် ငိုကြွေးလေသည်။ “သင်၏ဖခင်သူဌေးကြီးကားမြတ်စွာဘုရားအားပူဇော်ခွင့်မရခဲ့သော် သေလိမ့်မည်”ဟု ပြောဆိုငိုကြွေးသောအခါ သူဌေးသမီးက “ဘာမှမပူပါလင့်မယ်မယ်၊ သမီးဖြစ်အောင်စီစဉ်ပါမည်”ဟုပြော၍ ရွှေခွက်ဖြင့် နို့ယနာဆွမ်းကို အပြည့်ထည့်ကာအပေါ်မှ မြတ်လေးပန်း(ဝါ)မုလေးပန်းများကို အုပ်၍အခိုင်းအစေများနှင့်အတူ ထွက်လာခဲ့သည်။ ဘုရားရှင်ကြွရာလမ်း၌ ဘုရားရှင်ထံသို့ မည်သူမျှပူဇော်မှုမပြုစေရန် စောင့်

နေသော အစောင့်များအား သူဌေးသမီးက "ပန်းကပ်လှူ၍ မရဘူးလားရှင်"ဟုမေးရာ အစောင့်များက စစ်သူကြီးထံသို့လူလွှတ်၍ "ပန်းလှူခွင့်ရှိသလား"ဟု မေးသော် စစ်သူကြီးက"ပန်းလှူမည့်သူဝင်ပါစေ"ဟု အဖြေစကားရ၍ ဝင်ခွင့်ပေးလိုက်လေသည်။

ထိုမြတ်လေးပန်း (ဝါ) မုလေးပန်းအုပ်ထားသော ထူးကဲသည့်အရသာနှင့်ပြည့်စုံသော နို့ဃနာဆွမ်းကိုဝိပဿီမြတ်စွာဘုရားအားကပ်လှူပြီးနောက် "မြတ်စွာဘုရား၊ ဘဝသံသရာဖြစ်လေရာဝယ် တပည့်တော်မအား ပင်ပန်းဆင်းရဲစွာ အသက်မွေးရမှုမဖြစ်ရပါစေသား၊ တပည့်တော်မလှူဒါန်းသော မုလေးပန်းကဲ့သို့ဖြစ်လေရာဘဝတိုင်း လူအများချစ်နှစ်သက်သော အမျိုးသမီးသာဖြစ်ရပါလို၏။ တပည့်တော်မသည် ဖြစ်လေရာဘဝတိုင်းဘဝတိုင်းမုလေးပန်းကဲ့သို့ဖြူဖွေးစင်ကြယ်သောကိုယ်ဖြစ်ရပြီး သုမနဟူသောအမည်ကိုလည်း ရပါလို၏"ဟူ၍ဆုတောင်းခဲ့လေသည်။ထိုသို့အခြားသူများထက် အလျင်ဦးဆုံးဝိပဿီမြတ်စွာဘုရား အမှူးပြုသောသံဃာတော်များကို ရေမရောသောနို့ဃနာဆွမ်းကိုဆက်ကပ်လှူဒါန်းခဲ့လေသည်။

ဝိပဿီမြတ်စွာဘုရားရှင်သည် စစ်သူကြီးအိမ်သို့ ကြွချီတော်မူ၍ ခင်းကျင်းထားအပ်သော မြတ်သောနေရာ၌ ထိုင်တော်မူလေသည်။ ထိုအခါ စစ်သူကြီးက ရွှေခွက်ဖြင့် ရေမရောသောနို့ဃနာဆွမ်းကိုကိုယ်တိုင်ကပ်လှူရာ မြတ်စွာဘုရားရှင်က သပိတ်ကိုလက်ဖြင့် ပိတ်ကာတော်မူလေသည်။မြတ်စွာဘုရားရှင်က "လမ်းမှာဆွမ်းရခဲ့ပြီ၊ မြတ်လေးပန်း(မုလေးပန်း)ကို ဖယ်သောအခါ ဆွမ်းကိုတွေ့ရပေသည်။ ထိုဆွမ်းသည် သံဃာတော်များအားလည်း

လောက်ငှပြည့်စုံ၍ ဘုဉ်းပေးပြီးတော်မူလေပြီ”ဟု မိန့်တော်မူလေသည်။

ထိုအခါစစ်သူကြီးသည် အခြားလှူဖွယ်ပစ္စည်းများကို လှူဒါန်းလေသည်။ မင်္ဂလာနှင့်ပြည့်စုံသော တရားဒေသနာ ဟောကြားတော်မူပြီးနောက်၊ ဘုရားရှင်ပြန်ကြွသွားသောအခါ စစ်သူကြီးက “ပန်းများကိုအုပ်၍ဆွမ်းလှူသောသူက မည်သူနည်း”ဟုမေးသော် အစောင့်များက “သူဌေးသမီးပါ”ဟု ဖြေကြားလေသည်။ စစ်သူကြီးက “ဒီအမျိုးသမီးကား ပညာရှိပါပေသည်။ သူမအိမ်မှာ အတူနေထိုင်ရသည့်ယောကျ်ားသည်လည်း နတ်ပြည်ရောက်ဖို့ မခဲယဉ်းပေဘူး”ဟု ချီးမွမ်းပြောဆိုကာ သူဌေးသမီးကိုခေါ်၍ အကြီးအကဲနေရာ၌ ထားလေသည်။ သူဌေးသမီးသည် မိဘအိမ်မှ ဥစ္စာပစ္စည်းများ၊ စစ်သူကြီးအိမ်မှ ဥစ္စာပစ္စည်းများကိုအသက်ထက်ဆုံး လှူဒါန်းခွင့်ရရှိခဲ့လေသည်။ ထိုဘဝမှ သေလွန်သောအခါ နတ်ပြည်သို့ရောက်သော် ဒူးဆစ်ထိဖုံးလွှမ်းအောင် မြတ်လေးပန်းမိုးရွာသွန်းသောကြောင့် “သုမနဒေဝီတာနတ်သမီး”အမည်ကို ရရှိခဲ့လေသည်။

ထိုမှ (၉၁)ကမ္ဘာပတ်လုံး လူ့ပြည်၊နတ်ပြည်၌ ကျင်လည်ခဲ့ရလေသည်။ ဂေါတမဘုရားရှင် လက်ထက်၌ လူ့ပြည်၌ ပသေနဒီကောသလမင်းကြီး၏ အဂ္ဂမဟေသီမိဖုရားခေါင်ကြီး၏ ဝမ်းမှာ ပဋိသန္ဓေနေရလေသည်။ ထိုအချိန်၌ အခြားသောအမျိုးသမီးငါးရာ၌လည်းပဋိသန္ဓေတည်ကြလေသည်။ဤသို့ဖြင့် ပသေနဒီကောသလမင်းကြီးနှင့် မိဖုရားကြီးမှ ဖွားမြင်သော သမီးတော်ဘဝ ရောက်လာခဲ့သည်။

*“ဖွားတော်ငါးရာ ခြွေရံပါသည့်*
*ဘုရင်နွယ်ဖွားရွှေနန်းထားသည့်*
*ဖြူစင်ဝင်းသစ် ပန်းဖွယ်တင့်သည့်*
*ပြစ်မျိုးမထင် အလှရှင်ဟု*
*ကျော်ဇောကိတ္တိ သာဝတ္ထိ၌*
*မုလေးပန်းမိုး ဖြိုင်ဖြိုင်စိုးသည်*
*မြတ်သူ့အလှ ပန်းသခင်မ”*

ထိုမင်းသမီးဖွားသန့်စင်သော အချိန်သမယတွင် မုလေးပန်း(မြတ်လေးပန်း)မိုးသည် ပုဆစ်ဒူးဝန်းနစ်လုမျှ ဖြိုင်ဖြိုင်ရွာသွန်းသဖြင့်ပသေနဒီကောသလမင်းကြီးက“သုမနာ”ဟုပင် အမည်ခေါ်တွင်စေလေသည်။ သုမနာမင်းသမီးမွေးဖွားသော အချိန်၌ပင် အခြားမည်သည့်ပုဂ္ဂိုလ်များမွေးဖွားသူများရှိသနည်းဟု တိုင်းပြည်အတွင်း လှည့်လည်၍မောင်းကြေးနင်းခတ်ပြီး ကြေငြာသောအခါ ဖွားဖက်တော်အမျိုးသမီးငါးရာ မွေးဖွားကြောင်းသိရလေသည်။ “သုမနာမင်းသမီး”သည်လွန်ခဲ့သော ဘဝများစွာကကဲ့သို့ပင် ဖွားဖက်တော်ငါးရာနှင့်အတူ မွေးဖွားလာပေသည်။ သုမနာမင်းသမီးလေးအား ဖွားဖက်တော်ငါးရာနှင့်အတူ ချမ်းသာစွာစံရလေသည်။ သုမနာမင်းသမီးအား ရထားငါးရာပေးထားပြီး ခရီးထွက်လျှင် ဖွားဖက်တော်အမျိုးသမီးငါးရာတို့သည်လည်း ရထားကိုယ်စီဖြင့် လိုက်ပါစေလျက် အဆောင်အယောင်၊အခမ်းအနားတို့ဖြင့် တင့်တယ်စွာ သွားရလေသည်။

ဝိပဿီမြတ်စွာဘုရားလက်ထက်က ကာသိတိုင်း၊ ကောသလတိုင်းဟူသော တိုင်းကြီးနှစ်ခုတို့၏မြို့တော် သာဝတ္ထိသည်

အလွန်ကြီးကျယ်စည်ကားခဲ့ပေ၏။ သာဝတ္ထိမြို့တော်သည် အစိရဝတီမြစ်ကမ်းပါး၌တည်ရှိသည်။ မြို့နေလူဦးရေ ခုနှစ်ကုဋေကျော်ရှိပြီး၊ အိုးအိမ်တိုက်တာအဆောက်အဦများနေရာမလပ် ပြည့်ကြပ်နေပေသည်။ ပသေနဒီကောသလမင်းကြီး ထီးနန်းစိုက်ရာမြို့ဖြစ်ပေသည်။ နန်းဆောင်နှင့်မြို့ရိုး၊ ကျုံးမြောင်းစသည်တို့သည် မြို့တော်၏ ဂုဏ်ကျက်သရေကို ဆောင်လျက်ရှိလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်၌ တတိယဝါဆိုပြီး၊ ဝါကျွတ်သောအခါ အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားအား လှူဒါန်းမည့်ကျောင်းဆောက်လုပ်ပြီးစီးလေသည်။ အနာထပိဏ်သူဌေးကြီး၏ပင့်ဖိတ်ချက်အရ သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကြွရောက်မည်ဖြစ်လေသည်။ အနာထပိဏ်သူဌေးကြီးသည် ပသေနဒီကောသလမင်းကြီးအား "မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသခင်သည် ကျွန်ုပ်တို့နေထိုင်ရာ သာဝတ္ထိပြည်သို့ ကြွရောက်တော်မူလာခြင်းသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။ အရှင်မင်းကြီးအတွက်လည်း မင်္ဂလာကြီးတစ်ခုဖြစ်ပါပေသည်။ ထို့ကြောင့် သမီးတော်သုမနာမင်းသမီးကို သတို့သမီးငါးရာနှင့်တကွ ပန်းနံ့သာရေအိုးများ၊ ပန်းအလှအိုးများကိုင်စေပြီး မြတ်စွာဘုရားရှင်အား ကြိုဆိုပင့်ဆောင်ရန် စေလွှတ်စေချင်ပါသည်" ဟုလျှောက်ထားရာ ဘုရင်ကြီးက သဘောတူခွင့်ပြုတော်မူလေသည်။

ထိုအချိန်အခါတွင် ခုနှစ်နှစ်အရွယ်သာရှိသေးသော သုမနာမင်းသမီးလေးသည်ခမည်းတော်မင်းကြီးမိန့်ဆိုတော်မူသည့်အတိုင်းမြတ်စွာဘုရားထံသို့ အဆောင်အယောင်အခမ်းအနားတို့ဖြင့် သွားရောက်ကြိုဆိုပြီး ပန်းနံ့သာတို့ဖြင့် ပူဇော်၍လျှောက်ပတ်

တင့်တယ်သော အရပ်၌ထိုင်နေလေသည်။ မြတ်စွာဘုရားရှင်သည် သုမနာမင်းသမီးနှင့် အခြံအရံများအား တရားရေအေးတိုက်ကျွေးတော်မူလေသည်။ မြတ်သောအချိန်အခါ၊ မြတ်သောမဂ်လာနှင့် ပြည့်စုံသောအခါသမယ၌ တရားထူးတရားမြတ်ကိုနာကြားရကုန်သော သုမနာမင်းသမီးနှင့် အခြံအရံ မင်းသမီးငါးရာတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြလေသည်။

ကျမ်းကိုး
အင်္ဂုတ္တရ အဋ္ဌကထာ
(တတိယတွဲ)

## ပန်းမြွတ်မာလာ စူဠသုဘဒ္ဒါ

စူဠသုဘဒ္ဒါ အလှကို ပန်းနှင့်တင်စားရလျှင်ဖြင့် အဆင်း အားဖြင့်လည်းလှသူ၊ အနံ့အားဖြင့်လည်းမွှေးသူ၊ လှပသော မွှေးပျံ့ သင်းသော ပန်းကလေးနှင့်အလားသဏ္ဌာန်တူပေသည်။ စူဠ သုဘဒ္ဒါမှာ အရွယ်အဆင်းနှင့်ပြည့်စုံရုံသာမက၊ အမူအယာအားဖြင့် လည်း ယဉ်ကျေးသိမ်မွေ့ပါပေသည်။ အိမ်မှုကိစ္စဗာဟီရများကို လည်း စေ့စေ့စပ်စပ်လုပ်ဆောင်နိုင်ပါပေသည်။ ဗုဒ္ဓ၏သာသနာ တော်၌ သက်ဝင်ယုံကြည်၍ ဘာသာတရားကို အထူးကိုင်းရှိုင်းပါပေ သည်။

စူဠသုဘဒ္ဒါသည် သာဝတ္ထိမြို့၌ ထင်ရှားသော အနာ ထပိဏ်သူဌေး ၏သမီးဖြစ်ပေသည်။ အနာထပိဏ်သူဌေး၏ ငယ် နာမည်မှာ "သုဒတ္တ"ဖြစ်သည်။ အနာထပိဏ်သူဌေးသည် ဘုရား ရှင်အား အလွန်ကြည်ညို၍ ဘာသာတရားကိုင်းရှိုင်းသူ၊ ဆင်းရဲ နွမ်းပါးသူများအား ပေးကမ်းထောက်ပံ့သူ၊ သဒ္ဓါတရားရှိသူ သူဌေး ကြီး ဖြစ်ပေသည်။ "ဒါနသာလာ"ဇရပ်တစ်ခုဆောက်လုပ်ပြီး ခရီး သွားဧည့်သည်များ၊ ခိုကိုးရာမဲ့သူများအား စားနပ်ရိက္ခာနေ့စဉ် ပေးလှူသူလည်းဖြစ်သည်။ ခိုကိုးရာမဲ့သူများကို ထမင်းပေးသော

ကြောင့် ခိုကိုးရာမဲ့သူတို့အား ထမင်းပေးသူ "အနာထပိဏ်"ဟူ၍ ဂုဏ်သတင်းကျော်ဇောခဲ့ခြင်းဖြစ်ပေသည်။

အနာထပိဏ်သူဌေးသည် ကုန်သည်ပွဲစားမျိုးရိုးမှ ဆင်းသက်ခဲ့သော်လည်း ငယ်ရွယ်စဉ်က တက္ကသိုလ်ပြည်သို့ သွားရောက်ကာ သုံးနှစ်၊သုံးမိုး ပညာသင်ကြားခဲ့ရာ၊ သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးနှင့်လည်း အတူတကွပညာသင်ကြားခဲ့ဖူးလေသည်။ တက္ကသိုလ်ပြည်မှပြန်ရောက်သော် ပသေနဒီကောသလမင်းကြီးခန့်အပ်သော မင်းမှုထမ်းအလုပ်ကို လက်မခံ၊ ကုန်သည်အလုပ်ကိုသာ ထက်ထက်မြက်မြက်နှင့် ကြိုးစားလုပ်ကိုင်ခဲ့၍ သူဌေးကြီးဖြစ်လာခဲ့ခြင်းဖြစ်သည်။ အနာထပိဏ်သူဌေးကြီးနေအိမ်၌ နေ့စဉ်နေ့တိုင်းသံဃာတစ်ထောင်ကျော် ဆွမ်းလောင်းလှူရာ သမီးကြီးမဟာသုဘဒ္ဒါရှိစဉ်က တာဝန်ယူစီမံလုပ်ဆောင်ခဲ့သည်။ ထို့နောက်မဟာသုဘဒ္ဒါသည်သူဌေးသားနှင့်အိမ်ထောင်ကျသောအခါ ခင်ပွန်းနောက်သို့ လိုက်ပါသွားခဲ့သောကြောင့် သမီးလတ် စူဠသုဘဒ္ဒါက ဆွမ်းလောင်းလှူရေးကိစ္စကို တာဝန်ယူခဲ့လေသည်။ ထိုသို့ဒါနပြုရင်းဘုရားရှင်ဟောကြားသော တရားတော်များကိုနာကြားရသဖြင့် သောတာပန်အဖြစ်ရောက်ရှိခဲ့သည်။

တစ်နေ့၌ အနာထပိဏ်သူဌေး၏မိတ်ဆွေ ဥဂ္ဂါမြို့၌နေထိုင်သော ဥဂ္ဂသူဌေးသည် ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် သာဝတ္ထိမြို့သို့ ရောက်လာလေသည်။ အနာထပိဏ်သူဌေးနှင့် ဥဂ္ဂါသူဌေးနှစ်ဦးသည် တက္ကသိုလ်ပြည်၌အတတ်ပညာများကို အတူတကွ သင်ယူခဲ့ကြသောသူငယ်ချင်းများဖြစ်သည်။ သူတို့နှစ်ဦးသည်အရွယ်ရောက်၍ သားသမီးများရရှိလျှင်သားရှင်မိဘကသားအတွက် သမီး

ရှိသူ သမီးရှင်အား သမီးတောင်းလျှင်ပေးရမည်ဟူသောကတိကို ပြုခဲ့ကြသည်။ ယခုအခါ ဥဂ္ဂါသူဌေးသည် လှည်းငါးရာနှင့်တကွ သာဝတ္ထိမြို့သို့ရောက်လာသောအခါ အနာထပိဏ်သူဌေးသည် သမီးစူဠသုဘဒ္ဒါအား ဥဂ္ဂါသူဌေးကြီးနှင့် အခြွေအရံများအား ကျွေးမွေးဧည့်ခံရန်တာဝန်ပေးလေသည်။ စူဠသုဘဒ္ဒါသည် ဟင်းလျာများကို ကိုယ်တိုင်ဖွယ်ဖွယ်ရာရာ စီမံလုပ်ကိုင်၍ လိုလေသေးမရှိ ပြည့်စုံစွာ တည်ခင်းကျွေးမွေးလေသည်။ ပန်းနံ့သာ၊ နံ့သာပျောင်းတို့ဖြင့် မွှေးကြိုင်နေစေရန်စီမံဆောင်ရွက်သည်။ထမင်းစားပြီးသောအခါ ဥဂ္ဂါသူဌေးအတွက် ချိုးရေစီစဉ်ခြင်း၊ အခြားသောပြုဖွယ်ဝတ္တရားများကို ကောင်းမွန်စွာဆောင်ရွက်ပေးလေသည်။

ဥဂ္ဂါသူဌေးကြီးသည် စူဠသုဘဒ္ဒါ၏လှပတင့်တယ်မှု၊ အိမ်မှုကိစ္စအဝဝကိုကျွမ်းကျင်နိုင်နင်းစွာလုပ်ဆောင်တတ်မှု၊ သိတတ်လိမ္မာမှုတို့ကို မြင်ရသောကြောင့် အလွန်သဘောကျလျက်ရှိသည်။ ထို့ကြောင့် အနာထပိဏ်သူဌေးအား သူတို့ထားရှိခဲ့သည့် ကတိစကားအတိုင်း စူဠသုဘဒ္ဒါကို မိမိ၏သား သုဒေဝအတွက် တောင်းဆိုလေသည်။ ကတိစကားထားခဲ့မှုကို မငြင်းပယ်သော်လည်း အနာထပိဏ်သူဌေးသည် ဥဂ္ဂါသူဌေး၏ မိစ္ဆာဒိဋ္ဌိအယူဝါဒအား များစွာမနှစ်သက်ခြင်းဖြစ်လေသည်။

အနာထပိဏ်သူဌေးနှင့် ဥဂ္ဂါသူဌေးနှစ်ဦး၏ အယူဝါဒ ကားပြဒါးတစ်လမ်း သံတစ်လမ်း။ တစ်ဦးနှင့်တစ်ဦးယုံကြည်သောအယူဝါဒများမှာ မိုးကောင်းကင်နှင့်ကမ္ဘာမြေ၊ မဟာသမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ဟိုမှာဘက်ကမ်း၊ နေထွက်ရာအရှေ့အရပ်နှင့် နေဝင်ရာအနောက်အရပ်၊ သူတော်ကောင်းတရားနှင့် သူယုတ်မာ

တရား၊ ဤလေးပါးတို့သည် အလွန်ဝေးကွာကုန်၏ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့်အတိုင်း ဖြစ်နေပေသည်။

အနာထပိဏ်သူဌေးကြီးအနေဖြင့် ဥဂ္ဂါသူဌေးသည် မိစ္ဆာဒိဋ္ဌိအယူဝါဒအား ကိုးကွယ်သူဖြစ်သောကြောင့် စိုးရွံ့စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားထံသွားရောက် လျှောက်ထားခဲ့သည်။ ထိုအခါ မြတ်စွာဘုရားသည် ဥဂ္ဂါသူဌေးအကျွတ်တရားရပြီး မင်္ဂဖိုလ်ရမည်ကို သိတော်မူသဖြင့် ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုတော်မူခဲ့သည်။

ထို့ကြောင့် အနာထပိဏ်သူဌေးသည် သူဌေးကတော် ပုညလက္ခဏာဒေဝီနှင့် တိုင်ပင်ကာ၊ ဥဂ္ဂါသူဌေး၏စကားကိုလက်ခံခဲ့ပြီး မင်္ဂလာနေ့ရက်သတ်မှတ်ကြသည်။ ထို့နောက်စူဠသုဘဒ္ဒါအား များစွာသော ပစ္စည်းဥစ္စာ၊ အခြွေအရံများကို ပေးအပ်ခဲ့လေသည်။ ထို့နောက် သမီးအား လင်ယောကျ်ား၏အိမ်သို့လိုက်ပါသော အိမ်ထောင်ရှင်မသည် အတွင်းမီးကိုအပြင်မထုတ်ရ၊အပြင်မီးကို အတွင်းမသွင်းရ၊ ပြန်ပေးသောသူများကိုသာ ပြန်ပေးရမည်။(ငှားထား၍ပြန်ပေးသောသူများကိုသာ နောက်တဖန်ပစ္စည်း ငှားရမည်)၊ ပြန်မပေး သောသူများကိုပြန်မပေးရ (ငှား၍ပြန်မပေးသောသူများကို တဖန်ပစ္စည်းမငှားရ)၊ ချမ်းသာစွာ ထိုင်ရမည်(လင်သားကိုဦးစွာနေရာပေးပြီးမှထိုင်ရမည်)၊ချမ်းသာစွာအိပ်ရမည်(လင်သားအလျှင်မအိပ်ရ၊ဝတ်ကြီးဝတ် ငယ်ပြုစုပြီးမှ အိပ်ရမည်)၊ မီးကိုရိုသေစွာလုပ်ကျွေးရမည်(ယောက္ခမ၊ လင်သားတို့ရှေ့တွင် လိမ္မာယဉ်ကျေးစွာပြုမူနေထိုင်ရမည်)၊ အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်(ယောက္ခမ၊ လင်သားတို့ကို အိမ်ဦးနတ်သဖွယ်အလေးထားရမည်)၊ဟူသော ဓနဥ္စယသူဌေးကြီးက သမီးဝိသာခါအား ဩဝါဒပေးသည့်အတိုင်း ဩဝါဒ

ဆယ်ချက်ကို စူဠသုဘဒ္ဒါအား လမ်းညွှန်ခဲ့သည်။ ထို့ပြင် ပြဿနာ တစ်စုံတစ်ခုဖြစ်ခဲ့သော် ဖြေရှင်းနိုင်ရန် သူကြွယ်ရှစ်ဦးတို့အား တာဝန်ပေးခဲ့သည်။

စူဠသုဘဒ္ဒါသည် မိမိ၏ကျက်သရေတင့်တယ်မှုကိုထင်ရှားစေရန် ရထား၌ရပ်လျက် ဥဂ္ဂါမြို့တွင်းသို့ဝင်လေသည်။ မြို့သူမြို့သားများလည်း စူဠသုဘဒ္ဒါအား ကြိုဆိုကြလေသည်။ ဥဂ္ဂါမြို့ရောက်လျှင်ပင် စူဠသုဘဒ္ဒါသည် လက်ဆောင်ပေးလာသူများကို ပြန်လည်၍လက်ဆောင်ပဏ္ဏာများပေးလျက်၊ ဥဂ္ဂါမြို့သူမြို့သားများနှင့် ရင်နှီးကျွမ်းဝင်စွာနေထိုင်လေသည်။ ဥဂ္ဂါသူဌေးကြီးသည် ဥဂ္ဂါမြို့၌ခမ်းနားကြီးကျယ်သော မင်္ဂလာပွဲကိုကျင်းပပေးပြီးနောက် မင်္ဂလာနေ့ရက်ဖြစ်၍ မိမိကိုးကွယ်သော တက္ကတွန်းတို့အား အိမ်၌ပူဇော်ရန်ပင့်ဖိတ်ထားလေသည်။ချွေးမစူဠသုဘဒ္ဒါကိုလည်း ဖူးမျှော်ရန် အခေါ်လွှတ်လိုက်သည်။

စူဠသုဘဒ္ဒါသည် 'အဝတ်မဝတ်၊ မုတ်ဆိတ်ကျင်စွယ်နှင့် ကျက်သရေမဲ့သော တက္ကတွန်းတို့အား မရှိခိုးနိုင်'ဟုငြင်းဆိုသဖြင့် ဥဂ္ဂါသူဌေးသည် မိမိအားအရှက်ခွဲသည့်ချွေးမဟုဆို၍ အိမ်မှနှင်ထုတ်စေခဲ့သည်။

စူဠသုဘဒ္ဒါသည် မိမိဘာအပြစ်မှ မကျူးလွန်ပါဘဲ ဤသို့ပြုမူဆက်ဆံ၍မရဟု သူကြွယ်တို့ကိုခေါ်စေကာ အကျိုးအကြောင်းစုံလင်ရှင်းပြလေသည်။ထိုအခါ စူဠသုဘဒ္ဒါမှာအပြစ်မရှိကြောင်း သူကြွယ်ရှစ်ဦးက ပြောကြားကြလေသည်။ ဥဂ္ဂါသူဌေးကြီးနှင့် သူဌေးကတော်တို့သည် စူဠသုဘဒ္ဒါကိုးကွယ်သော သမဏတို့ကို အဘယ့်ကြောင့်ချီးမွမ်းရသနည်း။ အဘယ်သောသီလနှင့်ပြည့်စုံပါ

သနည်းဟုမေးမြန်းလေသည်။ ထိုအခါ စူဠသုဘဒ္ဒါက "အရှင်မြတ်တို့သည် စက္ခုဣန္ဒြေရှိပါ၏၊ စင်ကြယ်သောသီလ၊ စင်ကြယ်သောကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ပြည့်စုံပါ၏။ ကိလေသာတို့မှစင်ကြယ်ပါ၏။ လာဘ်ရသည်ဖြစ်စေ၊ လာဘ်မရသည်ဖြစ်စေ၊ တူမျှသောသဘောရှိပါ၏။ အခြံအရံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်ကြည်သော စိတ်သဘောရှိပါ၏။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် စိတ်နှလုံးတုန်လှုပ်ခြင်းမရှိကြပါ။ချမ်းသာခြင်းကြောင့်လည်းကောင်း၊ ဆင်းရဲခြင်းကြောင့်လည်းကောင်း ပြောင်းလဲသောစိတ်သဘောမရှိကြပါ"ဟူ၍ ချီးမွမ်းစကားကျူးရင့်လေ၏။

ထိုအခါ ဥဂ္ဂါသူဌေးကြီးနှင့် သူဌေးကတော်ကြီးသည် ချွေးမစူဠသုဘဒ္ဒါရှိခိုးသည့် ရဟန်းတို့ကို ဖူးမြင်ခွင့်ရအောင်ပြုလော့ဟုဆိုလေသည်။ ထို့ကြောင့် စူဠသုဘဒ္ဒါသည် ဘုရားအမှူးရှိသောရဟန်းသံဃာများအား လှူဒါန်းရန် လှူဖွယ်ဝတ္ထုများကို ပြည့်စုံစွာစီစဉ်ပြီး ပြသာဒ်အပေါ်ကြမ်းပြင်၌ရပ်လျက် ဇေတဝန်ကျောင်းတော်ရှိရာသို့ ထိခြင်းကြီးငါးပါးဖြင့် ရှိခိုး၍ ဘုရားဂုဏ်တော်ကိုဆင်ခြင်နှလုံးသွင်းပြီး ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် မြတ်စွာဘုရားအား စိတ်ဖြင့်လျှောက်တင်လေသည်။

"မြတ်စွာဘုရား၊ တပည့်တော်မနှင့်လူအပေါင်းတို့သည် နက်ဖြန်နံနက်၌ ကောင်းမြတ်သောပီတိပါမောဇ္ဇဖြစ်ခြင်းငှာ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်လျှောက်ပါ၏ဘုရား၊ တပည့်တော်မ၏ ဤမြတ်လေးပန်းဖြင့် မြတ်စွာဘုရားအား တပည့်တော်လျှောက်တင်ကြောင်းသိတော်မူပါဘုရား" ဟု အဓိဋ္ဌာန်ဖြင့် မြတ်လေးပန်း လက်ရှစ်ဆုပ်ကို ကောင်းကင်သို့လွှတ်တင်လေသည်။

မြတ်လေးပန်းတို့သည် သူ့အလိုလိုသွား၍ပရိသတ်အလယ်၌ တရားဟောနေသော မြတ်စွာဘုရား၏ အထက်၌ ပန်းမျက်နှာကျက်အဖြစ်တည်ရှိလေ၏။

ထိုအခိုက် အနာထပိဏ်သူဌေးကလည်း မြတ်စွာဘုရားအားဆွမ်းကပ်လှူရန် ပင့်လျှောက်လေသော်မြတ်စွာဘုရားက ဆွမ်းလက်ခံပြီးပြီဟု မိန့်တော်မူရာ၊ မိမိ၏အလျင်လျှောက်ထားသူ မရှိပါဘဲ မည်သို့ဆွမ်းကိုလက်ခံပါသနည်းဟု လျှောက်ထားရာ၊ မြတ်စွာဘုရားက'စူဠသုဘဒ္ဒါ ပင့်လျှောက်သည်ကို လက်ခံပြီးပြီ' ဟုမိန့်ကြားတော်မူသည်။ အနာထပိဏ်သူဌေးက "မြတ်စွာဘုရား၊ စူဠသုဘဒ္ဒါသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှ ယူဇနာ ၁၂၀ ကွာဝေးသော ဥဂ္ဂါမြို့၌ နေပါသည်ဘုရား"ဟု မယုံကြည်နိုင်စွာလျှောက်တင်ပြန်သည်။ ထိုအခါမြတ်စွာဘုရားက "စူဠသုဘဒ္ဒါသည် ယူဇနာ ၁၂၀ ကွာဝေးသောအရပ်၌ နေသည်မှန်၏။ သို့သော် သူတော်ကောင်းတို့သည် မိမိ၏ရှေ့မှောက်၌နေသကဲ့သို့ ထင်ရှားပေကုန်၏"

"ဟိမဝန္တာသည် ယူဇနာသုံးထောင်ရှည်လျားကျယ်ပြန့်၍ ယူဇနာ၅၀၀မြင့်မားကာရှစ်သောင်းလေးထောင်သော တောင်ထွတ်တို့ဖြင့် ကြီးမားခန့်ထည်စွာ အဝေး၌ရှိသော်လည်း အနီး၌ရှိသကဲ့သို့ထင်ရှားမြင်ရ၏။ မှောင်မိုက်သောအချိန်၌ ပစ်လွှတ်အပ်သော မြားတံကို ထင်ရှားမမြင်ရသကဲ့သို့ သူယုတ်မာတို့သည်ကား အနီး၌တည်ရှိသော်ငြားလည်း ထင်ရှားစွာမမြင်ရချေ"ဟူ၍မိန့်ကြားတော်မူလေ၏။

စူဠသုဘဒ္ဒါ၏ဆွမ်းကပ်လှူပွဲသို့ မြတ်စွာဘုရားကြွမည်ကို သိသောသိကြားမင်းသည်ဝိသကြုံနတ်သားအား အထွတ်တပ်သော

ပြသာဒ်ငါးရာဖန်ဆင်း၍ ဘုရားအမှူးရှိသော သံဃာများအား ဥဂ္ဂါမြို့သို့ပင့်ဆောင်ရန်စေခိုင်းထားလေသည်။ ဝိသကြုံနတ်သားလည်း ပြသာဒ်ငါးရာဖြင့် ဇေတဝန်ကျောင်းတိုက်တံခါးဝ၌ စောင့်နေလေသည်။

မြတ်စွာဘုရားသည် စင်ကြယ်သောရဟန္တာငါးရာနှင့်အတူ ပြသာဒ်ငါးရာတို့၌ အသီးသီး သီတင်းသုံးလျက် ဥဂ္ဂါမြို့သို့ ကြွတော်မူလေသည်။ ဥဂ္ဂါသူဌေးမိသားစုသည် မြတ်စွာဘုရား ကောင်းကင်မှကြွရောက်တော်မူလာရာသို့ မျှော်ကြည့်နေစဉ်မှာပင် အသရေတင့်တယ်သပ္ပါယ်သော မြတ်စွာဘုရားအား ကြည်ညိုစိတ်တဖွားဖွားဖြစ်ပေါ်လျက် မွေးကြိုင်သော ပန်းနံ့သာတို့နှင့်တကွ လှူဖွယ်ဝတ္ထုအစုစုတို့ကို ပေးလှူပြီး ခုနှစ်ရက်ပတ်လုံး မဟာဒါနအလှူကြီးပြုလုပ်လေသည်။

မြတ်စွာဘုရား၏ တရားတော်ကိုနာကြားရသော ဥဂ္ဂါသူဌေးဇနီးမောင်နှံနှင့်တကွ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် သစ္စာလေးပါးကိုထိုးထွင်းသိမြင်သွားကြ၏။ မြတ်စွာဘုရားသာဝတ္ထိသို့ ကြွတော်မူသောအခါ "စူဠသုဘဒ္ဒါအား ချီးမြှောက်ရန်အနုရုဒ္ဓါမထေရ်ဥဂ္ဂါမြို့၌နေရစ်လော့"ဟုထားရစ်ခဲ့သည်။ ထိုအချိန်မှစ၍ ဥဂ္ဂါမြို့၌တက္ကတွန်းများကို ကိုးကွယ်ခြင်းပပျောက်၍ ရတနာသုံးပါး၊ ကံ ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသောမြို့ဖြစ်ခဲ့လေသည်။

စူဠသုဘဒ္ဒါသည်ဗုဒ္ဓသာသနာတော်၌မိမိ၏သီလ၊ သမာဓိ၊ ဘာဝနာတို့၌ ယုံကြည်မှု သဒ္ဓါတရားပြည့်ဝစွာဖြင့် ကောင်းမြတ်သော ကုသိုလ်တရားတို့ကို လုပ်ဆောင်ခဲ့သူ၊ သတ္တဝါအများ၏

ကုသိုလ်အကျိုးစီးပွားဖြစ်ထွန်းစေသူ၊ ဘာသာအယူဝါဒလွဲမှားသူတို့အား နည်းလမ်းမှန်သို့ရောက်အောင် ညွှန်ပြပေးသူ ဗုဒ္ဓ၏သမီးတော် မိန်းမမြတ်အာဠာနည်တစ်ဦးဖြစ်ပေစွတကား။

*"အဆင်း၏ဂုဏ် အချင်းဂုဏ်နှင့်*
*ကောင်းခြင်းငါးမည်*
*သီလတည်လျက် အသရေတင့်မြတ်*
*ထပ်ထပ်မကွာ ရှိသေစွာသား*
*မိဘဆရာ ဆုံးမစကား*
*ခွန်းဆယ်ပါးကို မှတ်သားလေလေ့*
*အစဉ်နေ့ဝယ် ရတနာသုံးပါး*
*လေးမြတ်ထားသည့်*
*ပန်းမြတ်မာလာ စူဠသုဘဒ္ဒါ"*

တောင်သာမြို့နယ်အသင်းနှစ်လည်မဂ္ဂဇင်း
(၂၀၁၀-၂၀၁၁)
ရန်ကုန်တိုင်းဒေသကြီး

## မိန်းမမြတ်နန္ဒမာတာ

မိန်းမမြတ် လေးပါးဟူ၍ရှိရာ (၁)ခေမာထေရီ၊ (၂) ဥပ္ပလဝဏ်ထေရီ၊ (၃) ဥတ္တရာ၊ (၄) နန္ဒမာတာဟူ၍ ဖြစ်သည်။ မိန်းမမြတ်ဟူသောစကားအဓိပ္ပါယ်သည် သာမန်ဂုဏ်ပုဒ်မျှဖြင့် မခေါ်ဆိုထိုက်။ မနှိုင်းအပ်ပေ။

မိန်းမတို့၏ ကောင်းခြင်းလက္ခဏာငါးပါးနှင့် ပြည့်စုံရ သည်။ ဆံပင်၏ကောင်းခြင်းလက္ခဏာဆိုသည်မှာ ဆံသည် ဥဒေါင်း မြီးကို စည်းနှောင်၍ထားဘိသကဲ့သို့ ညီညွတ်နေရမည်။ မပြုမပြင် ပင်ကိုယ်၌ပင်အရောင်တောက်ပလျက် မည်းနက်သော အဆင်းရှိ၍ နေရသည်။ ထွေးယှက်ခြင်းမရှိ၊ ပကတိအားဖြင့် မွှေးသောအနံ့ရှိ ရပေသည်။ဖြောင့်မတ်စွာရပ်၍ ဆံကိုနောက်သို့လှန်သည်ရှိသော် ခြေဖနောင့်သို့ထိပြီး အထက်သို့ပြန်ဆန်တက်၍ ကော့ညွတ်ခြင်း ရှိရပေသည်။

အသား၏ကောင်းခြင်းလက္ခဏာဆိုသည်မှာ နှုတ်ခမ်း သည် သဘာဝအတိုင်းပင်ကျီးအာသီးမှည့်ကဲ့သို့ နီမြန်းသောအဆင်း ရှိသည်။ ကောင်းစွာအုပ်သောရတနာကြုတ်ကဲ့သို့ ဖြစ်နေပေသည်။

လက်ဖဝါး၊ခြေဖဝါးပြင်တို့သည် နီသောအဆင်းရှိသည်။ ညက်ညော စွာအထပ်ထပ်ဖတ်ပြီးသောဝါဂွမ်းကဲ့သို့နူးညံ့သိမ်မွေ့နေရပေသည်။

အရေ၏ကောင်းခြင်းလက္ခဏာဆိုသည်မှာ တစ်ကိုယ်လုံး၌ မှဲ့၊ညှင်း၊ တင်းတိပ်၊ အမာရွတ်စသော အညစ်အကြေးမတွယ်၊ စင်ကြယ်သန့်ရှင်းသော အရေရှိနေရပေမည်။ ညိုသောသူဖြစ်လျှင် မဟာလှေကားပန်းကဲ့သို့တောက်ပသော အဆင်းရှိရသည်။ အကြိမ်ကြိမ်များစွာဖတ်ထားသော ဝါဂွမ်းကဲ့သို့နူးညံ့နေရသည်။

အရိုး၏ကောင်းခြင်းလက္ခဏာဆိုသည်မှာ သွားတို့သည် ပုလဲသွယ်ကဲ့သို့ ဖြူစင်သန့်ရှင်းနေရသည်။ မခေါ၊ မပေါ်၊ မစိပ်မကျဲ၊ စိစိရိရိ ညီညွတ်တင့်တယ်ရပေသည်။ အရိုးအချိုးအဆက်တို့သည် အဖုမထင်ပြေပြစ်ကျစ်လစ်ရပေသည်။

အရွယ်၏ကောင်းခြင်းလက္ခဏာဆိုသည်မှာ သားတကျိပ် ပင်ဖွားမြင်သော်လည်းသားတစ်ယောက်အမိနှင့်သာ တူရပေသည်။ ဒုတိယအရွယ်ရောက်လျှင် ၁၆နှစ်အရွယ်နှင့်သာ တူနေပေသည်။ တတိယအရွယ်ရောက်လျှင် သုံးဆယ်အရွယ်နှင့်သာတူနေပေသည်။

ပညာရင့်သော ယောက်ျားတို့မှာ သဒ္ဓါသီလဂုဏ်နှင့်ပြည့်စုံသော မိန်းမမြတ်ကိုသာ အလိုရှိကြသကဲ့သို့ ပညာရင့်သော မိန်းမသည်လည်း သဒ္ဓါသီလစသော ဂုဏ်ကိုသာ အလိုရှိကြသည်။ ရေနှင့်ကြာသည် မိတ်ဖက်ဖြစ်ကြ၍ အချင်းချင်းကျေးဇူးပြုသဖြင့် တင့်တယ်ကြရသည်။ ရေကကြာကို မှီရသည်မဟုတ်ပေ။ ကြာက သာလျှင် ရေကိုမှီရပေသည်။ မိန်းမသည် ယောကျ်ားကို အမှီပြုရမှ တင့်တယ်မြင့်မြတ်နိုင်ပေသည်။ ထို့အတူ ရေနှင့်တူသောယောကျ်ားသည်လည်း ကြာနှင့်တူသောမိန်းမကိုမှီ၍ တင့်တယ်နိုင်ပေသည်။

ကြာရှိသောရေပြင်သည်လည်း လှပဝေဆာသကဲ့သို့ ဆက်စပ်နေပေသည်။

"ရေနှင့်ကြာလည်း ရွှန်းရွှန်းတင့်၏။ နှိုင်းသင့်တူစွာ၊ ဥပမာလျှင် ကြာလည်းရေမြင့်၊ လန်းလန်းပွင့်၏"ဟူ၍ အဆိုရှိပေသည်။

မိန်းမမြတ်တို့၏ကျင့်ဝတ်များမှာ စားဖွယ်သောက်ဖွယ်နှင့်တကွ အိမ်တွင်းမှုကိစ္စဟူသမျှ သူ့အချိန်နှင့်သူ ပြီးစီးအောင် စီစဉ်ခြင်း၊ လင်ယောကျ်ား၏အမျိုး မှစ၍ အိမ်ရှိအခြွေအရံတို့ကို အထိုက်အလျောက် ကြင်နာလေးမြတ်ခြင်းနှင့် ထောက်ပံ့ခြင်း၊ မိမိလင်ယောကျ်ားမှတစ်ပါး အခြားသောယောကျ်ားတို့ကို မနောကံဖြင့်ပင်မတောင့်တရခြင်း၊ မိမိလင်ယောကျ်ားရှာဖွေသောပစ္စည်းဥစ္စာတို့ကို မပျောက်မပျက်အောင်စောင့်ရှောက်ခြင်း၊ ပြုဖွယ်ကိစ္စတို့ကို မပျင်းမရိ ဝီရိယထုတ်၍ ပြုလုပ်ရခြင်းတို့ဖြစ်ပေသည်။

မိန်းမမြတ်တို့ကျင့်ရမည့်အကျင့်ငါးပါးမှာ- လင်ယောကျ်ားမထမီထရခြင်း၊ လင်ယောကျ်ားအိပ်မှအိပ်ရခြင်း၊ လင်ယောကျ်ား၏အစီအမံများကို နာခံ၍ ပြုဖွယ်ကိစ္စများလုပ်ဆောင်ရခြင်း၊လင်ယောကျ်ားနှစ်သက်ဖွယ်သောစကားကိုဆိုခြင်းနှင့် နှစ်သက်ဖွယ်အကျင့်ကိုကျင့်ရခြင်းတို့ ဖြစ်ပေသည်။

ရာဇဂြိုဟ်ပြည်၏တောင်မျက်နှာအရပ်၌ဝါးရုံအတိ မြို့ပြင်၌စိုက်ထားသောကြောင့် ဝေဠုကဏ္ဍကမြို့ဟုခေါ်သော မြို့တစ်မြို့ရှိပေသည်။ ထိုမြို့၌ နန္ဒဟူသောသားယောကျ်ားရှိသည် ကိုအစွဲပြု၍ "နန္ဒမာတာ"ဟုခေါ်သော အမျိုးသမီးရှိလေသည်။ နန္ဒမာတာသည်ပြသာဒ်ဘုံခုနှစ်ဆင့်မြင့်သောအိမ်ဖြင့်စည်းစိမ်ချမ်းသာပြည့်စုံသောသူဌေးမတစ်ဦးဖြစ်ပေသည်။ နန္ဒမာတာသည် မြတ်သောအကျင့်

သီလနှင့်ပြည့်စုံလှပေသည်။ထိုမိန်းမမြတ်သည် မည်သည့်မကောင်းမှုကိုမှမဖောက်ပြားမကျူးလွန်ပေ။ စင်ကြယ်သော သန့်ရှင်းသော အာစာရအကျင့်နှင့်ပြည့်စုံပါပေသည်။ အခါခပ်သိမ်းနေ့လွဲ ညစာ မစားဘဲ ရှောင်ကြဉ်ပါပေသည်။ မြတ်စွာဘုရားဟောကြားသော တရားဟူသမျှ၊ ပိဋကသုံးပုံကို နှုတ်အံ့ရွတ်နိုင်ပါပေသည်။ ဈာန် သမာပတ်ချမ်းသာနှင့်ပြည့်စုံသောအနာဂါမ်အရိယာအဆင့်ရောက် နေသော မိန်းမမြတ်အဖြစ်ထင်ရှားပါပေသည်။

ကြွယ်ဝချမ်းသာသော သူဌေးသမီးဖြစ်၍တစ်ထောင့် နှစ်ရာ့ငါးဆယ်သောယသေးစပါးနီကျီကြီးများ ပိုင်ဆိုင်ပါပေသည်။ ထိုကျီတို့မှာ မည်မျှပင် ခပ်ယူ၍သုံးသော်လည်း ယူသည့်အရာမထင်၊ ပြည့်မြဲတိုင်းပြည့်လျက်ရှိချေ၏။ လူတကာတို့၏နှုတ်ဖျား၌ "နန္ဒမာတာသူဌေးမ၏ စပါးကျီကဲ့သို့ယူရာမထင်၊ ပြည့်မြဲတိုင်း ပြည့်ချင်ပါ၏"ဟု ဆုတောင်းကြရသည်အထိ ထင်ရှားပါပေသည်။

၎င်းစပါးကျီကြီးများကား သာမန်မျှမဟုတ်ပါချေ။ ဝေဿဝဏမဟာရာဇ်နတ်မင်းကြီးက သဒ္ဓါကြည်ဖြူ၍ပေးထားခြင်း ဖြစ်လေသည်။

တရံရောအခါ နန္ဒမာတာသည် ဘုံခုနှစ်ဆင့်ပြသာဒ်ဖျားမှညဦးယံ၊ သန်းခေါင်ယံ၊ နှစ်ပါးလွန်သောအချိန်၌ ဈာန်သမာပတ်ဖြင့် မွေ့လျော်ရမည်လား၊ သို့မဟုတ်လျှင်ဘုရားရှင်၏တရားတော်ကို သရဇ္ဈာယ်ရမည်လား။ ဘုရားရှင်ဟောတော်မူသောတရားတော်ကိုသရဇ္ဈာယ်၍ နှစ်သက်ဝမ်းမြောက်ခြင်းပီတိ ချမ်းသာကိုခံစားလျှင် မြတ်ပေ၏"ဟု စဉ်းစားလေသည်။ ထို့ကြောင့် ရာဇဂြိုဟ်ပြည်၊ ပါသာဏစေတီယ မည်သောကျောင်း၌ ရသေ့တစ်ကျိပ်ခြောက်

ယောက်မေးသောပြဿနာရပ်များကို ဖြေတော်မူ၍ ရသေ့ တစ်သောင်း ခြောက်ထောင်တစ်ကျိပ်ခုနစ်ယောက်တို့နှင့်တကွ ပရိသတ်တစ်ဆယ့်လေးကုဋေကို ချွတ်တော်မူသောအချိန်က ဟောကြားခဲ့သော ဂါထာနှစ်ရာ့ငါးဆယ်ပါသော ပါရာယနတရားဟုခေါ်သော သုတ္တာန်တရားကို သာယာသောအသံဖြင့် သရဇ္ဈာယ်၍ တရားအရသာ၌ မွေ့လျော်လျက်နေလေ၏။

ထိုအချိန်၌ ဝေဿဝဏမဟာရာဇ် နတ်မင်းကြီးသည် နတ်ပြည်မှ ကုဋေတစ်သောင်းသောဘီလူးများခြံရံလျက်၊သန္တာတိုင်မှန်ကင်းတံခွန်ကြီးကို ဆောင်းလျက်၊ သန္တာပလ္လင်အတိပြည့်သော တစ်ဆယ့်နှစ်ယူဇနာ အလျားအနံကျယ်သောယာဉ်ကြီးကို စီး၍ မြတ်စွာဘုရားထံသို့ ပြဿနာမေးရန် ကောင်းကင်ပြင်၌ သွားစဉ် နန္ဒမာတာမိန်းမမြတ်၏ ပြဿဒ်ဆီသို့ ရောက်လာလေသည်။ ထိုအခါ နန္ဒမာတာ၏ သာယာသော တရားသရဇ္ဈာယ်သံကို ကြား၍ စီးသောယာဉ်ကို ရပ်တံ့စေလျက် တရားအဆုံးအထိ နာကြားလေသည်။ တရားဆုံးသောအခါ “နှမကြီးအံ့ဖွယ်ဖြစ်စွ”ဟု ကောင်းချီးပေးလေသည်။

“ဘုရားမြတ်စွာ ပါသာဏစေတီယမည်သော ကျောင်းတော်၌နေတော်မူစဉ် တစ်သောင်းခြောက်ထောင်တစ်ကျိပ်ခုနစ်ယောက်သော ပါရာယနိက ရသေ့ပုဏ္ဏားတို့ကို တိုင်တည်၍ ဟောတော်မူသည့်နေ့မှ ယနေ့ သရဇ္ဈာယ်သောတရားတို့သည် အနက်အဓိပ္ပါယ်ထပ်တူပေတည်း။ နှမကြီးရွတ်သော ဂါထာသည်လည်း မြတ်စွာဘုရားဟောကြားတော်မူသည့် သဘောအတိုင်း ထပ်တူဖြစ်ပါပေ၏။ နှမကြီးကား အမှတ်သညာပြည့်ဝပါပေသည်။ အသံလည်း

သာယာပါပေသည်။ သာဓုခေါ်ပါ၏" ဟု ဆိုလေ၏။

ဝေသာဝဏနတ်မင်းကြီး သာဓုကောင်းချီးပေးသံကို နန္ဒမာတာကြား၍"အရောင်အဆင်းတင့်တယ်သော အရှင်သူမြတ်၊ တရားသံကို သာဓုခေါ်သော သူမြတ်ကားမည်သူနည်း"ဟု လေသာနန်းတံခါးဝသို့ ထွက်၍မေးလေ၏။

နတ်မင်းကြီးလည်း "နှမကြီး၊ ငါကား ဝေသာဝဏနတ်မင်းတည်း"ဟုအမည်ကိုထုတ်ဖော်ပြော၏။ နတ်မင်းကြီးကား သောတာပန်အဆင့်သာရှိပြီး၊ နန္ဒမာတာသည် အနာဂါမ်အဆင့်ရှိကာ တရားတော်ကိုလည်း လွန်စွာ အားထုတ်သောကြောင့် "နှမကြီး"ဟု ခေါ်ပေသည်။ နန္ဒမာတာ၏သက်တမ်းမှာအနှစ်ကိုးသန်းပေတည်း။

နတ်မင်းကြီးက သူ၏အမည်ကို ပြောပြသောအခါ "အရှင်နတ်မင်းကြီး သာဓုခေါ်တော်မူသည်၊ အလွန်မြတ်လှစွာ၏။ ဤသို့ သာဓုခေါ်တော်မူသောကြောင့် ငါရွတ်သောတရားသည် ဧည့်သည်အတွက် လက်ဆောင်တော်ဖြစ်ထိုက်ပါပေ၏"ဟု တရားလက်ဆောင်အဖြစ် ဆက်လက်၍ ရွတ်ဆိုလေသည်။

နန္ဒမာတာရွတ်သော ပါရာယနတရားတော်တွင် ကဿပဘုရားရှင်လက်ထက်၌ လက်သမားပညာရှင်ကြီးနှင့် တပည့် ၁၆ ယောက်၊ ၎င်းတို့၏ နောက်လိုက်တပည့်တစ်သောင်းခြောက်ထောင်တို့သည် လက်သမားအတတ်ဖြင့် အသက်မွေးကြလေသည်။ ခေါင်းဆောင်လက်သမားပညာရှင်ကြီးက သစ်သားဖြင့် ငှက်ရုပ်ယာဉ်တီထွင်၍ နောက်ပါတပည့်များအားလည်း ငှက်ရုပ်ယာဉ်များဆောက်လုပ်စေကာ သားမယားများကို တင်ဆောင်လျှက် ပျံသန်းပြီးနောက် ဟိမဝန္တာတောင်ခြေရင်း၌ ကဋ္ဌဝါဟနပြည် တည်လေ

သည်။ ထိုလက်သမားပညာရှင်ကြီးကား ကဿဝါဟနပြည်၏ မင်းဖြစ်၍နောက်ပါတပည့်များကိုအမတ်ကြီးများ၊မင်းမှုထမ်းများအသီးသီးခန့်ထားလျှက် သာယာဝပြောသော တိုင်းပြည်အဖြစ် တည်ရှိစေသည့်အကြောင်းများ၊ကဿဝါဟနမင်းကြီးမှဗာရာဏသီမင်းကြီးအားပေးသော ဆင်စွယ်ကြုတ်ရှစ်လုံးထည့်ပေးသည်။ ကမ္ဗလာရှစ်ထည်သည် အလျားတစ်ဆယ့်ခြောက်တောင်၊ အနံရှစ်တောင်ရှိပြီး ဖြန့်သောအခါ နေရောင်ထွက်သကဲ့သို့ ရှိလေရာ မင်းပွဲသို့လာသောလူအပေါင်းတို့ အံ့သြဖွယ်ဖြစ်ကာ၊ အဖိုးဖြတ်၍မရအောင် တန်ဘိုးကြီးမားသည့်အကြောင်း ဗာရာဏသီမင်းကြီးမှ ကဿဝါဟန မင်းကြီးအား ပေးသော လက်ဆောင်မှာ ရတနာသုံးပါး ဂါထာကို ပတ္တမြားကြုတ်၊ ပသာရဂန်ကြုတ်၊ အမျက်နီကြုတ်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ဆင်စွယ်ကြုတ်၊ နံ့သာကြုတ်၊ သစ်ကြုတ် အဆင့်ဆင့်ထည့်၍ ဆင်ပြောင်ရတနာပေါ်တင်စေပြီး၊ ရွှေတံခွန်၊ရွှေတန်ဆာ၊ ရွှေခြူးကွန်ရက်တို့နှင့်အတူ ရတနာထီးဖြူဆောင်းလျှက် ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ ပို့ဆောင်သည့်အကြောင်း၊ ထို ရတနာသုံးပါးဂါထာကို ဖတ်ရသော ကဿဝါယာနမင်းကြီးသည် သရဏဂုံသုံးပါးဆောက်တည်ခြင်း၊ ပဥ္စသီသီတင်းကိုဆောက်တည်ခြင်း၊ မြတ်စွာဘုရားဟောကြားခဲ့သော ပိဋကတ်သုံးပုံတတ်ကျွမ်းသော မထေရ်အား ပင့်ဆောင်၍ တရားမဓမ္မကို နာကြားပြီး ထိုပိဋကတ်သုံးပုံကိုဌာပနာ၍ စေတီတည်ခြင်းအကျိုးကြောင့် ကာမာဝစရ နတ်ပြည်၌ဖြစ်ရကြောင်း၊ နောက်ပါတပည့်များ ရဟန်းပြုခဲ့ခြင်းကြောင့် ထိုတစ်သောင်းခြောက်ထောင်မကသော ပရိသတ် အားလုံးနတ်ပြည်၌ချည်းဖြစ်၍၊ ကဿဝါဟန မင်းကြီး၏ အခြံအရံများဖြစ်ကြကြောင်း၊ ဗာဝရီပုဏ္ဏားနှင့်

တပည့်တကျိပ်ခြောက်ယောက်၊ အခြံအရံရသေ့များ ဗုဒ္ဓထံ ပုစ္ဆာခုနစ်ချက်ကို “အဇိတရသေ့”က စိတ်ဖြင့် မေးမြန်းသည့်အခါ ပြဿနာကို မြတ်စွာဘုရား ဖြေကြားတော်မူပြီးနောက် (၁၆၀၁၆) ယောက်သော ရသေ့များ ဧဟိဘိက္ခုရဟန္တာများဖြစ်ကြကြောင်း စသည့်ဂါထာများ ဖြစ်ပေသည်။

ဤတရားကို နှလုံးသွင်းဆင်ခြင်သူတို့သည်ကဿပ ဘုရားရှင်လက်ထက်၌ မြတ်စွာဘုရား၏ အဆုံးအမကို နာကြား၍ ဒါန၊ သီလ ကောင်းစွာဆောက်တည်သဖြင့် ဘုရားတစ်ဆူနှင့် တစ်ဆူကြား ကာလပတ်လုံး နတ်ပြည်၌သာ စည်းစိမ်ခံစား၍ လူ့ပြည်၌ ဖြစ်လာသောအခါလည်း ဘုရားရှင်ကို ဖူးတွေ့ရလျှက် ဘုရားရှင်က ဧဟိဘိက္ခုခေါ်သည်နှင့် ရဟန္တာများဖြစ်ကြလေသည်။

နန္ဒမာတာကျူးရင့်သော တရားကို ကြားနာပြီးသောအခါ နတ်မင်းကြီးလည်း “နှမကြီး ငါ့ကို အလှူအဖို့ ဝေသော လက်ဆောင်ကိုလည်း လက်ခံ၏။ နက်ဖြန်မိုးသောက်သော် သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန်တို့သည် တပည့်သားတော်အရံ သံဃာနှင့်တကွ မြတ်စွာဘုရားကိုယ်စားစေတော်မူ၍ ဇေတဝန် ကျောင်းတော်မှ ဒေသစာရီလှည့်လည်ရောက်လာပေလိမ့်မည်။ မိုးသောက်ပြီးအချိန်တွင် အရှင်မြတ်တို့အား ဆွမ်းလုပ်ကျွေးကာ ကုသိုလ်ယူပါလော့။ ထိုအလှူအဖို့ကို နှမကြီးအား ပေးပါသည်။ ဧည့်ခံလက်ဆောင်ဖြစ်ပါစေလော့” ဟု ပြောလေသည်။

“နှမကြီး ပါရာယနတရားကို သရဇ္ဈာယ်ခြင်းသည် တရားဟောသူဖြစ်ပါစေ၊ ငါလည်းတရားနာသူဖြစ်ပါစေ၊ တရားဟောသူအား တရားနာသူသည် ပူဇော်မြဲဖြစ်သောကြောင့် နှမကြီးအား

ပူဇော်ပါအံ့။ ယသေးစပါးနီအတိပြည့်သော တစ်ထောင့်ငါးရာငါး ဆယ်မျှသော စပါးကျီကြီးတို့ကို ဆောင်ယူခဲ့ပေပြီ။ နှမကြီးအသက်ရှိ သရွေ့ ဤကျီတို့သည် ယူရာမထင် ပြည့်မြဲတိုင်းပြည့်နေစေသော်" ဟု နတ်မင်းကြီးက အဓိဋ္ဌာန်ဖြင့် ဆောက်ခဲ့လေသည်။

ဝါဆိုလပြည့်နေ့၌ ဇေတဝန်ကျောင်းတော်မှမြတ်စွာဘုရား ဒေသစာရီ လှည့်လည်ရန်ထွက်ခွာတော်မူသည်ကို ကောသလမင်း၊ အနာတပိဏ်သူဌေးတို့သည် မတောင်းပန်ဝံ့ကြ၍၊ အနာတပိဏ် သူဌေး၏ ကျွန်မဖြစ်သူ "ပြည့်ဝ"ဆိုသူက "အရှင်ဘုရား ပြန်တော်မူ ၍ ကျောင်းတော်တွင်နေတော်မူပါ၊ အကျွန်သရဏဂုံ ဆောက်တည် ပါအံ့"ဟု ဘုရားရှင်ကို တောင်းပန်သောကြောင့် ဘုရားရှင်သည် ကျောင်းတော်သို့ ပြန်ဝင်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည်အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂ လန်တို့အား "ငါ့ကိုယ်စား ဒေသာစာရီကြွကြပါကုန်" ဟု စေလွှတ် တော်မူ၏။ အရှင်နှစ်ပါးသည် အရံသံဃာတော်များနှင့်တကွ ဝေဠု ကဏ္ဍကပြည်သို့ မိုးသောက်ယံ၌ရောက်လေ၏။ နန္ဒမာတာလည်း ဝေဿဝဏနတ်မင်းကြီးပြောထားသည်ဖြစ်၍ အရှင်တို့အား ဆွမ်း လုပ်ကျွေးသည့် ကုသိုလ်ကောင်းမှုပြုလေသည်။

အရှင်သာရိပုတ္တရာသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ နန္ဒ မာတာအား "မည်သူသည်သံဃာတော်များ ကြွလာမည့် အကြောင်း ပြောကြားဘိသနည်း"ဟု မေး၏။ နန္ဒမာတာသည်လည်း "အကျွန်ုပ်ပါ ရာယနတရားကို သရဇ္ဈာယ်စဉ် ဝေဿဝဏနတ်မင်းက ဆုံးအောင် နာကြား၍ကောင်းချီးပေးပြီး၊အရှင်တို့ကြွလာမည့်အကြောင်း ပြောခဲ့ ပေသည်" ဟုဝေဿဝဏနတ်မင်းနှင့်ပြောဆိုသည့်အတိုင်း လျှောက်

တင်လေသည်။

ရှင်သာရိပုတ္တရာသည် တန်ခိုးကြီးသော နတ်မင်းနှင့် မျက်မှောက်ဖူးတွေ့ရသော နန္ဒမာတာအား အံ့ဖွယ်ဖြစ်စွဟု ကောင်းချီးပေး၏။ နန္ဒမာတာသည်လည်းအံ့ဖွယ်သောမိမိ၏ဂုဏ်ကို ထုတ်ဖော်ကျူးရင့်လေသည်။

"အကျွန်ုပ်၌ နန္ဒဟူသောသားတစ်ယောက်တည်းသာ ရှိပါ၏။ သို့သော်ငြားလည်း ကျွန်ုပ်၏သားကို သေအောင်သတ်နေလျှင်ပင် ကျွန်ုပ်၏ စိတ်နှလုံးသည် အနည်းငယ်မျှထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်အောင် တားဆီးနိုင်ပါပေ၏"

"ငယ်စဉ်အခါက မိဘပေးစားသော လင်ယောကျ်ား၏ အိမ်သို့ ရောက်ရှိခဲ့သည့်အချိန်မှစ၍ မိမိ၏လင်ယောကျ်ားမှတစ်ပါးသော ယောကျ်ားတို့အား စိတ်နှလုံးဖြင့်ပင် လွန်ကျူးခဲ့ဖူးသည်မရှိ"

"သာသနာတွင် ဘုရားဒါယကာမဟု သရဏဂုံဆောက်တည်ခဲ့ပါ၏။ ထိုဆောက်တည်သောအချိန်မှစ၍ငါးပါးသီလပျက်ဖူးသည်မရှိ"

"မြတ်သောပုဂ္ဂိုလ်တို့သည် ဈာန်သမာပတ်၌ ချမ်းသာကို ခံစားကြကုန်၏။ ထို့အတူ ကျွန်ုပ်လည်း ဈာန်ချမ်းသာကို ခံစားနေရပေ၏"

"ဈာန်သမာပတ်ချမ်းသာအပြင် လောကုတ္တရာတရားဖြင့် ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို အကျွန်ုပ်၌မပယ်နိုင်ဟူ၍ မရှိပါချေ" ဟူ၍ကျူးရင့်လေသော် ရှင်သာရိပုတ္တရာမထေရ်သည် အံ့ဩလျက် ကောင်းချီးပေးလေ၏။

မြတ်သောတရားဓမ္မ၌ မွေ့လျော်သော နန္ဒမာတာ၊ တရား

တော်ကို အစဉ်အမြဲကျူးရင့်သော နန္ဒမာတာ၊ မြင့်မြတ်သော သီလ သမာဓိပညာဖြင့် နေထိုင်သော နန္ဒမာတာ၊ ဝေဿဝဏနတ်မင်းတို့ ကပင် စပါးကျီများဖြင့် ပူဇော်ထိုက်သော နန္ဒမာတာ၊ ဤမည်သော နန္ဒမာတာသည် ဘုရားရှင်၏ သာသနာတော်အတွင်း ပေါ်ပေါက်ခဲ့သော မြတ်ဗုဒ္ဓ၏ သမီးတော်မိန်းမမြတ်တစ်ဦးပါပေတည်း။

ဩကာသမဂ္ဂဇင်း
အတွဲ(၂)၊အမှတ်(၅) ၂၀၀၈ခု၊နိုဝင်ဘာလ

# မဟေသီမှ ထေရီသို့

မိန်းမတို့မှာကား လူ့ဘောင်ဘဝနေလျှင် မိဖုရားဖြစ်ရခြင်းသည် မြတ်၏ဟူ၍ စာဆိုတို့ ချီးမွမ်းကြ၏။ ဘုရင်မင်းမြတ်ပြီးလျှင် မိဖုရား၏ ဩဇာသက်ရောက်၏။ လိုက်နာလုပ်ဆောင်ကြရ၏။ ရံရွေတော်များ၊ မောင်းမမိဿံများ၏ ဝန်းရံခစားရခြင်း၊ အလွန်အဖိုးထိုက်တန်သော ရတနာမျိုးစုံစီခြယ်သည့် လက်ဝတ်ရတနာတို့ကို ဆင်မြန်းရခြင်း၊ အလွန်နူးညံ့၍ ကောင်းမွန်လှပသည့် ပိုးဖဲကတ္တီပါတို့ကို လှပကျော့ရှင်းစွာ ဝတ်ဆင်ရခြင်း၊ အလွန်ငြိမ့်ညောင်းသာယာသော ဂီတသံတို့ဖြင့် သီဆိုဖျော်ဖြေခြင်းကို ခံယူရခြင်း၊ အလွန်ခမ်းနားထည်ဝါသည့် နန်းပြာသာဒ်တို့၌ စံစားနေထိုင်ရခြင်း၊ကကြိုးတန်ဆာစုံလင်စွာဆင်ယင်ထားသည့် မြင်းလေးကောင်ကသည့် ရထားပေါ်ဝယ် ကိုယ်ဟန်လှပ တင့်တယ်စွာထိုင်လျှက် မြင်သူတကာ ငေးမောကြည့်ရှုရသည့် အသရေဖြင့် သွားလာရခြင်းစသည့် လူ့ဘောင်ဘဝ၏ စည်းစိမ်ချမ်းသာတို့ကို ကုံလုံပြည့်ဝစွာ ခံစားရသည် မဟုတ်ပါလား။ ဤလိုဘဝမျိုးကို ရရှိပိုင်ဆိုင်သူတို့မှာ အလွန်ပါရမီပြည့်ဝသူ၊ အလွန်လှပ၍ ဘုန်းကံကြီးမားသူ

တို့သာ ဖြစ်ထိုက်သည်ဟူ၍ လူသားကိုင်း သိရှိနားလည်လက်ခံကြပေလိမ့်မည်။ အဆောင်အယောင်၊ အခမ်းအနား၊ အလှအပ၊ ဩဇာတိက္ကမတို့ကို အဘယ်သို့သော သာမန်လူသားက မမက်မောပဲ နေမည်နည်း။

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ မိဖုရားမှာ မဒ္ဒရာဇ်မင်းသမီးလေးတစ်ပါးဖြစ်သော ခေမာမင်းသမီးဖြစ်လေသည်။ ထိုမင်းသမီးကို သာဂလပြည်၌ မဒ္ဒရာဇ်မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့မှ ဖွားမြင်ခဲ့၏။ ထိုမင်းသမီးကို ဖွားမြင်သောအချိန်အခါသမယ၌ တိုင်းပြည်အဝန်းလုံး ရန်သူများကို အောင်နိုင်၍ ငြိမ်းချမ်းသာယာစွာ ရှိသောကြောင့် ခေမာမင်းသမီးဟူ၍ အမည်တွင်ခဲ့၏။အသားအရောင်မှာ ရွှေရောင်ကဲ့သို့ တင့်တယ်လှပလျက် နတ်မိမယ်တမျှ ချောမောသလောက် လှပမှုကိုလည်း အလွန်နှစ်သက်မြတ်နိုးကာ အလှမာန်ရှိ၏။ ခေမာမင်းသမီး၏ အဆင်းကို မြင်သူတိုင်း မြတ်နိုးခြင်းကို ဖြစ်စေ၏။ အရွယ်ရောက်သောအခါ အတိုင်းတိုင်း အပြည်ပြည်မှ မင်းတို့က စာသဝဏ်ပါး၍တောင်းခံကြရာတွင် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် လက်ဆက်ပေးခဲ့လေ၏။ စင်စစ် ဗိမ္ဗိသာရမင်းကြီး၌ သက်တူရွယ်တူ ဝေဒေဟီမိဖုရားကြီးရှိပြီး ဖြစ်သော်လည်း ပျိုမျစ်နုရွယ် အလှကြွယ်သည့် ခေမာမင်းသမီးလေးအား အလွန်ချစ်ခင်မြတ်နိုးတန်ဖိုးထား၍ မိဖုရားအရာ၌ အဆောင်အယောင်ပြည့်စုံစွာနှင့်ထားလေသည်။ ခေမာမိဖုရားကား မင်းကြီး၏ မေတ္တာ၊ ထူးခြားစွာ ယုယကြင်နာမှုတို့ကြောင့် ပျော်ရွှင်ချမ်းမြေ့စွာ စံစားရသော မိဖုရားပေတည်း။

ဤကဲ့သို့ မြင့်မြတ်သည့် မိဖုရားဘဝရောက်ရခြင်းသည်

လည်း ဘဝအဆက်ဆက်ပါရမီ အရှိန်အဟုန်တို့ကြောင့် ဖြစ်ပေ၏။ ဤမင်းသမီးသည် ဘဝပေါင်းများစွာ ပါရမီ ဖြည့်ကျင့်ခဲ့သူတည်း။ ဝိပဿီဘုရားလက်ထက်၌ အနှစ်တစ်သောင်းမျှ မြတ်သောအကျင့်ကို ကျင့်ခဲ့သူ၊ ကောဏာဂုံဘုရားလက်ထက်၌ ဓနဉ္စနီ အရိယာပုဏ္ဏေးမနှင့် သုမေဓာဘိက္ခုနီ ရဟန္တာမိန်းမမြတ်တို့နှင့်အတူ ကျောင်းဆောက်၍ တစ်ထောင်တန်သော ပရိက္ခရာတို့ကို သံဃာတော်များအားလှူခဲ့ဖူးလေ၏။ ဘဝပေါင်းများစွာ တာဝတိံသာ၊ ယာမာနတ်ပြည်၊ တုသိတာ၊ နိမ္မာနရတိနတ်ပြည်၊ သတ္တိနတ်ပြည်များ၌ ဖြစ်လေ၏။ ထိုနတ်ပြည်၌ နတ်မင်းကြီး၏ မိဖုရားသာဖြစ်၏။ လူ့ပြည့်၌ စကြဝတေးမင်း၊ ပဒေသရာဇ်မင်းစသော မင်းတို့၏ မိဖုရားသာဖြစ်ခဲ့၏။

ကဿပဘုရားလက်ထက် ကိကိမင်းကြီးဟု အမည်တွင်သော ဗာရာဏသီပြည်၊ ဗာရာဏသီမင်း၌ သမဏီ၊ သမဏဂေါတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါသီ၊ ဓမ္မာ၊ သုဓမ္မာ၊ သံဃဒါသီဟူသော သမီးခုနစ်ဖော်ရှိသည့်အနက် ခေမာမင်းသမီးမှာ အကြီးဆုံးသမီး 'သမဏီ' အမည်ဖြင့် ကျော်ကြားခဲ့လေသည်။ ဤညီအစ်မ ခုနစ်ယောက်တို့သည် ကဿပဘုရားသာသနာတော်၌ ဘိက္ခုနီပြုလိုကြောင်း ခမည်းတော်ထံသို့ ခွင့်ပန်ရာခွင့်မပြုသဖြင့် အနှစ်တစ်သောင်းကာလပတ်လုံး ကောမာရီပြဟ္မစရိယအကျင့်ကို ချမ်းသာစွာကျင့်ခဲ့ကြ၏။ ဂေါတမမြတ်စွာဘုရားလက်ထက်၌ ခေမာထေရီဖြစ်လာမည့် 'သမဏီ' မင်းသမီးသည် ကဿပဘုရားလက်ထက်ကတည်းကပင် အနှစ်တစ်သောင်းကာလပတ်လုံး မြတ်သောအကျင့်ကိုကျင့်သူ၊ တရားအားထုတ်သူ၊ဗဟုသုတပြည့်သူ၊ပဋိစ္စသမုပ္ပါဒ်တရား၌ ကျွမ်း

ကျင်သူ၊ သစ္စာလေးပါးကို သက်ဝင်ယုံကြည်သူ၊ သိမ်မွေ့သူ၊ ဆန်းကြယ်သောတရားကို ဟောပြောတတ်သူ ဖြစ်ခဲ့လေသည်။ ဤခုနစ်ယောက်ကား ဂေါတမလက်ထက်၌ ခေမာ၊ ဥပလဝဏ်၊ ပဋာစာရီ၊ ကုဏ္ဍလကေသီ၊ ကိသာဂေါတမီ၊ ဓမ္မဒိန္နာ၊ ဝိသာခါဟူသော မိန်းမမြတ်ခုနစ်ယောက်တည်း။

ဤမင်းသမီးသည် ကမ္ဘာပေါင်း ကိုးသောင်းကိုးထောင်ကိုးရာကိုးကမ္ဘာမျှ လူ့ပြည်၊နတ်ပြည်၌ လူချမ်းသာ၊ နတ်ချမ်းသာခံစားလျက် မရေမတွက်နိုင်သော ကိုယ်အဖြစ်ဖြင့် အဖန်များစွာသံသရာ၌ ကျင်လည်ခဲ့၏။ ဤနောက်ဆုံးဘဝ၌ မဒ္ဒရာဇ်ပြည့်ရှင်၏ သမီးတော်ဖြစ်ခဲ့လေ၏။ ဤမင်းသမီးသည် ပညာအရာ၌လျင်မြန်စွာတတ်မြောက်၏။ ဥစ္စာ၊ အဝတ်တန်ဆာများစွာနှင့် ကြီးကျယ်သောချမ်းသာကို ခံစားခဲ့ရ၏။ သူတကာထက်သာလွန်၍တင့်တယ်သော အဆင်းရှိလျက် အများနှစ်သက်သောသူဖြစ်၏။ ဤမင်းသမီးနှင့် ဆက်နွယ်သူဟူသမျှ ဆိုလွယ်၊ ဆုံးမလွယ်၏။ အကောင်းချည်းသာဖြစ်၏။ ဖြစ်လေရာဘဝတိုင်း လင်ယောကျာ်း၏ ချစ်ခင်မြတ်နိုးမှုကို ခံရ၏။ မထီမဲ့မြင်ပြုသူဟူ၍ မရှိခဲ့ချေ။

သို့သော်လည်း ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ မိဖုရားခေမာမင်းသမီးဘဝ၌ အလှမာန်တဝံ့ဝံ့နှင့် ဘဝမှန်ကို မေ့နေသူပေတည်း။ မြတ်စွာဘုရားရှင်အား ဖူးတွေ့ရန် ရှောင်ဖယ်သူ၊ ရုပ်ဆင်းရူပကာအလှကိုသာ တန်ဖိုးထား၍ မြတ်နိုးသူ၊ "အဆင်းကိုတပ်မက်ခြင်းသည် ပစ္စုပ္ပန်သံသရာတို့၌ အပြစ်ဖြစ်၏"ဟူ၍ ဟောကြားတော်မူသော ဗုဒ္ဓအား မကြည်ညိုသူတည်း။ ဘုရင် ဗိမ္ဗိသာရသည် ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓဘုရားရှင် ကြွရောက်လာသောအခါ

ဗုဒ္ဓ၏တရားတော်ကို နာကြားရသဖြင့်သစ္စာလေးပါးတရားကို သိမြင်၍သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့ပြီး ဖြစ်လေ၏။ ဘုရားရှင်နှင့် သံဃာတော်တို့ သီတင်းသုံးနိုင်ရန် ဝေဠုဝန် ဥယျာဉ်တော်ကိုလည်း လှူဒါန်းခဲ့လေသည်။

ဘုရင် ဗိမ္ဗိသာရသည် ချစ်မြတ်နိုးလှသော ခေမာမိဖုရားအား မြတ်စွာဘုရားရှင်၏ တရားတော်၌ မွေ့လျော်စေရန် အမျိုးမျိုးကြိုးစားခဲ့သည်။ ဘုရင်ကိုယ်တော်တိုင်ဘုရားဒါယိကာဖြစ်လျက် မိဖုရားခေမာမင်းသမီးမှာမူ ဘုရားအား မဆည်းကပ်လျှင် အဘယ်သို့ဖြစ်မည်နည်းဟူ၍စဉ်းစားလျက်ခေမာမိဖုရားကိုယ်တိုင် မြတ်စွာဘုရားရှင်ထံသို့ ဖူးတွေ့နိုင်စေရန် ဉပါယ်တမျှင်ဖြင့် စီစဉ်လေ၏။

ဘုရင် ဗိမ္ဗိသာရသည် စာဆိုတို့အား ဝေဠုဝန်၏အလှကို ချီးကျူးသည့် တေးသီချင်းတို့ကို ရေးဖွဲ့၍ မိဖုရားကြားအောင် သီဆိုစေသည်။ နန်းတွင်းသူကချေသည်တို့သည် ဝေဠုဝန်အလှဖွဲ့ဆို၍ တေးသီချင်း၊ ကဗျာတို့ကို သီဆိုစေသည်။

"ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့သည် ပျော်ရွှင်မွေ့လျော်ဖွယ်ကောင်းသော မြတ်စွာဘုရား သီတင်းသုံးရာကျောင်းတော်ရှိသော ဝေဠုဝန်(ဝါးတောဥယျာဉ်) ကိုမမြင်ဖူးပါမူ ထိုသူတို့သည် နတ်တို့ပျော်ရာ နန္ဒဝန်ဥယျာဉ်ကို မြင်ဖူးသူမဟုတ်ချေ"

"ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည် လူတကာနှင့် သက်ခြင်းရှိသော ဝေဠုဝန်ကို ကိုယ်တိုင်မြင်အပ်၏။ ဝေဠုဝန်ကို မြင်ရသူသည် နတ်၊သိကြားတို့ နှစ်သက်အပ်သောတာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်ကို မြင်ရသူမည်၏"

"တာဝတိံသာနတ်များသည် နန္ဒဝန်ဥယျာဉ်မှ ခေတ္တဖယ်

ခွာ၍ လူ့ပြည်သို့ ဆင်းကြခိုက် စိတ်နှလုံးမွေ့လျော်ဖွယ် ဖြစ်သော ဝေဠုဝန်ကို မြင်ရသော် ရင်သပ်ရှုမော အံ့သြကြကုန်လေ၏”

“ဗိမ္ဗိသာရမင်း၏ ရှေးကောင်းမှုကြောင့် အလွန်သာယာ ရှုဖွယ် တင့်တယ်သည့် ဝေဠုဝန်ဥယျာဉ်တော်၏ လှပထည်ဝါမှုကို မည်သူမျှစာဖွဲ့၍မရနိုင်လောက်အောင်၊ချီးမွမ်း၍မကုန်နိုင်လောက် အောင်ဖြစ်ပါပေသည်”ဟူ၍ တေးသီချင်းဖွဲ့သီလေ၏။

ခေမာမိဖုရားက ထိုသီချင်းသံကို ကြားလျှင်ဝေဠုဝန်သို့ သွားလိုကြောင်း မင်းကြီးအားခွင့်ပန်၏။ မင်းကြီးလည်း ဝမ်းမြောက် စွာ ခွင့်ပြု၍ သစ်သီး၊ ပန်းမာန်တို့ဖြင့် အချိန်တိုင်း တင့်တယ်လှပ သော ဝေဠုဝန်သို့ သွားလျှင် ဘုရားရှင်အား မဖူးမြော်ဘဲ မပြန်လာ ရန် မှာကြားခဲ့၏။

ဝေဠုဝန်ဥယျာဉ်ကား အလွန်တင့်တယ်၏။ ပန်းမာလာ မျိုးစုံ၊ ဖူးပွင့်ထုံသင်းလျက် ရှုမောဖွယ်သာယာလှ၏။ လျှိုမြောင် တသွယ် စိမ့်စမ်းငယ်နှင့် ရဂုံမြိုင်တန်းပေတည်း။ ဝေဠုဝန်ဥယျာဉ် သည် ရာဇဂြိုဟ်ပြည်မှ တောင်အရပ်သုံးဂါဝုတ်အကွာ၌ တည်ရှိ၏။ ဝေဠုဝန်ဥယျာဉ်တော်၌ ဘုရားရှင်နှင့်တကွ သံဃာတော်များ သီ တင်းသုံးနေတော်မူလေ၏။ ဝေဠုဝန်ဥယျာဉ်အတွင်း၌ သံဃာတော် များသီတင်းသုံးသည့် အဆောက်အဦများစွာသည် ပန်းပေါင်းစုံတို့ ကြား၌ တင့်တယ်စွာရှိနေပေ၏။

ခေမာမိဖုရားသည် ရံရွေတော်များနှင့်အတူ ဝေဠုဝန်၌ လှည့်လည်ယင်း ဥယျာဉ်အတွင်း၌ မြတ်စွာဘုရားသီတင်းသုံးတော် မူသော ကျောင်းပရဝုဏ်အတွင်း၌ မြတ်စွာဘုရားနှင့် သံဃာတော် များ ရှိလိမ့်မည်မဟုတ်ဟုထင်၍ ကျောင်းထဲသို့ ဝင်လာ၏။ ထိုအခါ

ဂန္ဓကုဋီတိုက်ရှေ့၌ ပရိသတ်လေးပါးအားတရားဟောနေလျက် ရှိသော မြတ်စွာဘုရားအား တွေ့မြင်ရလေသည်။ ထိုအခါ ခေမာမိဖုရားလည်း ရှောင်ရှားရန်မသင့်တော်၍ တရားနာရန်ဝင်၍ ထိုင်လေ၏။

ထိုအချိန်၌ မြတ်စွာဘုရားရှင်၏အနီး ယပ်ခတ်နေသော နတ်မိမယ်တမျှ အလွန်လှပကြော့ရှင်းသည့် မိန်းမငယ်ကို တွေ့မြင်ရသဖြင့် မှင်တက်မိကာ ငေးမောကြည့်နေရင်း စိတ်ထဲ၌လည်း "ဤနတ်မိမယ်နှင့်တူသော သတို့သမီးသည် မြတ်စွာဘုရားအနီး၌ ယပ်တော်ခပ်နေပေသည်။ ငါသည် ထို သတို့သမီးငယ်၏ နောက်လိုက်အလုပ်အကျွေးအဆင့်မျှပင် မဟုတ်ပါတကား"ဟူ၍ ယပ်တော်ခပ် နတ်မိမယ်လေးအလှကို စိတ်ထဲ၌ ချီးမွမ်းနေလေသည်။

မြတ်စွာဘုရားရှင် အမိဋ္ဌာန်တန်ခိုးဖြင့်ယပ်တော်ခပ်သော သတို့သမီးကို သူလတ်အရွယ်သို့ တင်စေ၏။ သူလတ်အရွယ်မှ သူအိုအရွယ်ဖြစ်လျက် အရေရှုံ့တွ၍ ဆံဖြူသွားကျိုး ဖြစ်၍လာကာ ကိုင်ထားသော ယပ်ကိုပင် ကိုင်နိုင်စွမ်းမရှိတော့ဘဲ၊ ထွက်သက်ဝင်သက်ရှူးရှူးရှားရှားဖြစ်လျက် ယိမ်းယိုင် ပျော့ခွေကာလဲကျလေ၏။

အလွန်လှပသော ယပ်တော်ခပ်သတို့သမီးငယ်အား အားကျစိတ်ဖြင့် ကြည့်ရှုနေသည့် ခေမာမိဖုရားသည် ထိုအမျိုးသမီးငယ်၏ ရုပ်အဆင်းသည် တဖြည်းဖြည်းဖောက်ပြန်ပျက်စီး၍ သွားသည်ကို ရှုမြင်ယင်း "ဤဖောက်ပြန်သော ကိုယ်နှင့်ငါ၏ကိုယ် အတူတူပါတကား။ ငါ၏ကိုယ်သည်လည်း ဤသို့ဖောက်ပြန်ပျက်စီးမည်ပါတကား"ဟူ၍အနတ္တသဘောကိုသိမြင်လျက်"ရုပ်အဆင်း၊ရူပကာအလှတို့သည် မနှစ်သက်အပ်၊ မတပ်မက်အပ်ဟူသော မြတ်စွာ

ဘုရားရှင် ဟောကြားသောတရားမှာမှန်လေစွတကား”ဟူ၍ နှလုံးသွင်း ဆင်ခြင်ပြီးနောက် မြတ်စွာဘုရားရှင်၏ တရားအဆုံး၌ မဂ်လေးတန်၊ ပဋိသမ္ဘိဒါတရားလေးပါးနှင့်တကွ ရဟန္တာမဖြစ်လေသည်။

ထိုသို့ ရဟန္တာမအဖြစ်သို့ဆိုက်ရောက်သော်မြတ်စွာဘုရားရှင်အား ယခင်က ပြစ်မှားမိခဲ့သော အပြစ်တို့ကို ရှိခိုးကန်တော့၍တောင်းပန်လေ၏။ ခေမာမိဖုရားသည် လူအဖြစ်နှင့်ရဟန္တာမဖြစ်သည့်အတွက် ရဟန်းပြုခွင့်ရရန် ဗိမ္ဗိသာရမင်းကြီးအား ခွင့်တောင်းလေလျှင် မင်းကြီးကခွင့်ပြု၍မင်း၏အဆောင်အယောင်ဖြင့် ရဟန်းမိန်းမတို့၏ ကျောင်းသို့ ပို့ဆောင်၍ရဟန်းပြုစေသည်။ ခေမာထေရီသည် သာဝတ္ထိနှင့် သာကေတမြို့အကြားရှိ တောရဏဝတ္ထုရွာ၌သီတင်းသုံးနေစဉ် ပဒေနဒီကောသလ မင်းကြီး သာကေတမြို့မှသာဝတ္ထိပြည်သို့တိုင်းခန်းလှည့်လည်၍ရောက်ရှိလာသည်။ ထိုအချိန်၌မင်းကြီးသည် ခေမာထေရီ၏ ပညာကြီးကြောင်းကြားသိပြီးဖြစ်၍ခေမာထေရီထံ ချဉ်းကပ်ပြီးနက်နဲသော ပြဿနာရပ်တို့ကို မေးလေ၏။ ထို့နောက် မြတ်စွာဘုရားရှင်ထံသို့သွား၍ ခေမာထေရီအားမေးသကဲ့သို့ မေးလျှောက်သော် ဘုရားရှင်သည် ခေမာထေရီ ဖြေသည့်အတိုင်း ဖြေတော်မူလေသည်။

ခေမာထေရီသည် ပညာရှိ၏။ တတ်သိလိမ္မာ၏။ အကြားအမြင်များ၏။ဆန်းကျယ်သောတရားကိုဟောတတ်၏။နက်နဲသောပြဿနာရပ်တို့ကို ဖြေရှင်းပေးနိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် “ရဟန်းတို့၊ ပညာကြီးသော ငါ၏တပည့်ဘိက္ခုနီတို့တွင် ခေမာသည်အမြတ်ဆုံးဖြစ်၏”ဟူ၍ ခေမာထေရီအား ပညာကြီးသော

အရာ၌ဧတဒဂ်ထားတော်မူလေ၏။ဉာဏ်ပညာထူးချွန်သော အရာ၌ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းရသောထေရီမယ်တစ်ပါးသည် ဤဘဒ္ဒကမ္ဘာ၌ ပေါ်ပေါက်ခဲ့ပြီတကား။

ဂန္ထဝင်မဂ္ဂဇင်း
အမှတ်(၂၂)၂၀၀၃-ခုနှစ်၊ အောက်တိုဘာလ

## မယားအလိမ္မာ-မလိင်္ကာ

"ချစ်နှမယ သင်သည် ငါ့အတွက်သားသမီးတစ်စုံတစ်ယောက်မျှ မဖွားမြင်ပေးနိုင်ခဲ့သည့်အတွက် မိဘရပ်ထံသို့သာ ပြန်သွားပါတော့. . "။ မိမိ၏နှလုံးသွေးတို့အား ရပ်တံ့သွားစေလောက်အောင်၊ မိမိခန္ဓာရှိ အသိအာရုံ၊အမြင်အာရုံ၊ အကြားအာရုံများကို တချိန်တည်း၊ တပြိုင်တည်း မှေးမှိန်ချုပ်ပျောက်စေလောက်အောင် ပြင်းထန်သည့်စကား။ ဂိမိအရှင်သခင်၊ မိမိ၏လင်ယောကျ်ားဖြစ်သူ တစ်ယောက်၏စကား။

ထိုကဲ့သို့ မိန်းမမြူမဟု အပြောခံရခြင်းသည် မိန်းမသား တစ်ယောက်အဖို့ ဘယ်လောက်အခံရခက်လိုက်ပါသနည်း။ မည်မျှ ဝမ်းနည်းအားငယ်ရပါသနည်း။ မိမိသည်မိန်းမသားဖြစ်၍ မိန်းမ ဝတ္တရားမကျေပွန်ရကောင်းလားဟု ပြစ်တင်ဝေဖန်လျှင်လည်း မိမိ ခံရပါမည်။ သားသမီးမရခြင်းသည် မိမိတတ်နိုင်သည့်ကိစ္စမဟုတ်ပါ ချေ။ သားသမီးရတနာရခြင်းသည် မိမိ၏ကံကြမ္မာနှင့်လည်း ဆိုင် သည်။ မိမိ၏ပါရမီဘဝပေးကုသိုလ်နှင့်လည်းဆိုင်သည်။ သဘာဝ တရားကြီးက ခွင့်ပြုသည့်အချိန်အခါနှင့်လည်းဆိုင်သည်။ ဘုရားက ပေးသည့်ရတနာဟု ဆိုချင်လည်းဆိုနိုင်သည်တကား။

ပြုံး-စာပေ

ရှိပါစေတော့။ ယခုအချိန်အခါ၌ မိမိဘက်ကဘာတစ်ခုမျှ မတောင်းဆိုချင်တော့။ ချေပလျှောက်လဲချက်တွေ မတင်ချင်တော့။ ပြောသမျှကို ခေါင်းငုံ့ခံ၊ ကြေကွဲခံစားမှုတို့ကို နှလုံးသားမှာ သိမ်းဆည်းကာ ခင်ပွန်းဖြစ်သူ၏စကားကို မြေဝယ်မကျနားထောင်လျက် မိဘရပ်ထံသို့ ပြန်ရပေတော့မည်။

မလိက္ကာသည် ခင်ပွန်းဖြစ်သူ ဗန္ဓုလစစ်သူကြီးက မိဘရပ်ထံပြန်လွှတ်သောကြောင့် ဝမ်းနည်းပူဆွေးမှုတို့ကို ခံစားနေရရှာသည်။ မလိက္ကာသည် ကုသိနာရုံပြည်မှ မလ္လလာမင်း၏သမီးတော်ဖြစ်သည်။ ဗန္ဓုလစစ်သူကြီး၏ ဇနီးဖြစ်သည်။ မိမိ၏ခင်ပွန်းသည် ဗန္ဓုလစစ်သူကြီးသည် လက်ရုံးရည်၊နှလုံးရည်နှင့်ပြည့်စုံသည့် ယောကျ်ားကောင်းဖြစ်၍ ဂုဏ်ယူခဲ့ရပါ၏။ ဝမ်းမြောက်ခဲ့ရပါ၏။ ယခုမူ လင်ယောကျ်ား၏ဆန္ဒကို မဖြည့်စွမ်းနိုင်သည့် မိန်းမတစ်ယောက်အဖြစ် မိမိကိုယ်မိမိသိမ်ငယ်လာသည်။

မလိက္ကာသည် မိဘရပ်ထံပြန်မသွားခင် မြတ်စွာဘုရားထံတော်ပါး၌ရှိခိုးဖူးမြင်လိုသောကြောင့်ဇေတဝန်ကျောင်းတော်သို့ ဝင်လာခဲ့သည်။ ဘုန်းတော်အနန္တနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ကြည်ညိုစွာ ရှိခိုးဦးချမိပါသည်။ ဘုရားရှင်က ဘယ်ကိုသွားမည်နည်းဟု မေးသောအခါ မိမိသည်သားသမီးမွေးမပေးနိုင်သောကြောင့် မိန်းမမြုံမဟူသော စွပ်စွဲချက်ဖြင့်မိဘရပ်ထံပြန်သွားရမည့်အကြောင်းကို လျှောက်တင်လိုက်သည့်အခါ ဘုရားရှင်က ခင်ပွန်းဖြစ်သူ ဗန္ဓုလစစ်သူကြီးထံသို့ ပြန်သွားရန်မိန့်တော်မူခဲ့ပါသည်။

မလိက္ကာသည် ခင်ပွန်းသည်ထံပြန်သွားပြီး ဘုရားရှင် မိန့်တော်မူ၍ပြန်လာကြောင်းပြောပြသောအခါခင်ပွန်းသည်ကပြန်လည်

လက်ခံခဲ့ပါသည်။ မကြာမီပင် မလိက္ကာ၌ကိုယ်ဝန်ရ၍ ချင်ခြင်းဖြစ် လာသည်။ မလိက္ကာတောင့်တသော ချင်ခြင်းမှာ ဝေသာလီပြည်၌ အားလုံးသော လိစ္ဆဝီမင်းတို့ဘိသိတ်သွန်းရာမင်္ဂလာရေကန်သို့ ဆင်း ပြီးရေချိုးကာ ထိုရေကိုသောက်လိုသော ဆန္ဒပင်ဖြစ်သည်။

ခင်ပွန်းသည် ဗန္ဓုလစစ်သူကြီးအားပြောကြားသောအခါ ဗိုလ်ခြေတစ်ထောင်အားဖြင့် ပင့်ချီနိုင်သောလေးကိုယူ၍ မလိက္ကာ ကိုရထားထက်၌တင်ပြီး သာဝတ္ထိမှရထားမောင်းနှင်လျက် ဝေသာ လီပြည်သို့ရောက်လာလေသည်။ မလိက္ကာတို့ ဝေသာလီပြည်သို့ဝင် သောတံခါးအနီး၌ မဟာလိလိစ္ဆဝီမင်း၏ နေအိမ်ရှိသည်ဖြစ်၍ ရထားသံကိုကြားသောအခါ ဗန္ဓုလစစ်သူကြီးသည်ရထားသံဟု သိ လေ၏။ ထိုအခါ မဟာလိ လိစ္ဆဝီမင်းသည် လိစ္ဆဝီမင်းသားများအား ဘေးအန္တရာယ်ကျရောက်တော့မည်ဟု ကြိုတင်၍သိလေသည်။

ဝေသာလီပြည်မှမဟာလိ လိစ္ဆဝီမင်းသား၊ကုသိနာရုံပြည် မလ္လမင်း၏သား ဗန္ဓုလမင်းသားနှင့်သာဝတ္ထိပြည့်ရှင် မဟာကော သလဘုရင်၏သား ပသေနဒီမင်းသားတို့သည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ အတတ်ပညာများကို သင်ကြားတတ်မြောက်ခဲ့သည့် မိတ်ဆွေရင်းချာများဖြစ်လေသည်။ ထို့နောက် ပသေနဒီမင်း၏ သားသည် သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းဖြစ်လာသည်။ မဟာလိ လိစ္ဆဝီမင်းသားသည် ကြီးစွာသောလုံ့လဖြင့် မိမိအတတ် ပညာများကိုပြသခဲ့စဉ်က မျက်လုံးနှစ်ဖက်ကွယ်ပျက်သွားသဖြင့် လိစ္ဆဝီ မင်းသားငါးရာတို့က မြို့တံခါးမှ ကောက်ခံရရှိသော အခွန် ငွေတစ်သိန်းဖြင့် စောင့်ရှောက်ထားလေသည်။ မဟာလိ လိစ္ဆဝီ မင်းသားသည် လိစ္ဆဝီမင်းသားငါးရာတို့အား အတတ်ပညာများ

ကိုသင်ကြားပြသလျက် ဝေသာလီပြည်၌နေထိုင်လေ၏။ ဗန္ဓုလမင်းသားသည် မလ္လမင်းတို့ပြည်၌ မင်းအဖြစ်ပြုလုပ်ခွင့်မရနိုင်၍ ပသေနဒီကောသလမင်းထံ သွားရောက်ခဲ့ရာ ပသေနဒီကောသလမင်းသည် ကြီးစွာသော ခရီးဦးကြိုမှုပြုပြီး စစ်သေနာပတိအရာ၌ ခန့်ထားခဲ့လေသည်။

လိစ္ဆဝီမင်းများ ဘိသိတ်သွန်းလောင်းရာ မင်္ဂလာရေကန်တော်သည် အပြင်၌လည်းကောင်း၊ အတွင်း၌လည်းကောင်း၊ အစောင့်အရှောက်များစွာရှိ၏။ အထက်၌သံကွန်ယက်ဖြင့်မြေးယှက်ဖုံးအုပ်၍ထားသောကြောင့်ငှက်များပင်မဝင်နိုင်ပေ။ဗန္ဓုလ စစ်သူကြီးသည်ရထားမှဆင်းသက်ပြီးလျှင်ရေကန်အစောင့်အရှောက်တို့ကို သံလျက်ဖြင့် ချောက်လှန့်ထွက်ပြေးစေပြီးလျှင် သံကွန်ယက်တို့ကို သံလျက်ဖြင့်ဖြတ်ပြီး မလိက္ကာကို ရေကန်တော်မှရေကို ချိုးစေ၏။ ထို့နောက် မင်္ဂလာကန်တော်မှ ရေကိုသောက်စေ၏။ ထို့နောက် မလိက္ကာကို ရထားပေါ်တင်၍မြို့မှထွက်လာပြီး လာလမ်းအတိုင်း ခရီးနှင်ခဲ့လေသည်။

ထိုအချိန်တွင် မင်္ဂလာကန်အစောင့်တို့သည် လိစ္ဆဝီမင်းတို့အား အကျိုးအကြောင်းကိုလျှောက်တင်သောအခါ လိစ္ဆဝီမင်းတို့သည် ဒေါသအမျက်ချောင်းချောင်းထွက်၍ ရထားငါးရာဖြင့် ဗန္ဓုလစစ်သူကြီးနှင့် မလိက္ကာတို့အားဖမ်းရန်ထွက်လာကြသည်။ မဟာလိလိစ္ဆဝီမင်းသားသိသောအခါ "အသင်တို့ မလိုက်ကြပါနှင့်၊ ထိုဗန္ဓုလသည်အသင်တို့အားလုံးကိုသတ်ပေလိမ့်မည်"ဟုတားမြစ်လေသည်။ ထိုသို့တားမြစ်သော်လည်း လိစ္ဆဝီမင်းသားတို့သည် လိုက်ဖို့ရာပင်စိုင်းပြင်းလျက်ရှိကြသောကြောင့် မဟာလိ လိစ္ဆဝီမင်းသားက "ထိုသို့

ဆိုလျှင်လည်း ဗန္ဓုလ၏ရထားလှည်းဘီးစက်၏ ပုံတောင်းချက်မျှ တိုင်အောင် မြေသို့ဝင်ရာ အရပ်ကိုမြင်လျှင်ပြန်လာကြကုန်လော့။ ထိုအရပ်မှ ပြန်မလှည့်ခဲ့သော် သင်တို့၏ရထားဦး၌ အပေါက်ကို မြင်လျှင် ပြန်လှည့်လာကြကုန်လော့။ ထိုအရပ်မှပြန်လှည့်မလာ လျှင် ရှေ့နောက်စဉ်က မသွားကြကုန်လင့်”ဟု မှာကြားလေ၏။

ထိုလိစ္ဆဝီမင်းတို့သည် မဟာလိမင်းသား မှာကြားသော စကားကို မနာယူဘဲ ဗန္ဓုလရထားနောက်သို့ လိုက်ကြလေသည်။ ဤသို့လိုက်လာသည်ကို မလိက္ကာက မြင်သောအခါ နောက်မှရထား များလိုက်လာကြောင်း ဗန္ဓုလစစ်သူကြီးအားပြောကြားလေသည်။ ထိုအခါ ခင်ပွန်းသည် ဗန္ဓုလစစ်သူကြီးက “ချစ်နှမ၊ အားလုံးသော ရထားတို့သည် တစ်ခုတည်းသောရထားကဲ့သို့ ဖြစ်သောအခါ ငါ့ အားပြောကြားလော့” ဟု မှာကြားထားလေ၏။ မလိက္ကာလည်း ရထားများကို အစဉ်မပြတ်ကြည့်ရှုနေလျက် လိုက်လာသော ရထား များအားလုံး တစ်ခုတည်းဖြစ်သွားသည်ကို မြင်သောအခါ ခင်ပွန်း သည်အား အသိပေးပြောကြားလေသည်။

ထိုအခါ ဗန္ဓုလစစ်သူကြီးသည် ရထားပေါ်၌လေးကိုတင် ၍ ရထားလှည်းဘီးစက်သည် ပုံတောင်းချက်(လှည်းဘီတဝက်) တိုင် အောင်မြေသို့ဝင်၏။ လိစ္ဆဝီမင်းတို့သည် ပြန်လှည့်မသွားကြပေ။ ဗန္ဓုလစစ်သူကြီးသည် လေးညို့ကို ပုတ်ခတ်သောအခါ မိုးကြိုးစက် ကဲ့သို့ အသံမြည်၏။လိစ္ဆဝီမင်းသားတို့သည် ပြန်လှည့်၍မသွား ကြပေ။ ထိုအခါ ဗန္ဓုလစစ်သူကြီးသည် လေးညို့ကိုတင်ပြီး တစ်ခု တည်းသောမြှားဖြင့် ပစ်လွှတ်၏။ ထိုမြှားသည်ရထားငါးရာတို့၏ ရထားဦးတို့၌ အပေါက်ဖြစ်သွားပြီး လိစ္ဆဝီမင်းသားငါးရာလုံးကို

ထုတ်ချင်းထွင်းဖောက်၍ မြေသို့နစ်ဝင်သွားလေ၏။

လိစ္ဆဝီမင်းသားတို့သည် မိမိတို့အား မြားဖောက်ထွင်းသွားသည်ကို မသိသောကြောင့် "အချင်း ဗန္ဓုလ၊ ရပ်လော့"ဟု ဆိုလျက် ဗန္ဓုလစစ်သူကြီး၏ရထားကို အမှီလိုက်လာလေသည်။ ဗန္ဓုလက "အသင်တို့သည် သေသွားကြပြီဖြစ်၍ ငါ့အားစစ်ထိုးဖွယ်မရှိ"ဟု ဆို၏။ လိစ္ဆဝီမင်းသားတို့က မယုံကြည်ကြသောကြောင့် နောက်ဆုံး ရထားစီးနင်းသူ လိစ္ဆဝီမင်းသားအား ဝတ်ထားသောချပ်ဝတ်တန်ဆာတို့ကို ဖြေချွတ်ခိုင်းသည့်အခါ လဲကျသေဆုံးလေသည်။ ထိုအခါ ကျန်ရှိသော လိစ္ဆဝီမင်းသားတို့သည် ချပ်ဝတ်တန်ဆာမချွတ်မီ အိမ်သို့အရင်ပြန်၍ ဇနီး၊သားသမီးများကို မှာကြားစရာရှိသည်တို့ကို မှာကြားကြလေသည်။

မလ္လိကာတို့သည် သာဝတ္ထိသို့ချောမောစွာ ပြန်ရောက်ခဲ့လေသည်။ ထို့နောက် သားယောကျ်ား တစ်ဆယ့်ခြောက်ကြိမ် ဖွားမြင်ပြီး တစ်ကြိမ်စီလျှင် သားယောကျ်ား အစုံ-အစုံဖြင့် သုံးကျိပ်နှစ်ယောက်ဖွားမြင်ခဲ့လေ၏။ သုံးကျိပ်နှစ်ယောက်သော သားတို့သည် ရဲရင့်၏။ အားအစွမ်းနှင့်လည်း ပြည့်စုံပြီး အလုံးစုံသော အတတ်ပညာတို့ကိုလည်း တတ်မြောက်ကြ၏။ သားများမှာ တစ်ယောက်လျှင် ယောကျ်ားအခြံအရံတစ်ထောင် စီရှိ၏။ နန်းတော်သို့သွားလျှင် မင်းရင်ပြင်၌ မလ္လိကာ၏သားတော်အခြံအရံများဖြင့် ပြည့်နေ၏။

တစ်နေ့တွင် တရားဆုံးဖြတ်သောအမတ်တို့သည် တံစိုးလက်ဆောင်ယူ၍ တရားစီရင်ကြသောကြောင့် မတရားခံရသူတို့သည် ဗန္ဓုလစစ်သူကြီးအားလျှောက်တင်ကြကုန်၏။ ဗန္ဓုလလည်း

တရားဆုံးဖြတ်ပြီး ပစ္စည်းရှင်အစစ်အား ပြန်လည်၍ပေးအပ်သည်။ ထိုအခါ ပြည်သူတို့သည် ဗန္ဓုလစစ်သူကြီးအား ချီကျူးထောမနာပြုကြလေ၏။ ထိုအကြောင်းကို ပသေနဒီကောသလမင်းကြီး ကြားသိရသည့်အခါ တရားဆုံးဖြတ်သော အမတ်တို့အားရာထူးမှထွက်စေ၍ ဗန္ဓုလစစ်သူကြီးအား တရားဆုံးဖြတ်သောရာထူးကို အပ်နှင်းတော်မူ၏။

ဗန္ဓုလစစ်သူကြီးတရားဆုံးဖြတ်သောကြောင့် ယခင်က တရားစီရင်ရသော အမတ်တို့သည် တစ်စုံတစ်ခုသော တံစိုးလက်ဆောင်မရသောကြောင့်ဗန္ဓုလစစ်သူကြီးသည် မင်းဖြစ်ရန်ကြံစည်နေသည်ဟု ဘုရင်အား ကုန်းချောကြလေ၏။ ဘုရင်သည်ထိုအမတ်ယုတ်တို့၏စကားကို ယုံကြည်၍ ဤသို့ကြံစည် ဆောင်ရွက်လေသည်။

ပစ္စန္တရစ်ဒေသသည် ခိုးသူတို့ထကြွသောင်းကျန်းနေသည်ဟု အကြောင်းပြ၍ ဗန္ဓုလနှင့်သားသုံးကျိပ်နှစ်ယောက်တို့အား သွားရောက်နှိမ်နင်းရန်စေလွှတ်ပြီး၊ ထိုအရပ်ဒေသမှအပြန်တွင် ခေါင်းဖြတ်သတ်ရန်တပ်ဖွဲ့တစ်ခုကို စေလွှတ်မည်ဟူသော အကြံအစည်ကိုပြုလုပ်လေသည်။ ထို့နောက်မင်းကြီးသည် စစ်သည်တို့ကိုခေါ်၍ ဗန္ဓုလနှင့် သားသုံးကျိပ်နှစ်ယောက်တို့အား ခေါင်းဖြတ်၍ယူဆောင်လာခဲ့ရန် အမိန့်ပေးလေ၏။

ဗန္ဓုလစစ်သူကြီးနှင့် သားသုံးကျိပ်နှစ်ယောက်တို့သည် ပစ္စန္တရစ်အရပ်သို့ သွားရောက်သောအခါ ခိုးသူတို့သည် ဗန္ဓုလအား ကြောက်ရွံ့၍ထွက်ပြေးကြကုန်၏။ ဗန္ဓုလစစ်သူကြီးသည် ပစ္စန္တရစ်အရပ်ဒေသသို့ အေးငြိမ်းတည်ငြိမ်အောင်စီမံပြီး ပြန်လာရာ၊ မြို့နှင့်မဝေးတော့သောအရပ်၌ မင်းကြီးစေလွှတ်သော စစ်သည်တို့နှင့်

တွေ့ပြီးဗန္ဓုလနှင့်သားသုံးကျိပ်နှစ်ယောက်တို့အားသတ်ပြီး ဦးခေါင်းကိုဖြတ်ကြလေသည်။

မလ္လိကာသည် ခင်ပွန်းသည်နှင့် သားသုံးကျိပ်နှစ်ယောက်လုံး ဦးခေါင်းကိုဖြတ်၍ အသတ်ခံရပြီဟူသော ကဗျည်းစာကိုရရှိပြီးနောက်ကဗျည်းစာကို ရင်ဝယ်ပိုက်ပြီးရဟန်းငါးရာနှင့်တကွအဂ္ဂသာဝကကြီးနှစ်ပါးတို့အားဆွမ်းဆက်ကပ်လုပ်ကျွေးပြုစု၏။ မလ္လိကာသည် ရဟန်းတို့အားဆွမ်းဆက်ကပ်လုပ်ကျွေးပြီးသောအခါ ထောပတ်အိုးကိုယူဆောင်လာစဉ် မထေရ်မြတ်တို့ရှေ့၌ထောပတ်အိုးကျကွဲလေ၏။ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်က "ဒါယိကာမ၊ အနိစ္စသဘောသည် မတည်မြဲ၊ ပျက်စီးတတ်သည်။ ပူဆွေးသောက မဖြစ်ပါနှင့်"ဟု တရားဟောကြားတော်မူလေသည်။

မလ္လိကာ၏စိတ်၌လည်း အနိစ္စမတည်မြဲခြင်း ဟူသောသဘောသည် မတည်မမြဲပျက်စီးတတ်၏။ လောကကြီးသည် ဖြစ်ပြီးလျှင်ပျက်ရမည်။ ဘယ်အရာမှ မတည်မြဲ။ ပြိုကွဲပျက်စီးကြရမည့်တရားကို နှလုံးသွင်းဆင်ခြင်ပြီးသားဖြစ်နေသည့်အတွက် မလ္လိကာသည် ဤသို့လျှောက်ထားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည်သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ၊ ခင်ပွန်းသည် ဗန္ဓုလစစ်သူကြီးတို့၏ ဦးခေါင်းကို ဖြတ်ခံရသည့်ကဗျည်းစာကို လက်ခံရရှိသော်လည်း ပူဆွေး ငိုကြွေးခြင်းမရှိခဲ့ပါဘုရား။ ဤထောပတ်အိုးကွဲခြင်းကို အဘယ်မှာ ပူဆွေးပါမည်နည်း"ဟု လျှောက်တင်လေ၏။

မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်ကိုခေါ်၍ မိမိလင်သားနှင့်သားများသည် ရှေးဘဝပြုခဲ့သော ကံ၏အကျိုးကြောင့်

ဝဋ်ကြွေးခံစားရသည်ဖြစ်၍ ပသေနဒီကောသလမင်းကြီးအား မပြစ်မှားဘဲ မေတ္တာထားကြရန် ဆုံးမလေ၏။ ထို့နောက်မင်းကြီးအား ခင်ပွန်းသည်နှင့် သားများ၌ အပြစ်မရှိကြောင်းလျှောက်ထားရာ မင်းကြီးသည် မိမိ၏မဆင်မခြင်ပြုခဲ့သောအပြစ်ကို သိရှိပြီး၊ များစွာထိတ်လန့်၍ သံဝေဂရတော်မူလေ၏။

မလ္လိကာသည် ပသေနဒီကောသလမင်းကြီးက ပေးသနားတော်မူသော ဆုလာဘ်တို့ကိုမယူခဲ့ပေ။ မိမိနှင့်ချွေးမသုံးကျိပ်နှစ်ယောက်တို့အား မိဘရပ်ထံ ပြန်ရန်အခွင့်ကိုသာ တောင်းဆိုခဲ့ကြလေသည်။ မင်းကြီးလည်း မလ္လိကာ၏တောင်းဆိုမှုကို ခွင့်ပြုသဖြင့် မလ္လိကာနှင့် ချွေးမသုံးကျိပ်နှစ်ယောက်တို့သည် ကုသိနာရုံပြည်ရှိ ဆွေမျိုးမိဘရပ်ထံသို့ ပြန်ခဲ့လေသည်။

မလ္လိကာသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူ၍ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ကုသိနာရုံပြည်တွင်းသို့ သယ်ဆောင်လာစဉ် မလ္လိကာ၏ မဟာလတာတန်ဆာကို မြတ်စွာဘုရားရှင်၏ ကိုယ်တော်အားစွပ်၍ဝတ်ပေးလေ၏။ ထိုအခါ ရွှေအဆင်းရှိသော မြတ်စွာဘုရားရှင်၏ ကိုယ်တော်သည် ရတနာခုနှစ်ပါးဖြင့်ပြီးသော မဟာလတာတန်ဆာဖြင့် အလွန်တင့်တယ်ပေ၏။ မလ္လိကာသည် ထိုသို့တင့်တယ်သည်ကိုမြင်၍ အလွန်ကြည်ညိုသောစိတ်ဖြင့် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မ၏ သံသရာဝဋ်၌ ကျင်လည်ရသမျှကာလပတ်လုံးအသီးအခြား အဆင်တန်ဆာဆင်မြန်းရသော ကိစ္စဟူ၍မဖြစ်ရ၊ မရှိရပါစေသတည်း။ အမြဲတစေတပည့်တော်မ၏ကိုယ်သည် အဆင်တန်ဆာဝတ်ဆင်ပြီး ဖြစ်ရပါစေသား"ဟု ဆုတောင်းခဲ့လေ၏။

ပြီး-စာပေ

မလိက္ကာသေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်၍သူ၏ဆုတောင်းအတိုင်း တောက်ပြောင်သော ရွှေရောင်အဆင်းရှိလျက် ရတနာခုနှစ်သွယ်ဖြင့် ပြီးသော အဝတ်၊ အဆင်တန်ဆာ ဗိမာန်ရှင်တစ်ဦးဖြစ်လေ၏။

သန္တရသမဂ္ဂဇင်း
အမှတ်စဉ်(၉)၊၂၀၀၇-ခုနှစ်၊မတ်လ

# မဟာနွယ်မင်းသမီး

မဟာနွယ်မင်းသမီးဖြစ်သည့် "မဟာပဇာပတိဂေါတမီ" ကားဘိက္ခုနီသာသနာ၏ ပထဦးဆုံးသောထေရီမကြီးဖြစ်ပေသည်။ ထို့အပြင် အမျိုးသမီးများအား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ရရှိစေရန် ကြိုးပမ်းခဲ့သူ အမျိုးသမီးအာဇာနည်လည်းဖြစ်ပေသည်။

"မဟာပဇာပတိဂေါတမီ"ကား မဇ္ဈိမဒေသမြောက်ပိုင်း၊ ဟိမဝန္တာတောင်ခြေတွင်တည်ရှိသော သက္ကတိုင်းရှိ ဒေဝဒဟပြည်မှ အဥ္စနာမင်းကြီး၏သမီးတော်ဖြစ်သည်။ ကပိလဝတ်ပြည်မှ သုဒ္ဓေါဒနမင်းသားသည် မဟာမာယာနှင့် "မဟာပဇာပတိဂေါတမီ"တို့ ညီအစ်မနှစ်ဦးလုံးကို စုလျားရစ်ပတ်လက်ထပ်ခဲ့သည်။ ညီအစ်မနှစ်ဦးလုံး အချိန်ကြာမြင့်စွာ သားသမီးမထွန်းကားဘဲနေခဲ့ပြီးမှ အစ်မတော် မဟာမာယာဒေဝီသည် အသက်ငါးဆယ်ကျော် အရွယ်မှပင် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ခဲ့လေ၏။ သို့သော် မဟာမာယာဒေဝီမှာ ခုနှစ်ရက်မြောက်သောနေ့တွင် ကွယ်လွန်သွားသဖြင့် သိဒ္ဓတ္ထမင်းသားအား "မဟာပဇာပတိဂေါတမီ"က နို့ချိုတိုက်ကျွေး၍ ကျွေးမွေးပြုစုခဲ့သောကြောင့် နောင်ကာလတစ်လျှောက်လုံး

မိထွေးတော်ဂေါတမီဟူ၍ ထင်ရှားခဲ့လေ၏။ မိထွေးတော်ဂေါတမီသည် သိဒ္ဓတ္ထမင်းသားအား မိခင်ရင်းကဲ့သို့ ယုယကြင်နာစွာ နို့ချိုတိုက်၍ပြုစုပြီး ကိုယ်တိုင်ထိန်းကျောင်းမွေးမြူခဲ့လေသည်။ သားတော်ရင်းနန္ဒမင်းသားအား အထိန်းတော်များနှင့်ထိန်းကျောင်းစေခဲ့၏။

သိဒ္ဓတ္ထမင်းသား အရွယ်ရောက်လာသည်နှင့် အမျှ ယောကျ်ားမြတ်တို့၏လက္ခဏာနှင့်ပြည့်စုံ၍ တင့်တယ်ခံ့ညားလာသည်ကို ပီတိသောမနဿဖြစ်ခဲ့ရသည်မှာလည်း ဂေါတမီပင်တည်း။ သိဒ္ဓတ္ထမင်းသား သက်တော် ၂၉ နှစ်တွင် နန်းတော်ကိုစွန့်၍ တောထွက်သွားပြီး၊ ဘုရားဖြစ်တော်မူသောအခါ၊ ကပိလဝတ်သို့ပြန်ကြွလာတော်မူစဉ်သားတော်အား ဖူးမြင်ရသဖြင့်ဖခင်သုဒ္ဓေါဒနမင်းကြီးဝမ်းသာပီတိဖြစ်သကဲ့သို့ ထပ်တူထပ်မျှပင်ဝမ်းသာကြည်နူးခဲ့လေသည်။

ဘုရားရှင်သည် နန်းတော်သို့ ကြွလာပြီး ဖခမည်းတော်မင်းကြီးနှင့်နန်းတွင်းသူ၊နန်းတွင်းသားတို့အားတရားဒေသနာဟောကြားတော်မူရာ မိထွေးတော်ဂေါတမီသည် သားတော်ဘုရားရှင်အပေါ်၌ ပြင်းပြစွာ ချစ်ခင်ကြည်ညိုခြင်းဖြစ်လျက် တရားဒေသနာကို နာကြားရသောအခါ တဏှာပေမကင်းစင်၍ ဓမ္မကိုသိလာပြီး၊ သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။

ဘုရားရှင်သည် ရဟန်းငါးရာခြံရံလျက် မဟာဝုန်တောမှ ကပိလဝတ်ပြည်သို့ ကြွတော်မူပြီး၊ နိဂြောဓာရုံကျောင်းတော်၌ ခေတ္တသီတင်းသုံးတော်မူစဉ် ခမည်းတော်သုဒ္ဓေါဒနနှင့် မိထွေးတော်ဂေါတမီတို့သည် သားတော်အား ဒုတိယအကြိမ်ဖူးမြင့်ခွင့်ရသဖြင့်

အလွန်ပီတိဖြစ်နေလေသည်။ မိထွေးတော်ဂေါတမီမှုကား ဖူးမြင်၍ မဝနိုင်ဖြစ်၍ ဘုရားရှင်အတွက် သင်္ကန်းကပ်လှူရန်ဆန္ဒဖြစ်ခဲ့၏။ ထို့ကြောင့်အထူးကောင်းမွန်သော ဝါဂွမ်းတို့ကိုဝယ်ယူစေပြီး နန်းတွင်းသူများနှင့်အတူ ကိုယ်တိုင်ကြိုးကြပ်လျက် ဗိုင်းငင်ခြင်း၊ ဝါဖတ်ခြင်း၊ ရက်ကန်းရက်ခြင်းပြုလုပ်ကာ ချောမွေ့ပြီးပြည့်စုံ ကောင်းမွန်သည့် သင်္ကန်းတစ်စုံကို ရက်လုပ်နိုင်ခဲ့၏။ ထို့နောက် နံ့သာကြုတ်ဖြင့်ထည့်၍ နန်းတွင်းသူများခြံရံကာ ဘုရားရှင်အား သွားရောက်ကပ်လှူခဲ့လေ၏။

မြတ်စွာဘုရားရှင်သည် မိထွေးတော်ဂေါတမီ၏ ဘုရားရှင်အပေါ်ပုဂ္ဂိုလ်စွဲချစ်ခင်ကြည်ညိုမှုဖြင့် ကပ်လှူခြင်းကို ခွင့်ပြုတော်မမူခဲ့ပေ။ ဘုရားရှင်က "မိထွေးတော်ဂေါတမီ၊ သံဃာအားလှူဒါန်းပါလော့၊သံဃာအားလှူဒါန်းသည်ရှိသော် ငါဘုရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ပူဇော်ရာရောက်ပေလိမ့်မည်"ဟု ဟောကြားတော်မူခဲ့သည်။

ကပိလဝတ်ပြည်၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံတော်မူခါနီးအချိန်တွင် ဝေသာလီပြည်၊ မဟာဝုန်တော၊ "ကူဋာဂါရသာလာ"ကျောင်းတိုက်၌ ဘုရားရှင် ပဥ္စမဝါကပ်နေတော်မူရာမှ ကပိလဝတ်နန်းတော်သို့ကြွရောက်ခဲ့သောကြောင့် သုဒ္ဓေါဒနမင်းကြီးမှာ နောက်ဆုံးဖူးမြင်ခွင့်ရရှိခဲ့လေသည်။ ကပိလဝတ်နန်းတော်၌ မင်းကြီးကွယ်လွန်သောအခါ မင်းယောကျ်ားဟူ၍ တစ်ဦးမှမရှိတော့ချေ။ "မဟာပဇာပတိဂေါတမီ၊ သမီးတော်ဇနပဒကလျာဏီ (နန္ဒမင်းသမီး)နှင့် ယသော်ဓရာဒေဝီတို့ စသော မင်းမိန်းမများသာ ကျန်တော့၏။

"မဟာပဇာပတိဂေါတမီ"မှာ သက်တော် ၈၀ ရှိနေပြီဖြစ်၍ လူ့ဘောင်ဘဝ၌နေရန်ဆန္ဒမရှိတော့ချေ။ သားတော်ဘုရားရှင်၏ဓမ္မရိပ်ကိုခိုလှုံရန် ဆန္ဒရှိပေ၏။ ထိုအခါ သာကီဝင်မင်းမိန်းမငါးရာတို့လည်း "မဟာပဇာပတိဂေါတမီ"ထံ ချဉ်းကပ်လာ၏။ ထိုမင်းမိန်းမငါးရာတို့ကား ရောဟိနီစစ်ပွဲအပြီး ရဟန်းပြုသွားခဲ့ကြသော သာကီဝင်မင်းသားငါးရာတို့၏ ကြင်ယာတော်များဖြစ်ပေ၏။

ရောဟိနီမြစ်သည် ကပိလဝတ်ပြည်နှင့်ကောလိယပြည်ကြားမှ ဖြတ်သန်းစီးဆင်းသောမြစ်ဖြစ်၏။ နှစ်ဖက်နိုင်ငံမှ လယ်သမားများသည် တူးမြောင်းများဖြင့် ရေသွယ်ယူကာ စပါးသီးနှံများစိုက်ပျိုးကြ၏။ ထိုနှစ်၌ စပါးသီးနှံများမှည့်ချိန်ဖြစ်သော နယုန်လ၌မြစ်ရေမှာလျော့နည်းလာ၍ နှစ်ဖက်စလုံးမှရေသွင်းရန်မလုံမလောက်ဖြစ်လာ၏။ ထိုကိစ္စကိုအကြောင်းပြု၍ နှစ်ပြည်ထောင်မှလယ်သမားတို့စကားများရာမှမင်းများပါ ပါလာပြီး စစ်ခင်းရန်ပြင်ဆင်ကြ၏။ ထိုစဉ်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားသည် မိမိ၏ဆွေတော်မျိုးတော်များစစ်ပွဲခင်း၍သွေးချောင်းစီးမည်ကိုသိမြင်၍ ရောဟိနီမြစ်ကမ်းသို့ကြွရောက်ပြီး ငြိမ်းချမ်းရေးတရားများဟောကြားသဖြင့် စစ်ပြေငြိမ်းသွားခဲ့လေ၏။ ဆွေတော်မျိုးတော်များက မိမိတို့သွေးချောင်းစီးမည့်ဘေးမှ ကယ်တင်ပေးသောမြတ်စွာဘုရားကို လွန်စွာကြည်ညိုကြကုန်လျက် ဟစ်ပြည်ထောင်စီကမင်းသားနှစ်ရာ့ငါးဆယ်စီကို ဘုရားရှင်ထံအပ်နှံ၍ ရဟန်းပြုပေးတော်မူ၏။ ထိုရဟန်းငါးရာတို့သည် မိမိတို့၏ကြင်ယာတော်များကို လွမ်းတသသနှင့်ရှိသဖြင့် ရဟန်းဘဝ၌မပျော်မွေ့ချေ။ ဘုရားရှင်သည် ထိုရဟန်းငါးရာတို့အား လွန်စွာ

သာပ.ာလှပပြီးသစ်ပင်သစ်တောတို့ဖြင့် ပျော်မွေ့ဖွယ်ကောင်းသော ဟိမဝန္တာအရပ်သို့ခေါ်ဆောင်သွားပြီး မာတုဂါမတို့၏ အပြစ်ကို ဟောတော်မူရာ တရားအဆုံး၌ရဟန်းငါးရာလုံး သောတာပန် ဖြစ်သွားကြ၏။ထို့နောက်မဟာဝုန်တောသို့ပြန်ကြွတော်မူပြီး ဝိပဿနာကမ္မဋ္ဌာန်းကိုပွားများအားထုတ်ရန်ဘုရားရှင်က ညွှန်ပြတော်မူသည်။ ဝိပဿနာပွားများအားထုတ်ပြီးသော် ရဟန်းငါးရာလုံး ရဟန္တာများဖြစ်သွားကြလေ၏။

"မဟာပဇာပတိဂေါတမီ"နှင့် သာကီဝင် မင်းမိန်းမငါးရာတို့သည် ဆံပင်များကို ရိတ်ဖြတ်၍ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ဆင်ကြကုန်လျက် မြတ်စွာဘုရားထံသို့ သွားကြလေ၏။ ကပိလဝတ်ပြည်နှင့် ဝေသာလီကား (၅၁)ယူဇနာကွာဝေးသော ခရီးကို ဂေါတမီနှင့် သာကီဝင်မင်းသမီးငါးရာတို့သည်ခြေလျင်ခရီးပြင်းနှင်ခဲ့ကြ၏။ သာကီဝင်မင်းတို့၏ကြင်ယာဇနီးများဖြစ်ကြ၍ အလွန်နူးညံ့သူများဖြစ်ရာ ခြေတို့၌အဖုအလုံးများ ပေါက်ကာ ဖူးရောင်ကြွလျက်ရှိချေ၏။ ထို့နောက်ဝေသာလီပြည် မဟာဝုန်တောရှိ ကူဋာဂါရကျောင်းတိုက်သို့ရောက်သောအခါ ဖုန်များအလိမ်းလိမ်းနှင့် ဆင်းရဲပင်ပန်းသည့်ဒဏ်ကိုခံစားရင်း ကျောင်းတိုက်အပြင်ဘက်၌ ရပ်စောင့်နေကြလေ၏။ ဘုရားရှင်ထံ တင်လျှောက်သောအခါ၌ ရဟန်းမ ပြုခွင့်မပေးခဲ့သော် ဇမ္ဗူဒိတ်တစ်ကျွန်းလုံးက ကဲ့ရဲ့ကြမည်ကို စိုးရိမ်သောကဖြစ်ကာည ငိုကြွေးနေလေ၏။

ရှင်အာနန္ဒာမထေရ်က "မဟာပဇာပတိဂေါတမီ"အား မေးမြန်းသောအခါ အကြောင်းစုံကိုသိ၍ မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က"မသင့်လျော်ဘူး၊

ချစ်သားအာနန္ဒာ၊သင်ချစ်သားသည် ဓမ္မဝိနယသာသနာ၌ မာတုဂါမများ ရှင်ရဟန်းများပြုလုပ်ခွင့်ကို မနှစ်သက်ပါလင့်" ဟူ၍ တားမြစ်တော်မူ၏။ ဒုတိယအကြိမ်လည်း တားမြစ်တော်မူပြန်သည်။ တတိယအကြိမ်လည်း တားမြစ်တော်မူလေသည်။

ထိုအခါ ရှင်အာနန္ဒာသည် တနည်းပြောင်း၍ လျှောက်ပြန်လေ၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မာတုဂါမ၊ မင်းမိန်းမများသည် ဤဓမ္မဝိနယသာသနာတော်၌ ရှင်ရဟန်းမ ပြုလုပ်ပြီးလျှင် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုရန် ထိုက်တန်ပါပေ၏လော"ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က "ထိုက်တန်ပေ၏"ဟူ၍ မိန့်ကြားတော်မူ၏။ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား "မဟာပဇာပတိဂေါတမီ"ရဟန်းမ လုပ်ခွင့်ရအောင် လျှောက်ထားလေသော် မြတ်စွာဘုရားသည် ဂရုဓံရှစ်ပါးကို ဟောကြား၍ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူ လေ၏။

လိုက်နာရမည့် ဂရုဓံရှစ်ပါးမှာ-

(၁) ဝါ (၁၀၀)ရှိပြီးသော ရဟန်းမသည် ယနေ့မှရဟန်းပြုသော ရဟန်းငယ်အားရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း တို့ကိုပြုရမည်။ ဤကျင့်ဝတ်တရားကို ရိုသေစွာပူဇော်၍အသက်ထက်ဆုံး မကျူးလွန်အပ်။

(၂) ရဟန်းမသည် ရဟန်းယောကျ်ားတို့နှင့်မနီးသော ကျောင်းတိုက်၌ ဝါမကပ်ရ။ ဤကျင့်ဝတ်ကို ရိုသေစွာပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။

(၃) ရဟန်းမသည် လခွဲတစ်ကြိမ်၊ရဟန်းသံဃာမှ (က)ဥပုသ်မေးခြင်း၊(ခ)အဆုံးအမခံယူရန်ကပ်ခြင်း ဤတရားနှစ်ပါးကို လိုချင်တောင့်တလိုက်နာရမည်။ ဤကျင့်ဝတ်ကိုရိုသေစွာပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။
(၄) ဝါကျွတ်ပြီးသောရဟန်းမသည် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာနှစ်ဖက်၌မြင်ခြင်း၊ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်းတို့ဖြင့် အပြစ်ရှိပါကဆုံးမရန် ဤသုံးဌာနတို့ဖြင့်ဖိတ်ကြားမှုပြုရမည်။ ဤကျင့်ဝတ်ကိုရိုသေစွာပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။
(၅) သံဃာ ဒိသိသိအာပတ်သို့ရောက်သော ဘိက္ခုနီမသည် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာနှစ်ဖက်၌ တစ်ဆယ့်ငါးရက်ကြာ ပက္ခမာနတ်အကျင့်ကိုကျင့်ရမည်။ ဤကျင့်ဝတ်ကို ရိုသေစွာပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။
(၆) ရဟန်းမတို့သည် နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးတို့၌ မကျိုးမပေါက်၊ မပြောက်မကျားရအောင် ကျင့်သုံးပြီးသော သိက္ခာရှိသောဘိက္ခုသံဃာ၊ဘိက္ခုနီသံဃာနှစ်ဖက်၌ ရဟန်းမ ပြုပေးရန်ရှာမှီးရမည်။ ဤကျင့်ဝတ်ကိုရိုသေစွာ ပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။
(၇) ရဟန်းမသည် ရဟန်းယောကျ်ားကို တစ်စုံတစ်ခုသောအကြောင်းမျှဖြင့် မဆဲရေးရ။ မရေရွတ်ရ။ ဤကျင့်ဝတ်တရား ကိုလည်းရိုသေစွာပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။
(၈) ယနေ့မှစ၍ ရဟန်းမများက ရဟန်းယောကျ်ားတို့အပေါ်၌ အဆုံးအမညြဝါဒစကား ပြောကြားမှုကို တားမြစ်ပိတ်ဆို့အပ်သည်။ ရဟန်းယောကျ်ားတို့က ရဟန်းမတို့အပေါ် ဆုံးမဩဝါဒ

စကားပြောကြားမှုကို မတားမြစ်အပ်။ ဤကျင့်ဝတ်တရားကို ရိုသေစွာပူဇော်၍ အသက်ထက်ဆုံး မကျူးလွန်အပ်။

ဤဂရုဓံရှစ်ပါးကျင့်ဝတ်များကို ခံယူလိုက်နာပါလျှင် ရှင်ရဟန်းမအဖြစ်ခွင့်ပြုမည်ဟူ၍ မိန့်ကြားပြီး ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူ၏။

မြတ်စွာဘုရား၏ မိန့်ကြားချက်ကိုကြားနာပြီး ရှင်အာနန္ဒာသည်မိထွေးတော်ဂေါတမီထံသို့သွားပြီး အကြောင်းစုံကိုပြောပြလေ၏။မိထွေးတော်ဂေါတမီကလည်း "အရှင်ဘုရား၊ အာနန္ဒာ၊ မိမိကိုယ်ကိုလှပတင့်တယ်စွာပြုပြင်လေ့ရှိသော လုလင်ပျို၊ လုံမပျိုတို့သည် ရေချိုးပြီးစ၌ ကြာပန်းကိုဖြစ်စေ၊ မြတ်လေးပန်းကိုဖြစ်စေ ရရှိသော် လက်နှစ်ဖက်တို့ဖြင့်ကောင်းစွာခံယူ၍ မိမိဦးခေါင်းထက်၌ပန်ဆင်သကဲ့သို့ တပည့်တော်သည် ဤဂရုဓမ္မရှစ်ပါးကို ကောင်းစွာခံယူ၍ အသက်ထက်ဆုံးစောင့်ထိန်းပါအံ့"ဟူ၍ ဝန်ခံကတိပြုလေ၏။

ဤသို့ဖြင့် မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရား၏ ဂရုဓမ္မရှစ်ပါးကိုခံယူခြင်းဖြင့် ပထမဦးဆုံးသော ဘိက္ခုနီမအဖြစ်ရောက်ရှိသွားလေ၏။ မိထွေးတော်နှင့်အတူ လိုက်ပါလာသော သာကီဝင်မင်းသမီးငါးရာတို့ကို "ဘိက္ခုသံဃာထံ စတုတ္ထကမ္မဝါစာ" ဖြင့် ဘိက္ခုနီအဖြစ်ခံယူရန် ဘုရားရှင်က ညွှန်ကြားတော်မူ၏။ ထိုအခါ ရဟန်းတော်များသည် သာကီဝင်မင်းသမီးငါးရာတို့ကို မဟာပဇာပတိဂေါတမီ၏ သဒ္ဓိဝိဟာရိနီ တပည့်များပြုလုပ်၍ ပဉ္စင်းခံပေးကြသောအခါ သာကီဝင်မင်းမိန်းမငါးရာတို့အားလုံး ဘိက္ခုနီများဖြစ်သွားကြလေ၏။

မဟာပဇာပတိဂေါတမီ ထေရီသည် သံခိတ္တသုတ်ဒေသနာ

ကို ကြားနာရသဖြင့်အရဟတ္တဖိုလ်သို့ရောက်ရှိလေ၏။ သာကီဝင်မင်းသမီးရဟန်းမတို့သည် နန္ဒကောဝါဒသုတ္တာန်ကိုကြားပြီးအချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်၊ အချို့က ရဟန္တာများ ဖြစ်ကြလေ၏။

မဟာပဇာပတိဂေါတမီ သည် ဘိက္ခုနီသာသနာကိုစတင်ပေါ်ပေါက်စေခဲ့ပြီး အမျိုးသမီးတို့အား ငြိမ်းချမ်းရေးလမ်းကို ပြပေးခဲ့သည့် အမျိုးသမီးထု၏ ကျေးဇူးရှင်ပေတည်း။ဂေါတမီထေရီသည် ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သဖြင့် အာသဝေါ ကင်းစင်သော ရဟန္တာထေရီအဖြစ်ရောက်ရှိသွားခဲ့လေသည်။ သာကီဝင်မင်းသမီးငါးရာတို့သည်လည်း မကြာမီပင် ရဟန္တာမများဖြစ်သွားကြလေကုန်၏။ မဟာပဇာပတိဂေါတမီထေရီသည် လွန်ခဲ့သောကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားထံ၌ ရတ္တညျူတေဒဂ်ရရှိရန်ဆုပန်ခဲ့ပြီး များစွာသောဘဝတို့၌ ပါရမီဖြည့်ကျင့်ဆည်းပူးခဲ့၍ ဘဝများစွာ၌ ဘုရားလောင်း၏ မယ်တော်ရင်းအဖြစ်လည်းကောင်း၊ မိထွေးတော်အဖြစ်လည်းကောင်း ဖြစ်ခဲ့လေ၏။ ဘုရားလောင်း၏ပါရမီကို ဘဝများစွာဖြည့်ကျင့်ခဲ့သဖြင့် ယခုဘဝ၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်အထိ အကျိုးကြီးမားခဲ့ပေသည်။

မြတ်စွာဘုရားရှင်သည် မိထွေးတော်ဂေါတမီအား-

"ဧတ ဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ရတ္တညျူနံ

ဘိက္ခုနီနံ ယဒိဒံ မဟာပဇာပတိဂေါတမီ" ဟူ၍ သိက္ခာဝါအကြီးဆုံးသောဘိက္ခုနီအဖြစ်"ရတ္တညူ ဧတဒဂ်"ဘွဲ့ထူးကို ပေးတော်မူခဲ့လေသည်။

ပြီး-စာပေ

ဂေါတမီထေရီမကြီးသည် ဝေသာလီမြို့တွင်းရှိ ဘိက္ခုနီကျောင်း၌ သာကီဝင်မင်းသမီးငါးရာတို့နှင့်အတူ သီတင်းသုံးလျက်ရှိရာမှ သက်တော် ၁၂၀ သို့ရောက်သောအခါ မိမိ၏သက်တမ်းမှာ ယနေ့ပင် ကုန်ဆုံးနေပြီဖြစ်ကြောင်း သိရလေ၏။ ထို့ကြောင့် "ငါသည် ဘုရားရှင်အားပန်ကြား၍ပရိနိဗ္ဗာန်ပြုတော်အံ့"ဟု ဆုံးဖြတ်လိုက်လေသည်။ ဘိက္ခုနီငါးရာတို့သည်လည်း ထေရီမကြီးထံရောက်လာပြီး၊သူတို့လည်းထေရီမကြီးနှင့်အတူ ပရိနိဗ္ဗာန်ပြုမည်ဟု လျှောက်ထားကြလေသည်။ ထေရီမကြီးသည် ဘုရားရှင်ထံ သွားရောက်ပန်ကြားရန် ဘိက္ခုနီငါးရာခြံရံလျက် ဘိက္ခုနီကျောင်းမှ ထွက်ခွာခဲ့ကြလေသည်။ နှစ်ပေါင်းများစွာ နေခဲ့သောကျောင်းကို နောက်ဆုံးကြည့်ရှုခြင်းဖြင့်ကြည့်ရှုလျက်ကျောင်းစောင့်နတ်အားလည်း ပန်ကြားနှုတ်ဆက်ခဲ့လေသည်။

ဂေါတမီထေရီမကြီးနှင့် ဘိက္ခုနီငါးရာတို့ ပရိနိဗ္ဗာန်စံကြတော့မည်ဟူသောသတင်းသည် ဝေသာလီတစ်မြို့လုံးပျံ့နှံ့သွားရာ ထောင်ပေါင်းများစွာသော မြို့သူမြို့သားများသည် လမ်းပေါ်သို့ ထွက်လာကြပြီး ထေရီမကြီးနှင့် ရဟန္တာမငါးရာတို့အား သည်းထန်စွာ ငိုကြွေးရင်းဖြင့် ရှိခိုးကန်တော့ကြလေ၏။ ထေရီမကြီးသည်လည်း လမ်းဘေးတစ်လျှောက်မှ မြို့သူမြို့သားများအား တရားပြ၍ ဟောပြောဆုံးမရင်းဖြင့် ဘုရားရှင်သီတင်းသုံးတော်မူရာ မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်သို့ ဆိုက်ရောက်သွားလေသည်။

ဂေါတမီထေရီမကြီးသည် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်နှင့်ပြည့်စုံသော ဘုရားရှင်၏ ခြေတော်အစုံကိုဦးတိုက်လျက်

ရှိသေစွာရှိခိုး၍ ဘုရားရှင်၏အနန္တကျေးဇူးတော်များကိုလည်း ထုတ်ဖော်လျှောက်ကြားလေသည်။

"မြတ်စွာဘုရားရှင်သည် ကျွန်ုပ်၏ဓမ္မဖခင်ဖြစ်တော်မူ၍၊ ဓမ္မချမ်းသာကိုပေးတော်မူခဲ့၍ ဓမ္မ၌မွေးဖွားခဲ့ရပါကြောင်း၊ ကျွန်ုပ်၏ဓမ္မကာယကို အရှင်ဘုရားက ကြီးထွားစေခဲ့ပါကြောင်း၊ ဆာလောင်မှုကိုထာဝစဉ်ငြိမ်းအေးစေသော ဓမ္မနို့ရည်ကို တိုက်ကျွေးခဲ့ပါကြောင်း၊ ကျွန်ုပ်အားဘဝသံသရာဟူသောသမုဒ္ဒရာမှ ကယ်တင်တော်မူခဲ့ပါကြောင်း"စသည်ဖြင့်လျှောက်ထားပန်ကြားလေ၏။

ထို့နောက် ထေရီမကြီးသည် မိမိအား ပရိနိဗ္ဗာန်ပြုခွင့်ပေးပါရန် ပန်ကြားပြီး၊ ဘုရားရှင်၏ ခြေတော်အစုံကိုဖက်၍ အပြစ်ရှိခဲ့ပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လေသည်။

"နေမျိုးနွယ်တို့၏ မှန်ကင်းသဖွယ်ဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ ကျွန်ုပ်သည် နောက်ဆုံးသေခြင်းဖြင့် သေဆုံးခြင်းမဖြစ်မီအချိန်၌ အရှင်မြတ်အား ရှိခိုးကန်တော့ခဲ့ပါသည်။ ကျွန်ုပ်သည် အရှင်မြတ်အား နောက်တဖန်ဖူးမြင်နိုင်တော့မည်မဟုတ်ပါ"

"မိန်းမသားတို့မည်သည် အပြစ်ခပ်သိမ်းတို့၏ တည်ရာဖြစ်ကုန်၏ဟူ၍ လောက၌အသိအမှတ်ပြုထားကြပါသည်။ ကျွန်ုပ်တို့၌တစ်စုံတစ်ခုသောအပြစ်ရှိခဲ့ပါလျှင် သနားဂရုဏာနှင့်ပြည့်ဝတော်မူသော အရှင်မြတ်က ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါဘုရား"

"ကျွန်ုပ်သည် မိန်းမသားများ ရဟန်းမပြုခွင့်ရရန် ကြိမ်ဖန်များစွာတောင်းပန်ခဲ့ပါသည်။ ထိုသို့တောင်းပန်ခြင်းကြောင့် အပြစ်တစ်စုံတစ်ခုရှိခဲ့သော် ကျွန်ုပ်အားခွင့်လွှတ်တော်မူပါဘုရား"

ဘိက္ခုနီတို့ကို သွန်သင်ဆုံးမရာ၌ ချွတ်ချော်တိမ်းပါးမှုရှိခဲ့

ပါလျှင် သည်းခံခွင့်လွှတ်တော်မူပါဘုရား”

ဟူ၍ တောင်းပန်လျှောက်ထားသော ဂေါတမီထေရီမကြီး အား ဘုရားရှင်က ပရိနိဗ္ဗာန်ပြုရန်ခွင့်ပြုတော်မူပြီး နောက်“အချင်း ဂေါတမီ၊ အသိအလိမ္မာ ဉာဏ်ပညာခေါင်းပါးသူတို့သည် မိန်းမသား များ၏တရားထူးရရှိမှုကို ယုံမှားသံသယရှိတတ်ကြ၏။ ထိုသူတို့၏ ယုံမှားသံသယကင်းပျောက်စေရန် တန်ခိုးပြာဋိဟာကိုပြခဲ့ပါဦး လော့”ဟု မိန့်ကြားတော်မူ၏။

ထိုအခါ ဂေါတမီထေရီမကြီးသည် ဘုရားရှင်အားရှိခိုးပြီး၊ ကောင်းကင်သို့ပျံတက်၍ကောင်းကင်ပြင်၌ တင်ပျဉ်ခွေထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်း၊ များစွာသော နိမ္မိတရုပ်ပွားတို့ကို ဖန်ဆင်းခြင်း၊ ရေပြင်ပေါ်၌လမ်းလျှောက်ခြင်း၊ မြေကြီးအောက်သို့ငုပ်လျှိုးသွား ခြင်း စသည့် အံ့ဖွယ်များသော တန်ခိုးပြာဋိဟာတို့ကို ပြလေသည်။

ပရိသတ်အပေါင်းက“အဘယ်သို့သော ကောင်းမှုတို့ကို ပြုလုပ်ခဲ့သဖြင့် ဤသို့သော တန်ခိုးဣဒ္ဓိတို့ကို ရရှိခဲ့ပါသနည်း”ဟု မေးလျှောက်သောအခါ ထေရီမကြီးက ပဒုမုတ္တရဘုရားထံဆုပန်ခဲ့ပုံ၊ ဘဝများစွာတို့၌သာကီဝင်မင်းသမီးငါးရာတို့နှင့်အတူ ပါရမီဖြည့် ကျင့်ခဲ့ပုံများကို ပြောကြားလေ၏။

ထို့နောက် တူတော်ရှင်အာနန္ဒာ၊သားတော်ရှင်နန္ဒ၊ မြေး တော်ရာဟုလာတို့နှင့်တကွ ရဟန်းသံဃာတော်များကို ရိုသေစွာရှိခိုး ၍ ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်ကြောင်း ပန်ကြားလေ၏။

ထေရီမကြီးနှင့် ဘိက္ခုနီငါးရာတို့သည် မိမိတို့ ကျောင်းသို့ ပြန်ရောက်ကြပြီးနောက် ထောင်ပေါင်းများစွာသော ဝေသာလီ ပြည်သူတို့ လာရောက်ငိုကြွေးကြ၏။ ပရိသတ်ကို ပြန်သွားစေပြီး

နောက် ဂေါတမီထေရီမကြီးနှင့်ဘိက္ခုနီငါးရာတို့သည် ဈာန်သမာပတ်ဝင်စားပြီး မီးစာကုန်ဆီခန်းသော မီးခွက်မှမီးလျှံများငြိမ်းသွားသကဲ့သို့ နိဗ္ဗာနဓါတ်ဖြင့် ဘဝဇာတ် ချုပ်ငြိမ်းသွားကြလေသည်။ ဂေါတမီထေရီမကြီးသည် ဝေသာလီပြည်၌ ဘိက္ခုနီဘဝကိုရရှိ၍၊ ပရိနိဗ္ဗာန်ပြုသောအခါ၌လည်းဝေသာလီ၌ပင်ပြုတော်မူခဲ့လေသည်။

ထိုအခါ မြေငလျင် ကြီးစွာတုန်လှုပ်ခြင်း၊ ကောင်းကင်မှ ဥက္ကာကျခြင်း၊ သည်းထန်စွာမိုးချုန်းခြင်းစသော အံ့ဖွယ်များ တပြိုင်နက် ဖြစ်ပေါ်လာကုန်၏။ မြတ်စွာဘုရား၏ လောကမယ်တော်ဖြစ်သော ဘုရားရှင်၏တင့်တယ်သော ရူပကာယကိုကြီးထွားစေခဲ့သော၊ ဘုရားရှင်အားနို့ချိုတိုက်ကျွေးခဲ့သော၊ ဘုရားရှင်၏မယ်တော်ဖြစ်ခဲ့သော ဂေါတမီထေရီမကြီးသည် အိုခြင်းလည်းမရှိ၊ သေခြင်းလည်းမရှိ၊ မချစ်မနှစ်သက်သူတို့နှင့်အတူတကွ နေရခြင်းလည်းမရှိသော၊ ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်းလည်းမရှိသော မြတ်သောနိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ခဲ့ပြီတကား။

ဩကာသမဂ္ဂဇင်း
အမှတ်(၃)၊အတွဲ-၂၊၂၀၀၈-ခုနှစ်

## သာဝတ္ထိမြို့သူ

ဂေါတမဘုရားလက်ထက်၌ အင်္ဂတိုင်း၊ မဂဓတိုင်းဟူ၍ တိုင်းကြီးနှစ်တိုင်းကို အုပ်ချုပ်စိုးစံနေသော ရာဇဂြိုလ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏နိုင်ငံအတွင်း၌ နေထိုင်သော ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ မေဏ္ဍကသူဌေး၊ပုဏ္ဏသူဌေးနှင့်ကာကဝလိယသူဌေး ကြီးငါးဦးတို့မှာ အလွန်ထင်ရှားခဲ့ကြသည်။ ဝိသာခါသည် အင်္ဂတိုင်း ဘဒ္ဒိယမြို့မှ မေဏ္ဍကသူဌေးကြီး၏သား ဓနဥ္စယနှင့် သုမနဒေဝီ တို့မှ မွေးဖွားခဲ့သူဖြစ်ပေ၏။ ဝိသာခါကလေးငယ်စဉ်ကပင် ဗေဒင် လက္ခဏာကျွမ်းကျင်သော ပုဏ္ဏားတို့က "ဤမိန်းကလေးသည် အရွယ်ရောက်သောအခါ များစွာသောသားသမီးအခြွေအရံတို့နှင့် ပြည့်စုံ၍ အသက်(၁၂၀)ရှည်သူဖြစ်လိမ့်မည်"ဟူ၍ ဟောကိန်းထုတ် ခဲ့ကြလေသည်။ ထိုဟောကိန်းအရ မေဏ္ဍကသူဌေးကြီးသည် မြေး မလေးအား "ဝိသာခါ"ဟု အမည်တွင်စေခဲ့လေသည်။

ဝိသာခါ(၇)နှစ်သမီးအရွယ်တွင် ဘုရားရှင်က ရာဇဂြိုလ် မှ ဘဒ္ဒိယမြို့သို့ကြွလာရာ အရွယ်တူသတို့သမီးငါးရာနှင့်အတူ ဘုရားရှင်အားကြိုဆိုရန် မေဏ္ဍကသူဌေးကြီးက စီစဉ်ပေးခဲ့ပေ

သည်။ ဘုရားရှင်အား မြို့သူမြို့သားများက သောင်းသောင်းဖြဖြ ကြိုဆိုကြပေရာ ဝိသာခါလေးလည်း ပါဝင်လေသည်။ ဘုရားရှင်၏ ဒေသနာကိုကြားနာပြီးနောက် အခြွေအရံသတို့သမီးငါးရာတို့နှင့် အတူသောတာပန်ဖြစ်ခဲ့လေ၏။မေဏ္ဍကသူဌေးကြီးလည်း သော တာပန် ဖြစ်လေ၏။ မေဏ္ဍကသူဌေးကြီးနှင့် ဆုထူးပန်ဖြစ်ခဲ့သော သူဌေးကတော် စန္ဒပဒုမ၊ သား ဓနဉ္စယ၊ ချွေးမ သုမနဒေဝီ၊ ကျွန် ပုဏ္ဏတို့ငါးဦးစလုံး သောတာပန်ဖြစ်ခဲ့သည်။

သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးသည် များစွာသော မှူးမတ်ဗိုလ်ပါအခြံအရံတို့ဖြင့် ရာဇဂြိုလ်ပြည်သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့လေသည်။ ရာဇဂြိုလ်ပြည်ရှိ ဗိမ္ဗိသာရမင်း၏ အဂ္ဂမဟေသီဝေဒေဟီမိဖုရားကြီးမှာ ပသေနဒီ ကောသလမင်းကြီး၏ နှမတော်ဖြစ်၏။ သို့ဖြစ်၍တစ်နိုင်ငံနှင့် တစ် နိုင်ငံချစ်ခင်ရင်းနှီးစွာ ဆက်ဆံမှုရှိခဲ့၍နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေ လမ်းဖောက်၍ နေခဲ့ကြလေသည်။

ဗိမ္ဗိသာရမင်းကြီးက ဧည့်သည်တော်ကောသလ မင်း ကြီးအား "အဆွေတော်မင်းမြတ်၊ကျွန်ုပ်နိုင်ငံသို့ ကြွရောက်လာခြင်း အတွက် ဝမ်းမြောက်လှပါသည်။ အဆွေတော်လိုလားနှစ်သက်သော ပစ္စည်းတစ်စုံတစ်ခုရှိပါလျှင်မိန့်ကြားပါလော့"ဟု ပြောဆိုသောအခါ ပသေနဒီကောသလမင်းကြီးက"အဆွေတော် ဗိမ္ဗိသာရ၊ အဆွေ တော်ကဖိတ်ကြားသဖြင့် ဝမ်းမြောက်လှပါသည်။ ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ခုသော သက်မဲ့ဝတ္ထုပစ္စည်းကို ရယူလိုခြင်းမရှိပါ။ အဆွေ တော်၏နိုင်ငံ၌မရေမတွက်နိုင်သော ပစ္စည်းဥစ္စာတို့နှင့်ပြည့်စုံသော သူဌေးကြီးငါးဦးရှိသည်ဟု ကြားသိရပါသည်။ကျွန်ုပ်၏နိုင်ငံ၌မှု

သူဌေးတစ်ဦးတစ်လေမျှမရှိပါ။ သို့ကြောင့် သူဌေးကြီးငါးဦးအနက် သူဌေးတစ်ဦးဦးကို သာဝတ္ထိပြည်သို့ပြောင်းရွှေ့နေထိုင်စေမည်ဆိုလျှင် ကောင်းမွန်ပါလိမ့်မည်”ဟု ပြောလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် မှူးမတ်များနှင့် တိုင်ပင်သောအခါ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယအားသာဝတ္ထိသို့ သွား၍နေထိုင်လျှင်သင့်လျော်ကြောင်းအကြံပေးကြလေသည်။ ဗိမ္ဗိသာရ၏အမတ်ကြီးများက ပစ္စည်းဥစ္စာလွန်စွာများပြားသော သူဌေးကြီးများအဖို့ အခြားတိုင်းပြည်သို့ ရွှေ့ပြောင်းရန်အလွန်ခက်ခဲမည်ဟု ယူဆခဲ့ကြသည်။

ဓနဉ္စယသူဌေးသည် သားမယား၊ အခြွေအရံများနှင့်အတူ သာဝတ္ထိသို့လိုက်လာသည်။ ပသေနဒီကောသလမင်းကြီး၏ စစ်သည်ဗိုလ်ပါများနှင့် ဓနဉ္စယသူဌေး၏ခြွေရံပရိသတ်များစွာတို့သည် “သာဝတ္ထိ”သို့မရောက်မီ “သာကေတမြို့”၌ ခရီးတစ်ထောက်နားကြလေ၏။ သာကေတမှာ သာဝတ္ထိနှင့် ခုနှစ်ယူဇနာမျှသာဝေးလေ၏။ ဓနဉ္စယသူဌေးသည် “သာဝတ္ထိမှာလူနေအိမ်ခြေများလှသည်။ ငါ၏ခြွေရံပရိသတ်ကလည်း များလှသည်။ သာကေတ၌ပင်အခြေချတော့မည်”ဟု အကြံဖြစ်၏။ ထို့နောက်ပသေနဒီကောသလမင်းကြီးအား လျှောက်တင်သော်ကျေနပ်စွာခွင့်ပြုခဲ့လေသည်။

ဓနဉ္စယသူဌေးသည် သာကေတမြို့၌ ကျယ်ပြန့်သော မြေနေရာ၌ မိမိတို့အတွက် အိုးအိမ်တိုက်တာများကို ဆောက်လုပ်စေသည်။ ကျေးကျွန်၊လုပ်သား၊အခြွေအရံတို့လည်း သင့်တင့် လျောက်ပတ်သောနေရာတို့၌ အသီးသီးနေရာချထားပေးလေသည်။ ထို့ကြောင့်ဓနဉ္စယသူဌေး၏သမီး ဝိသာခါလည်း သာကေတမြို့သူ

ဖြစ်လာလေ၏။ ဝိသာခါသည် ဆံပင်၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရေအဆင်း၏ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်းစသော ကောင်းခြင်းငါးဖြာတို့နှင့် ပြည့်စုံပေ၏။

ဆံပင်၏ကောင်းခြင်းဆိုသည်မှာ- ဆံပင်သည် ဒေါင်းမြီးကိုစည်းနှောင်ထားသကဲ့သို့ ညီညွတ်ခြင်း၊ ဆံပင်၏အရောင်အဆင်းသန့်ရှင်းတောက်ပလျက် မည်းနက်ခြင်း၊ ထွေးယှက်လိမ်ကောက်မရှိခြင်း၊ ပကတိအားဖြင့် ဆံပင်တို့သည် ရန့်သင်းပျံ့ခြင်း၊ ဆံပင်ကိုဖြေချသည်ရှိသော် ခြေဖနောင့်အထိရှည်လျား၍မြေသို့မထိဘဲ သားလျှီးမားကဲ့သို့ ကော့ညွတ်၍ တက်နေခြင်းကို ဆိုလိုသည်။

အသား၏ကောင်းခြင်းဆိုသည်မှာ- ဆေးမဆိုးဘဲ နီမြန်းသောနှုတ်ခမ်းရှိခြင်း၊အထက်အောက်နှုတ်ခမ်းတို့သည် ကောင်းစွာစေ့စပ်သည်ဖြစ်၍ ထိ၍နေခြင်း၊ လက်ဖဝါးခြေဖဝါးသည်ချိပ်ရည်ဖြင့် တည်သကဲ့သို့ နီမြန်း၍နေခြင်းကို ဆိုလိုပေသည်။

အရိုး၏ကောင်းခြင်းဆိုသည်မှာ- သွားတို့သည် မခေါ မပေါ်၊ မစိပ်မကျဲ၊ ပုလဲကိုစီထားသကဲ့သို့ရှိခြင်း၊ အနိမ့်အမြင့် မရှိ ပကတိညီညွတ်ခြင်း၊ အရိုးအဆစ်တို့သည် မခေါမထ ပြေပြစ် ချောမွေ့ခြင်းတို့ကို ဆိုလိုပေသည်။

အရေ၏ကောင်းခြင်းဆိုသည်မှာ- မည်းသောညိုသောအဆင်းရှိသောအမျိုးသမီးတွင် မည်းသည် ညိုသည်ဖြစ်စေ၊ မတွန့်မလိပ်သောကိုယ်ရေရှိခြင်း၊ ဝါသောအဆင်းရှိသော မိန်းမအားမဟာလှေကားဖွင့်သကဲ့သို့ ဝင်း၍တောက်ပခြင်းတို့ကို ဆိုလိုပေသည်။

အရွယ်၏ကောင်းခြင်းဆိုသည်မှာ- သားဆယ်ယောက်ပင် ဖွားမြင်သော်လည်း သားတစ်ကြိမ်သာဖွားသူကဲ့သို့ အရေအဆင်း ပျက်ယွင်းလျော့ရဲခြင်းမရှိခြင်းကို ဆိုလိုပေသည်။

သာဝတ္ထိမြို့မှမိဂါရသူဌေးကြီး၏သား "ပုဏ္ဏဝဍ္ဍန" ဟူသောသားသည် တစ်ဦးတည်းသောသားဖြစ်၍ မိဘနှစ်ပါးသည် အရွယ်ရောက်လာသည်နှင့် သူဌေးသမီးတစ်ဦးနှင့်အိမ်ထောင်ချပေးရန် စဉ်းစားကြသည်။ ပုဏ္ဏဝဍ္ဍနက အိမ်ထောင်မပြုလိုကြောင်း ငြင်းဆန်သော်လည်း မိဘတို့က ထပ်တလဲလဲတိုက်တွန်းကြသောအခါ "ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော သတို့သမီးကိုရလျှင် အိမ်ထောင်ပြုပါတော့မည်"ဟုပြောလေသည်။

ထို့ကြောင့် မိဂါရသူဌေးကြီးဇနီးမောင်နှံသည် လက္ခဏာပညာကျွမ်းကျင်သော ပြဟ္မဏပညာရှင်ရှစ်ယောက်ကို ဖိတ်ခေါ်၍ ကောင်းမွန်စွာပြုစုပြီး၊ မိမိတို့သားအတွက် ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသောသတို့သမီးကို ရှာဖွေပေးရန်တောင်းပန်လေသည်။ ပြဟ္မဏရှစ်ယောက်လည်း တမြို့လုံးလှည့်လည်ရှာဖွေသော်လည်း မတွေ့ချေ။ ထို့ကြောင့် မြို့ကြီးများမှ လှည့်လည်လာပြီး သာကေတမြို့၌ ခရီးတစ်ထောက်ရပ်နားကြလေသည်။

သာကေတမှာ မင်းနေပြည်တော်မဟုတ်ချေ။ ထိုအချိန်၌ သာကေတမြို့တွင်"ဝိဝဋ္ဋနက္ခတ်ပွဲတော်"ကျင်းပသည့် အချိန်ဖြစ်၏။ နှစ်စဉ်နှစ်တိုင်း ရက်သတ္တပတ်ကြာမျှ ကျင်းပသော ဤပွဲတော်၌ လုံမပျို၊ လုလင်ပျိုတို့ အထူးပျော်ရွှင်ရသောပွဲတော်ဖြစ်ပေသည်။ ထိုပွဲတော်ရက်များအတွင်း၌ အမြဲတမ်းအိမ်တွင်းပုန်းနေလေ့ရှိသော သူဌေးသူကြွယ်များ၏သမီးပျိုများပင်လျှင် အိမ်ပြင်သို့လွတ်လပ်စွာ

ထွက်ခွင့်ရကြသည်။ လုံမပျိုလေးတို့သည် မိမိတို့၏အလှကိုဖော်ပြ လျက်အပေါင်းအဖော်များနှင့်အတူမြစ်ဆိပ်၊ပန်းခြံများသို့ ပျော်ပျော် ပါးပါးသွားလာ လှည့်လည်လေ့ ရှိသည်။ လုလင်များကလည်း မိမိတို့ နှစ်သက်ရာလုံမပျိုလေးများအားလမ်းမှစောင့်၍ပန်းစည်းပေးခြင်း၊ ပန်းကုံးစွပ်ခြင်း ပြုလုပ်လေ့ရှိကြသည်။ လုံမပျိုကလက်ခံလျှင် ဖူးစာ ဖက်ဖြစ်သွားကြလေ၏။ ဤသည်မှာ ဖူးစာရှင်ရွေးပွဲပေတည်း။

ဤနေ့ဤအချိန်၌ ပုဏ္ဏဝဓနာ၏ သတို့သမီးလောင်းကို လှည့်လည်ရှာဖွေနေကြသော ပြဟ္မဏသုခမိန်တို့သည် အခွင့်အခါ ကောင်းဖြစ်နေ၍ သာကေတမှ သမီးပျိုများကို လေ့လာအကဲခတ် ရန်မြစ်ဆိပ်မှစောင့်ကြည့်နေကြလေ၏။

ထိုစဉ် (၁၆)နှစ်အရွယ်လှသွေးကြွယ်လျက် လှဂုဏ်တင့် နေသော ဝိသာခါနှင့် အခြွေအရံမိန်းမပျို ငါးရာနှင့်အတူ မြစ်ဆိပ်သို့ ရေချိုးထွက်လာလေသည်။ ဝိသာခါတို့ မြစ်ဆိပ်သို့ရောက်ခါနီး မိုး သည် ရုတ်တရက်ရွာချရာ ဝတ်စားဆင်ယင်လာသော သမီးပျိုတို့ သည် မိုးလုံရာသို့ပြေးသွားကြလေ၏။ သို့သော် ဝိသာခါသည် မိုးရွာ သည်ကိုဂရုမမူ၊ ဣန္ဒြေဖြင့် ပုံမှန်အတိုင်းသွားနေသောကြောင့် သူမ ၏အဝတ်တန်ဆာများမှာ ရွှဲရွှဲစိုသွားလေ၏။

ထိုအခါ စောင့်ကြည့်နေကြသော ပြဟ္မဏသုခမိန်တို့သည် ဝိသာခါ၏ ထူးခြားသောရုပ်ဆင်းအင်္ဂါနှင့်၊ တည်ငြိမ်သော ဣန္ဒြေကို လည်းကောင်း၊ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူဖြစ်ကြောင်းကို လည်းကောင်း ယှဉ်မှားဖွယ်မရှိတွေ့မြင်ကြရလေ၏။အရိုး၏ ကောင်း ခြင်းရှိမရှိသိလိုသော ပြဟ္မဏတို့သည် 'ဝိသာခါ'၏သွားကို မြင်ခွင့် ရရှိရန် စကားဖြင့်ပရိယာယ်ဆင်၍ 'ဒီလိုအပြင်းကြီးတဲ့ မိန်းမမျိုးရ

တဲ့ယောကျ်ားကတော့ ထမင်းရည်တောင် သောက်ရမှာမဟုတ်ဘူး” ဟူ၍ ပြောလိုက်သောအခါ ပါးနပ်သော ဝိသာခါက “ဆရာတို့ လောကမှာပြေးသွားရန်မတင့်တယ်သူလေးဦးရှိပါတယ်။(၁) ဘိက် သိက်သွန်းပြီးသော မင်းသည် မင်းမြောက်တန်ဆာကို ဝတ်ဆင် ပြီးသော် ခါးတောင်းကျိုက်၍လျင်မြန်စွာပြေးသွားသော်မတင့်တယ် ပါ။ (၂) မင်္ဂလာဆင်တော်သည် တန်ဆာဆင်လျှက် ပြေးသွား၍ မတင့်တယ်ပါ (၃) ရဟန်းတော်၊ ရသေ့နှင့် (၄) မိန်းမပျိုလေးများ သည် ပြေးသွားရန်မတင့်တယ်ပါ။ ပြေးယင်းလွှားယင်း ခြေကျိုး လက်ကျိုးဖြစ်သွားရင် လင်ကောင်းသားကောင်း ရနိုင်တော့မည် မဟုတ်ပါ။ ဒါကြောင့် ဣန္ဒြေရရသွားရခြင်းပါ။ တပည့်တော်မဟာ ထိုထိုသောမိန်းမတို့ထက်ခွန်အားကြီးသူ၊ လျင်မြန်စွာပြေးသွားနိုင် သူ ဖြစ်ပါတယ်” ဟု ချိုသာသော အသံဖြင့် ပြောဆိုလေသည်။ ထိုအခါ ဝိသာခါ၏သွားကို မြင်ကြရသဖြင့် အရိုး၏ကောင်းခြင်းနှင့် ပြည့်စုံသူဖြစ်ကြောင်း တွေ့ရလေသည်။ သို့ဖြစ်၍ မိဂါရ သူဌေးကြီး ထံမှယူဆောင်လာသော တန်ဖိုးတစ်သိန်းထိုက်တန်သည့် ရွှေပန်း ကုံးကို ဝိသာခါ၏လည်ပင်းတွင် ဝတ်ဆင်ပေးရာ၊ဝိသာခါက ချက် ချင်းလက်မခံသေးပေ။ သတို့သား၏အမည်၊ မျိုးရိုး၊ ဇာတိစသည် တို့ကိုမေးမြန်းပြီး၊ မိမိနှင့်ဂုဏ်ရည်တူသူဌေးသားတစ်ဦး ဖြစ်ကြောင်း သိမှ ရွှေပန်းကုံးကို လက်ခံခဲ့လေသည်။

ဝိသာခါသည် ရွှေပန်းကုံးကို မင်္ဂလာလက်ဆောင်အဖြစ် လက်ခံပြီးသောအခါ မိမိအတွက် ရထားတစ်စင်းစေလွှတ်ရန် ဖခင် သူဌေးကြီးထံ အကြောင်းကြားလိုက်သည်။ မကြာမီပင် ဝိသာခါ အတွက် အထူးပြင်ဆင်ထားသော ရထားနှင့်အခြွေအရံမိန်းကလေး

ငါးရာစီးရန် ရထားများလည်း ဝိသာခါတို့အိမ်သို့လိုက်လာကြလေသည်။

ဓနဥ္စယသူဌေးကြီးသည် ဧည့်သည်တော်ပြဟ္မဏပညာရှင်များအား ကောင်းမွန်စွာဧည့်ခံပြီး၊ အကြောင်းကိစ္စကိုမေးမြန်းရာ၊ ပုဏ္ဏဝဍ္ဍန သတို့သားအတွက်သတို့သမီးလောင်းရှာဖွေနေကြောင်း၊ ယခုဝိသာခါကို တွေ့ရှိ၍ နှစ်သက်သဘောကျပါသဖြင့် သူဌေးကြီး၏ သဘောတူခွင့်ပြုချက်ကို တောင်းခံရန် လာခြင်းဖြစ်ပါကြောင်း လိမ္မာယဉ်ကျေးစွာ ပြောဆိုလေ၏။ ထိုအခါ ဓနဥ္စယသူဌေးကြီးသည် သမီးဖြစ်သူကလည်း လက်ခံသဘောတူကြောင်းသိ၍ လက်ခံသဘောတူလိုက်သည်။

ပြဟ္မဏတို့သည် သာဝတ္ထိမြို့သို့ ပြန်ရောက်သောအခါ "မိဂါရသူဌေး"ကြီးအား ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီး 'ဝိသာခါ' ကို တွေ့ခဲ့ကြောင်း၊ သာကေတမြို့မှ ဓနဥ္စယသူဌေးကြီး၏ သမီးဖြစ်ကြောင်း ပြောပြကြလေ၏။ မိဂါရသူဌေးကြီးသည် "သားအတွက်ဆွေကြီးမျိုးကြီးထဲမှ သတို့သမီးလောင်းကိုရပြီဖြစ်၍ အချိန်မဆိုင်းဘဲ သွားရောက်တောင်းယူသင့်၏"ဟု စဉ်းစားပြီး၊ ကောသလမင်းကြီးထံ လျှောက်တင်လေ၏။ ကောသလမင်းကြီးကလည်း "ဝိသာခါသည် ဆွေကြီးမျိုးကြီးမှဖြစ်၍၊ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းထံမှ ငါကိုယ်တော်တိုင် တောင်းယူခဲ့ပြီး သာကေတမြို့၌ နေရာချထားပေးခဲ့သော သူဌေးမျိုးမှ ဖြစ်၏။ ထိုအမျိုးအား ငါချီးမြှောက်ရန်သင့်၏။ သတို့သမီးကိုဆောင်ယူရန် ငါလည်း လိုက်ပါမည်" ဟု ပြောကြား၏။

မိဂါရသူဌေးကြီးက "သတို့သမီးကို ဆောင်ယူရန် ဤနေ့

ဤရက်၌ ကျွန်ုပ်တို့ လာကြပါမည်။ ကျွန်ုပ်တို့နှင့်အတူ ကောသလမင်းကြီးလည်း လိုက်ပါလာလိမ့်မည်။ စစ်သည်ဗိုလ်ပါတွေ အလွန်များပါလိမ့်မည် ဤမျှ များပြားသော လူများအား ဧည့်ခံကျွေးမွေးရန်အဆွေတော်စွမ်းနိုင်ပါမည်လော”ဟု သာကေတမှ ဓနဉ္စယသူဌေးကြီးထံ သတင်းပို့ရာ၊ ဓနဉ္စယသူဌေးက “ကောသလမင်းကြီးတစ်ပါးမျှမက၊ မင်း(၁၀)ပါးပင်လာပါစေ၊ကျွန်ုပ်ဧည့်ခံနိုင်ပါသည်” ဟု ပြန်ကြားလိုက်လေ၏။

သာဝတ္ထိမှ မိဂါရသူဌေးကြီးသည် သတ်မှတ်ထားသော နေ့ရက်နီးသောအခါ များစွာသော ပရိတ်သတ် အခြံအရံတို့ဖြင့် သာကေတမြို့သို့ ထွက်လာသည်။ ကောသလမင်းကြီးသည်လည်း စစ်သည် ဗိုလ်ပါများစွာခြံရံလျက် လိုက်ပါလာသည်။ သာကေတမြို့အနီး ယူဇနာဝက်ခရီးသို့ ရောက်သောအခါ စခန်းချရပ်နားကာ၊ ဓနဉ္စယသူဌေးကြီးထံ သတင်းပို့စေသည်။

ဓနဉ္စယသူဌေးကြီးသည် သမီးဖြစ်သူ ဝိသာခါနှင့် တိုင်ပင်လျှက် ဧည့်သည်တော်များအတွက် စားရေးသောက်ရေးစသော ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်နေသည်။ ဝိသာခါသည် ဘုန်းကံကြီးသူ၊ ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်၍ မိဂါရသူဌေး၊ အိမ်ရှေ့မင်းသားနှင့် စစ်သည်ဗိုလ်ပါတို့အတွက် သူ့နေရာနှင့်သူ သင့်လျော်အောင် ဦးဆောင်ကာ နေရာချထားစီမံလေသည်။ ထို့ပြင် ဝိသာခါသည် အလုပ်သမားတို့အား ကောသလမင်းကြီး၏ ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ရမည့်သူများ၊ အိမ်ရှေ့မင်းသား၏ ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ရမည့်သူများ၊ မင်းကြီး၏ စစ်သည် ဗိုလ်ပါတို့၏ ဆင်၊ မြင်း၊ရထား တို့ကို စောင့်ရှောက်ရမည့်သူများ ဟူ၍ တာဝန်ကိုယ်စီ

ခွဲဝေ ဆောင်ရွက်စေသည်။

မေနဥ္စယသူဌေးကြီးသည် ဧည့်သည်တော်များအား ဧည့်ခံပြုစုရေးကို ဆောင်ရွက်ရင်း၊ ရွှေပန်းထိမ်သည် (၅၀၀)ကိုခေါ်၍ ဝိသာခါအတွက် မဟာလ္လတာ ကိုယ်ဝတ်တန်ဆာပြုလုပ်ရန်အတွက် ရွှေခင်တစ်ထောင်နှင့်ငွေ၊ပတ္တမြားပုလဲ၊ သန္တာ၊ စိန် စသော ရတနာတို့ကို လိုသမျှ ထုတ်ပေးလေ၏။ သာကေတ ယာယီ စံနန်းတော်၌ ကောသလမင်းကြီးသည် စံတော်မူနေလေသည်။ မိဂါရသူဌေးကြီးနှင့် အခြွေအရံပရိသတ်တို့သည် အိမ်ရှင်ဖြစ်သူ မေနဥ္စယသူဌေးကြီး စီမံပေးသောနေရာ၊ စားဖွယ် သောက်ဖွယ်တို့နှင့် ပြည့်စုံစွာ နေရလေသည်။

'သာဝတ္ထိ'မှ ဘုရင်မင်းမြတ်နှင့် ထောင်ပေါင်းများစွာ ဧည့်ပရိသတ်တို့ ဆိုက်ရောက်လာသည့်နေ့မှစ၍ သာကေတတစ်မြို့လုံး နေ့စဉ်မပြတ် နက္ခတ်ပွဲတော်ကြီး ကျင်းပနေသကဲ့သို့ရှိ၏။ နေ့ရောညပါ လှည့်လည်သွားလာနေကြသည့် မြို့သူမြို့သားများဖြင့် အမြဲတမ်းစည်ကားနေပေသည်။ ညစဉ်ညတိုင်း လမ်းကြီးလမ်းငယ်တို့၌ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ခင်းကျင်းကပြနေကြလေသည်။ (၄)လကြာပြုလုပ်ရသော ဥဒေါင်းရုပ်သဏ္ဍာန်မဟာလ္လတာတန်ဆာ၏ တောင်ပံတို့၌ နီဖလံရွှေဖြင့်ပြီးသော အတောင်ငယ်ငါးရာစီ ပါဝင်၏။ နှုတ်သီးကို သန္တာဖြင့် ပြုလုပ်၏။ မျက်လုံးနှစ်ဖက်ကို ပတ္တမြားနီဖြင့် ပြီးကုန်၏။ လည်ပင်းနှင့်အမြီးတို့သည်ပတ္တမြားဖြင့် ပြုလုပ်ထား၏။ ထိုတန်ဆာကိုဝတ်ဆင်လိုက်လျှင်ဥဒေါင်းငှက် သဖွယ်တင့်တယ်လှပစေလေသည်။

မဟာလ္လတာတန်ဆာပြီးစီးသော် ဝိသာခါအား ဝတ်ဆင်

စေပြီး၊ ဘုရင်မင်းမြတ်နှင့်ထောင်ပေါင်းများစွာသော ပရိသတ်တို့ အလယ်၌ ဝိဝါဟမင်္ဂလာပွဲကိုခမ်းနားစွာကျင်းပလေသည်။ မင်္ဂလာပွဲပြီးသည်နှင့် ကောသလမင်းကြီးသည် မိမိ၏ စစ်သည်ဗိုလ်ပါနှင့် အတူ သာဝတ္ထိပြည်သို့ ပြန်လေသည်။ မိဂါရသူဌေးကြီးသည် ချွေးမ ဝိသာခါကိုခေါ်၍ ခြွေရံပရိသတ်နှင့်အတူ သာဝတ္ထိသို့ ပြန်လေ၏။

ဓနဥ္စယသူဌေးကြီးသည် သမီးဝိသာခါအား လက်ဖွဲ့အဖြစ် မဟာလ္လတာ တန်ဆာအပြင် - အသပြာလှည်းငါးရာ၊ ရွှေခွက်လှည်း ငါးရာ၊ ငွေခွက်လှည်းငါးရာ၊ အဝတ်ပုဆိုးပိုးချည်လှည်းငါးရာ၊ ထောပတ်လှည်းငါးရာ၊ ဆီလှည်းငါးရာ၊ ထွန်သွားထွန်တန် လှည်း ငါးရာတို့ကို ပေးလိုက်လေ၏။

ရထားတစ်စီးလျှင် အဝတ်တန်ဆာအပြည့်အစုံနှင့် ကျွန်မ သုံးယောက်တင်လျှက် ရထားငါးရာ၊ အခြွေအရံ အလုပ်အကျွေး အမျိုးသမီး တစ်ထောင့်ငါးရာတို့ကိုလည်း ထည့်ပေးလိုက်လေသည်။ ထို့ပြင် အကျယ်တစ်ခု ၊အရှည်သုံးဂါဝုတ်ရှိသောနွားများကိုပေးပြီး၊ ကျန်နွားများကိုချန်ကာ ခြံတံခါးပိတ်သော်လည်းနွားလားဥသဘ၊ နို့စားနွား၊ နွားပိုက်စသည်တို့သည် ခြံတွင်းမှ ခုန်ထွက်၍လိုက်ရာ နွားပေါင်းခြောက်သောင်းမကရှိလေသည်။ ဤသို့ဖြစ်သည်မှာ - ဝိသာခါသည် ကဿပဘုရားရှင်လက်ထက် ကိကီမင်းကြီး၏ သမီး တော်ခုနစ်ပါးအနက် အထွေးဆုံးသမီးတော် ဖြစ်ခဲ့စဉ် သံဃာတော် များအား အကောင်းဆုံးသော နို့ဆွမ်းကို ကပ်လှူခဲ့သော ကောင်းမှု ကြောင့် ဖြစ်ပေသည်။ ဝိသာခါ နောက်လိုက်လိုသော ကျွေးကျွန် အလုပ်သမားများလိုက်စေဟုခွင့်ပြုရာ၊လိုက်မည့်သူများလွန်းသဖြင့် ချန်လှပ်ထားခဲ့ရလေသည်။

ပြီး-စာပေ

ဓနဥ္စယသူဌေးကြီးသည် သမီး ဝိသာခါအား သာဝတ္ထိသို့ လိုက်ပါသွားရမည့် နေ့မတိုင်ခင် “အိမ်ထောင်ရှင်မဖြစ်လာသော မိန်းမတို့ လိုက်နာရမည့် ဩဝါဒ(၁၀)ချက်တို့ကို သွန်သင်ဆုံးမ၍ သာဝတ္ထိမှ လိုက်လာသော ဘဏ္ဍာထိန်းသူကြွယ်ရှစ်ယောက်အား လည်း ဝိသာခါမလိမ္မာသည့် အရာများပြုမိပါက ဆုံးမပဲ့ပြင်ရန် မှာကြားလေသည်။

ယောင်နောက်ဆံထုံးပါဆိုသလို၊ ဝိသာခါသည် မိမိ၏ခင်ပွန်းနေအိမ်သို့ လိုက်ပါလာရာ၊ သာဝတ္ထိမြို့တော်သို့ ရောက်ရှိလာလေ၏။ ဝိသာခါသည် သာဝတ္ထိမြို့တော်အဝင်တွင် အမိုးအကာမပါသော ရထားကိုစီးလေသည်။ လှပကျော့ရှင်းသော ဝိသာခါသည် အလွန်အဖိုးထိုက်တန်သည့်ရတနာစီခြယ်ထားသော မဟာလ္လတာတန်ဆာကို ဝတ်ဆင်ထားသဖြင့် နတ်သမီးလေးတစ်ပါးနှယ်ရှိနေပေတော့သည်။ သာဝတ္ထိမြို့သူမြို့သားများသည် များစွာသော အခြွေအရံပရိသတ်နှင့်လာသော ‘ဝိသာခါ’အား တအံ့တဩ ကြည့်ရှုကာ ဝမ်းသာအားရကြိုဆိုကြလေသည်။ သာဝတ္ထိမြို့သူမြို့သားတို့၏ နှုတ်ဖျားတွင်လည်း ‘တကယ်ကျက်သရေရှိတဲ့မိန်းမ၊ ဘုန်းကံကြီးမားတဲ့မိန်းမ’ ဟူ၍ ဝိသာခါ၏ လှပမှုနှင့်မဟာလ္လတာတန်ဆာ၏ ဂုဏ်သတင်းမှာ တစ်မြို့လုံး မွှေးထုံသင်းပျံ့နေတော့သည်။

မိဂါရသူဌေးကြီးအိမ်သို့ ချွေးမဝိသာခါရောက်လာပြီးနောက်၊ သာဝတ္ထိမြို့သူမြို့သားများက လက်ဆောင်ပစ္စည်းများ ပေးပို့ကြသည်။ ဝိသာခါတို့ သာကေတသို့လိုက်ပါလာ၍လေးလမျှ နေခဲ့ကြသည့် သာဝတ္ထိမြို့သူမြို့သားများကလည်း မိမိတို့ မြို့ ရောက်လာသည့် ဓနဥ္စယသူဌေးကြီးနှင့် ဝိသာခါတို့အား ကျေးဇူးတင်နေကြ

လေသည်။ ထို့ကြောင့် ယခု မိမိတို့မြို့သို့ လိုက်ပါလာသော ဝိသာခါ အား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးပို့ခြင်းဖြစ်လေသည်။ ဝိသာခါသည်ဉာဏ်ပညာနှင့်ပြည့်စုံ၍သူ့နေရာနှင့်သူကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်လေသည်။ အိမ်တိုင်း အိမ်တိုင်းကိုလည်း လက်ဆောင် များပေးပို့စေကာ ဆွေမျိုးရင်းချာသဖွယ် ရင်းနှီးဖော်ရွေစွာ ဆက်ဆံ လေသည်။

ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီးထံ ဝိသာခါရောက်လာ သည်နှင့် အိမ်မှအလုပ်သမားတို့အား စေ့စပ်စွာ စီစဉ်ညွှန်ကြား၍ စေခိုင်းသလို မိမိကိုယ်တိုင်လည်း လုပ်သင့်သည်များကို စီမံဆောင် ရွက်ကာ ၊အိမ်ရှင်မကောင်းတို့၏တာဝန်များကိုထမ်းရွက်လေသည်။ မိဂါရ သူဌေးကြီးနှင့်ဇနီးတို့သည်ချွေးမ၏လုပ်ဆောင်မှုများကို အကဲ ခတ်နေကြလေသည်။ ဝိသာခါသည် မိမိ၏ အခြွေအရံများ နေထိုင် ရန် ပစ္စည်းဥစ္စာများ နေရာတကျ ဖြစ်အောင်တစ်နေ့လုံး စီမံခဲ့သည့် အပြင် ညသန်းခေါင်ယံအချိန်၌ မြင်းခြံမှ အာဇာနည်မြင်းမက အာဇာနည်မြင်းကလေး မွေးဖွားသဖြင့် အလုပ်သမားများနှင့် လိုက် သွားပြီး၊ မွေးဖွားပြီးစ မြင်းမလေးအား ရေနွေးဖြင့်ဆေးကြောသုတ် သင်၍ ပြုစုပေးလေသည်။

ဝိသာခါ ရောက်လာပြီး (၃)ရက်မြောက်နေ့တွင် မိဂါရ သူဌေးကြီးနှင့် ဇနီးတို့သည်မင်္ဂလာပွဲအထိမ်းအမှတ်ဖြစ်ရင်းတို့ ကိုး ကွယ်ရာဖြစ်သော တက္ကတွန်းငါးရာတို့ကိုဆွမ်းဖိတ်ကျွေးလေသည်။ ချွေးမဝိသာခါကိုလည်း တက္ကတွန်းတို့အားဖူးရန် "ရဟန္တာများကြွ လာပြီ"ဟူ၍ခေါ်စေ၏။ ဝိသာခါလည်း ဝမ်းသာအားရ ထွက်လာ သောအခါ အဝတ်အထည်ဝတ်မထားသော တက္ကတွန်းတို့အား မြင်

ရသော် "အရှက်မရှိသော သူတို့သည် ရဟန္တာမဖြစ်နိုင်"ဟူ၍ စဉ်းစားပြီး အိမ်တွင်းသို့ ပြန်ဝင်သွားလေသည်။

တက္ကတွန်းရဟန်းများက ဝိသာခါကဒင်းတို့အားမထိမဲ့မြင်လုပ်သွားသောကြောင့် မခံမရပ်နိုင်ဖြစ်ကာ "သူဌေးကြီး၊ ဒီရဟန်းဂေါတမရဲ့တပည့် အယုတ်မကို ဘာကြောင့်ခေါ်လာရသနည်း။ တခြားသောမိန်းမ မရှိတော့ဘူးလား။ သူ့ကိုမောင်းထုတ်ပါလော့" ဟူ၍ ပြောဆိုသည်။ မိဂါရသူဌေးကြီးသည် ချွေးမ ဝိသာခါက အသက်ငယ်လွန်းသေးသဖြင့် ယခုကဲ့သို့ ဖြစ်ရသည်ကိုတောင်းပန်ပါကြောင်း ပြောကြားလေ၏။

တက္ကတွန်းတို့ ပြန်သွားသောအခါ မိဂါရသူဌေးကြီးသည် ကောင်းမွန်သောနေရာ၌ ထိုင်၍ ယနာနို့ထမင်းကို ရွှေခွက်ဖြင့် ထည့်စားနေလေသည်။ ဝိသာခါသည် သူဌေးကြီးအားယပ်ခပ်ပေးနေလေ၏။ ထိုစဉ်ရဟန်းတော်တစ်ပါးဆွမ်းရပ်လာရာ၊ သူဌေးကြီးကမမြင်ဟန်ပြု၍ယနာနို့ထမင်းကိုဆက်စားနေ၏။ထိုအခါ ဝိသာခါက "ကန်တော့ပါသေးတယ်ဘုရား၊ တပည့်တော်မ၏ ယောက္ခမက အဟောင်းကိုသာ စားပါတယ်"ဟု လျှမ်း၍ လျှောက်တင်လိုက်သည်။ မိဂါရသူဌေးကြီးသည် "ဝိသာခါသည် ငါ့အိမ်သို့ ရောက်လာသည်မှာ မကြာသေး။ သို့ရာတွင် ငါကိုးကွယ်သော တက္ကတွန်းတို့ကိုလည်း ထိပါးပုတ်ခတ်ပြောဆိုပြီး၊ ငါ့အားလည်းအဟောင်းကိုသာ စားသည်ဆိုသည်မှာ မစင်ကိုစားသည်ဟု ပြောခြင်းဖြစ်၏။ ငါသည် မခံနိုင်တော့"ဟု စဉ်းစားပြီး "ဒီအယုတ်မ ငါ့ကို မစင်စားသူဟု ပြောဆိုသည်။ သူ့ကို အိမ်မှဆွဲထုတ်လော့" ဟု ကျေးကျွန်တို့အားခိုင်းရာ၊ ကျေးကျွန်များက ဝိသာခါအား လက်ဖျားဖြင့် မတို့ကြချေ။

ဝိသာခါသည် အိမ်မှဆင်းမသွားနိုင်ကြောင်း၊ မိဘနှစ်ပါးက ဆုံးမစရာရှိလျှင် ဆုံးမရန်အပ်နှံထားသော ဗြဟ္မဏ ရှစ်ယောက်အားခေါ်ယူ၍အပြစ်ရှိမရှိမေးမြန်းရှင်းလင်းစေလိုကြောင်းပြောပြ၏။ ဗြဟ္မဏရှစ်ဦးအား မိဂါရသူဌေးကြီးက "ကျွန်ုပ်ကို မစင်စားနေသည်"ဟုဆိုကြောင်း၊ အိမ်မှနှင်ထုတ်ရန် ပြောလေ၏။ထိုအခါ ဝိသာခါက "ထိုကဲ့သို့မဆိုလိုပါကြောင်း၊ အဟောင်းကိုစားသည် ဆိုသည်မှာ ခုဘဝမှာကုသိုလ်မလုပ်ဘဲ၊ ရှေးဘဝမှလုပ်ခဲ့သောကုသိုလ်၏အကျိုးကိုသာ ခံစားနေသည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်။ သမီးမှာ အပြစ်ရှိပါသလား"ဟု ပြောဆိုရှင်းပြလေသည်။ သူကြွယ်ရှစ်ဦးတို့သည် "သမီးဝိသာခါပြောတာဟုတ်ပေသားပဲ"ဟု ဆိုသည်။ မိဂါရသူဌေးကြီးက မကျေနပ်သေးသဖြင့် "ဝိသာခါရောက်သည့်နေ့ သန်းခေါင်ယံအချိန်မှာကျွန်မတွေနဲ့ အိမ်နောက်ကိုဆင်းသွားပါတယ်။ အိမ်ထောင်ရှင်မိန်းကလေးဟာ ဒီလိုသွားတာမသင့်လျော်ပါဘူး"ဟု အပြစ်ဆိုပြန်သည်။ ထိုအခါဝိသာခါက "အာဇာနည်မြင်းမက မြင်းကလေးမွေးဖွားသည်ဟု ကြားသိရ၍ မြင်းမနှင့်မြင်းကလေးကိုပြုစုစောင့်ရှောက်ခြင်း ဖြစ်ပါတယ်။ သမီးမှာအပြစ်ရှိပါသလား" ဟုမေးရာ ဗြဟ္မဏရှစ်ဦးက အပြစ်မရှိကြောင်း ပြောကြားလေ၏။

မိဂါရသူဌေးသည် ပြဿနာတစ်ရပ်ကိုတင်ပြပြန်သည်။ "ဝိသာခါ ကျွန်ုပ်နှင့်မလိုက်ပါလာခင်က သင်၏ဖခင်မှာကြားသောစကား(၁၀)ခွန်းသည် လျှို့ဝှက်တဲ့အဓိပ္ပါယ်ပါဝင်နေလို့ ရှင်းပြစေချင်ပါတယ်"ဟုပြောရာ ဝိသာခါက သူ့ဖခင်၏ ဩဝါဒ(၁၀)ခွန်းကို ရှင်းပြလေသည်။

(၁)အချက်မှာ 'အိမ်တွင်းမှမီးကိုအပြင်မထုတ်ဆောင်ရ'

ဟူသည်မှာ ယောက္ခမ၊ ခင်ပွန်းတို့၏ အတင်းစကားကို ပြင်ပသို့ မပြောရဟူ၍ ဖြစ်ပါတယ်။ (၂) 'အပြင်အပအိမ်က မီးကို မိမိအိမ်တွင်းသို့ မသွင်းရ'ဟူသည်မှာ ပြင်ပမှပြောသောမိမိယောက္ခမ၊ ခင်ပွန်းတို့ကို မကောင်းပြောလျှင် ထိုအတင်းစကားကိုအိမ်သို့ပြန်မပြောရဟူ၍ဖြစ်ပါတယ်။ (၃) 'ပြန်ပေးသောသူတို့အား သာပေးရမည်'ဆိုသည်မှာ လာရောက်ချေးငှားပြီး ပြန်ပေးသောသူများကိုသာ တဖန်ပြန်ပေးရမည်ဟူ၍ဖြစ်ပါတယ်။ (၄) 'ပြန်မပေးသောသူတို့အားမပေးရ'ဟူသည်မှာ လာရောက်ချေးငှားယူပြီး ပြန်မပေးလျှင် နောက်တဖန်မပေးရဟူ၍ ဆိုလိုပါတယ်။ (၅) ပေးသော်ငြား၊ မပေးသော်ငြား ပေးရမည်ဆိုသည်မှာ -ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ဆွေမျိုးမိတ်သင်္ဂဟများအား ပေးကမ်းထောက်ပံ့ရမည်ဟု ဆိုလိုပါတယ်။ (၆) ချမ်းသာစွာနေရမည်ဟူသည်မှာ ယောက္ခမ၊ ခင်ပွန်းတို့ရှေ့၌ ရိုသေစွာပြောဆိုနေထိုင်ရမည်ဟု ဆိုလိုပါတယ်။(၇) 'ချမ်းသာစွာစားရမည်'ဟူသည်မှာယောက္ခမ၊ လင်သားတို့အလျင် ဦးအောင်မစားရဟုဆိုလိုပါတယ်။ (၈) 'ချမ်းသာစွာအိပ်ရမည်'ဟူသည်မှာ ယောက္ခမ၊ခင်ပွန်းတို့အိပ်ယာဝင်ပြီးမှသာ အိပ်ယာဝင်ရမည်ဟုဆိုလိုပါတယ်။ (၉) 'မီးကို ရိုသေစွာလုပ်ကျွေးရမည်' ဟူသည်မှာ ခင်ပွန်း၏ အမိအဖအား ရိုသေစွာ ပြုစုရမည်ဟု ဆိုလိုပါတယ်။ (၁၀)အိမ်တွင်းနတ်ကို ရိုသေပါဟူသည်မှာ - မိမိယောက္ခမများနှင့် မိမိလင်သားကိုရိုသေရမည်ဟုဆိုလိုပါတယ်'ဟု တည်ငြိမ်စွာ ပြောဆိုရှင်းပြလေသည်။

ဗြဟ္မဏာရှစ်ဦးလည်း "အလွန်ကောင်းသော ဩဝါဒများ ဖြစ်ပါတယ်။ ဒီလိုလိမ္မာတဲ့ ချွေးမကိုရတာ အလွန်ကံကောင်းပါ

တယ်”ဟုချီးကျူးပြောဆိုရာမိဂါရသူဌေးလည်းဝိသာခါအား တောင်းပန်လေသည်။ ထိုအခါ ဝိသာခါသည် မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ခွင့်ရရှိမှသာ ဤအိမ်၌ဆက်နေမည်ဖြစ်ကြောင်း တောင်းဆိုရာ မိဂါရသူဌေးကြီးက ခွင့်ပြုခဲ့လေသည်။

ဝိသာခါသည် ဇေတဝန်၌ သီတင်းသုံးတော်မူသော ဘုရားရှင်နှင့် သံဃာတော်အပေါင်းအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လေသည်။ ယောက္ခမသူဌေးကြီးအား ဆွမ်းကပ်ရန် ဖိတ်ခေါ်ရာ၊ မိဂါရသူဌေးကြီးအား ဝန်းရံနေသောတက္ကတွန်းတို့က မသွားရန် တားဆီးသောကြောင့် သူဌေးကြီးက မသွားဝံ့တော့ချေ။

ဝိသာခါသည် ဆွမ်းကပ်ပြီးသောအခါ မိဂါရသူဌေးကြီးအား တရားနာရန် ထပ်မံ၍ ဖိတ်ခေါ်ပြန်သည်။ မိဂါရသူဌေးကြီးလာလျှင်တစ်အိမ်လုံးလာမည်ကိုသိ၍ ဝိသာခါသည်ခင်ပွန်း ပုဏ္ဏဝဍ္ဍနကိုပင်မခေါ်ဘဲ သူဌေးကြီးကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။ဒုတိယအကြိမ်ခေါ်သောအခါ သွားရန်ပြင်နေသော သူဌေးကြီးအား မြတ်စွာဘုရားကိုမြင်လျှင် ကိုးကွယ်ဆည်းကပ်မည်ကို စိုးရိမ်၍ ကန့်လန့်ကာနောက်ကွယ်မှာနေရန် တက္ကတွန်းတို့က မှာကြားလေသည်။

မြတ်စွာဘုရားသည် ရှေးကဖြည့်ကျင့်ဆည်းပူးခဲ့သည့် မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ၊ မိမိ၏အသွေးအသားများ၊ မိမိ၏ ဇနီးသားသမီးများကို လှူခဲ့သောဒါန၏ အကျိုးဆက်ကြောင့် မည်သည့်အရပ်၌မဆိုတည်၍၊ တရားနာနေသော သတ္တဝါတို့အား မိမိ၏ ရှေ့တည့်တည့်၌ တည်နေသကဲ့သို့ ထင်ရလေ၏။ မြတ်စွာဘုရား တရားတော်ဟောကြားတော်မူသောအခါ ရှေ့မှတည်နေသူတို့သည်

လည်းကောင်း၊ နောက်မှတည်နေသူတို့သည်လည်းကောင်း စကြာဝဠာတစ်ရာတစ်ထောင်ကိုလွန်၍ တည်သောသူတို့သည် လည်းကောင်း "ဘုရားရှင်သည် ငါ့အားကြည့်နေတော်မူ၏။ငါ့ကို သာလျှင်တရားဟောကြားနေတော်မူ၏"ဟူ၍ ထင်မှတ်ကြလေ၏။ ကောင်းကင်၌တည်သောလပဝိမာန်ကြီးသည် ခပ်သိမ်းသော သတ္တဝါတို့အား "လသည် ငါ့အပေါ်၌ တည်နေ၏"ဟု အသီးသီး ထင်ရသကဲ့သို့ မြတ်စွာဘုရားသည် ပုဂ္ဂိုလ်တစ်ဦးစီကို ကြည့်ရှုတော်မူသကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် စကားပြောဆိုတော်မူနေသကဲ့သို့ ထင်မှတ်ရလေသည်။

မြတ်စွာဘုရား၏ တရားဒေသနာဆုံးသော် မိဂါရသူဌေးသည်သောတာပတ္တိဖိုလ်၌တည်၍ ရတနာသုံးပါးအား အကြွင်းမဲ့ယုံကြည်မှုရှိသူဖြစ်သွားလေသည်။ ချွေးမဝိသာခါအား လွန်စွာကျေးဇူးတင်၍ မိခင်အရာ၌ထားသောကြောင့်ဝိသာခါသည် "မိဂါရမာတာ"ဟူ၍ ထင်ရှားလာလေသည်။

နောက်နေ့၌ ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက်ကပ်သောအခါ၊ မိဂါရသူဌေးကတော်သုမနဒေဝီလည်းသောတာပန်ဖြစ်လေသည်။ ထိုအချိန်မှစ၍ မိဂါရသူဌေးကြီး၏အိမ်သည် တက္ကတွန်းတို့ဝင်၍မရတော့ဘဲ သာသနာတော်ကို အမြဲကိုးကွယ်ဆည်းကပ်သောအိမ် ဖြစ်သွားလေသည်။ ဝိသာခါသည် မိဂါရသူဌေးကြီးမိသားစုအား လမ်းမှန်ရောက်အောင် လုပ်ဆောင်ခဲ့သဖြင့် သူဌေးကြီးသည် အဖိုးတစ်သိန်းထိုက်တန်သော"ဃနမဋ္ဌက"ဝတ်စုံတစ်စုံလက်ဆောင်ပေးမည်ဟု စဉ်းစားလေသည်။

"ဃနမဋ္ဌက"ဝတ်စုံမှာ ပေါ့ပါး၍ နေ့ညမရွေး ဝတ်ဆင်နိုင်သည့် အဖိုးထိုက်တန်သောဝတ်စုံထူးဖြစ်လေသည်။ "ဃနမဋ္ဌက" ဝတ်စုံချုပ်လုပ်ပြီးစီးသောအခါ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက်ကပ်လေသည်။ ဝိသာခါကို တစ်ဆယ့်ခြောက်အိုးသော နံ့သာရည်ဖြင့်ရေချိုးစေပြီး၊ မြတ်စွာဘုရားရှေ့တော်၌ "ဃနမဋ္ဌကတန်ဆာ"ကို ဝိသာခါအား ဝတ်ဆင်ပေးလေသည်။

ဝိသာခါသည် ဗုဒ္ဓဘုရားအား လွတ်လပ်စွာကိုးကွယ်ခွင့်ရသည့် အချိန်မှစ၍ ရဟန်းသံဃာတို့အား အိမ်သို့ပင့်ဖိတ်၍ ဆွမ်းလောင်းလှူခြင်း၊ ကျောင်းသို့သွား၍ တရားနာခြင်းတို့ကို နေ့စဉ်မပြတ်ပြုလုပ်လေသည်။ ဝိသာခါသည် သားဆယ်ယောက်၊ သမီးဆယ်ယောက်မွေး၏။ သားတစ်ယောက်စီမှ သားဆယ်ယောက်၊ သမီးဆယ်ယောက်မွေးပြန်၏။ ထိုမြေးတို့မှာလည်း တစ်ယောက်စီမှ သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ထွန်းကားပြန်သည်။ ဤသို့ဖြင့် ဝိသာခါ၌ သားမြေးမြစ်ရှစ်ထောင်လေးရာနှစ်ဆယ် ရှိလေသည်။

ဝိသာခါသည် အသက်(၁၂၀)ရှည်သည့်တိုင် ဆံပင်တစ်ပင်မှမဖြူ၊ တစ်ခြောက်နှစ်အရွယ်ကဲ့သို့တည်ကာ၊ သားမြေးမြစ်များခြံရံ၍ ဘုန်းကြီးကျောင်းသို့ သွားသည့်အခါ "မည်သူသည် ဝိသာခါနည်း"ဟု မေးရအောင်ပင် နုပျိုလှပလေ၏။ ဣရိယာပုဒ်လေးပါးလုံးမြင်ရသူတို့ ချီးကျူးရသူလည်း ဖြစ်ပေ၏။ ဆင်ပြောင်ငါးစီးအားကိုဆောင်နိုင်သည့် ခွန်အားနှင့်ပြည့်စုံလေသည်။

ဝိသာခါ၏ ရုပ်ရည်တင့်တယ်လှပခြင်း၊ သောတာပန်အရိယာဖြစ်ခြင်း၊ အခြွေအရံပေါခြင်းဂုဏ်တို့နှင့်အတူ ဘာသာတရားကိုအထူးလေးစားကြည်ညိုသော ဥပသိကာမတစ်ဦးဖြစ်၍

သာဝတ္ထိမြို့၌ အထူးထင်ရှားလေသည်။ ထို့ကြောင့် အလှူအတန်း၊ မင်္ဂလာပွဲများ၌ ဝိသာခါမပါလျှင် မပြီးသကဲ့သို့ အထူးတလည် ဖိတ်ကြားကြလေသည်။

တစ်နေ့သောအခါ ဝိသာခါသည် အလှူပွဲတစ်ခုမှ အပြန် အပေါင်းအသင်းများနှင့် ဇေတဝန်ကျောင်းတော်သို့ ဝင်၍ တရားနာရန် သွားရောက်ခဲ့သည်။ ထိုအခါ ဝိသာခါ ဝတ်ဆင်နေကျဖြစ်သော 'မဟာလ္လတာတန်ဆာ'ကိုချွတ်၍ 'ဃနမဋ္ဌက တန်ဆာ'ကို ဝတ်ဆင်၍ သွားလေသည်။ မဟာလ္လတာတန်ဆာကို အစေခံမိန်းမ တစ်ဦးက ထုပ်ပိုး၍ယူဆောင်လာသည်။ တရားနာပြီး ဇေတဝန်ကျောင်းတော်မှ အပြန်အစေခံမိန်းမသည် မဟာလ္လတာတန်ဆာ မေ့၍ထားခဲ့ရာ၊ ရှင်အာနန္ဒာက လုံခြုံစွာသိမ်းထားလေသည်။

အစေခံမိန်းမသတိရ၍ ကျောင်းသို့ပြန်သွားယူသောအခါ ဝိသာခါက "အရှင်မြတ်များကိုင်တွယ်ပြီးသော ပစ္စည်းကို ငါဝတ်ဆင်ရန်မသင့်၊ အရှင်မြတ်များအတွက် လှူဒါန်းမည်"ဟု ကြံစည်၍ မဟာလ္လတာကို မြို့တွင်း၌ လှည့်လည်ရောင်းချစေသည်။ ရွှေပန်းတိမ်သည်တို့အား ထိုတန်ဆာကို တန်ဖိုးတွက်ချက်ရာ - ကိုးကုဋေကျော်တန်သဖြင့် ဝယ်ယူနိုင်သူမရှိချေ။ ထို့ကြောင့် ဝိသာခါသည် မိမိ၏ငွေဖြင့်ပင် ထို တန်ဆာကို ပြန်ဝယ်ပြီးနောက် သာဝတ္ထိမြို့၏ အရှေ့ဘက်၌ ပုဗ္ဗာရုံကျောင်းတိုက်ကြီး ဆောက်လုပ်ရန် မြေနေရာ၌ ကိုးကုဋေ၊ ပုဗ္ဗာရုံကျောင်းတိုက်ကြီး ဆောက်လုပ်ရန် နောက်ထပ် ကိုးကုဋေ၊ ကျောင်းရေစက်ချပွဲကိုလည်း ကိုးကုဋေ အကုန်အကျခံကာ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့လေသည်။

ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတိုက်၌ ဘုံခုနစ်ဆင့်ရှိသော

ပင်မကျောင်းဆောင်ကြီးမှာ အထပ်ထပ်၌ အခန်းငါးရာ၊ အောက်ထပ်၌ အခန်းငါးရာအားဖြင့် အခန်းပေါင်းတစ်ထောင်ပါဝင်လေသည်။ ထို့ပြင် ဘေးပတ်လည်မှ ကမ္မဋ္ဌာန်းကျောင်းငယ်ငါးရာ၊ ဇရပ်တန်ဆောင်းငါးရာတို့ဖြင့် ခြံရံလျက် ခမ်းနားစွာ ရှိလေသည်။

ဗုဒ္ဓမြတ်စွာဘုရား၌ သာဝတ္ထိပြည်၌ နှစ်ဆယ့်ငါးဝါမျှ ဝါဆိုတော်မူခဲ့သည်။ ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်းတို့၌ တစ်လှည့်စီအလျဉ်းသင့်သလိုသီတင်းသုံးတော်မူခဲ့သောကြောင့် ဝိသာခါသည် ပုဗ္ဗာရုံကျောင်းအစ်မဖြစ်၍ 'ကျောင်းအစ်မကြီးရယ် ဝိသာခါ' ဟူသော ဂုဏ်ပုဒ်တိုးခဲ့ပြန်လေ၏။

မြတ်စွာဘုရားသည် "ဝိသာခါသည် ရှေးရှေးသော ဘဝအဆက်ဆက်ကပင် ကြီးကျယ်မြင့်မြတ်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန် အာသာဆန္ဒထက်သန်ပြင်းပြခဲ့သူ ပါရမီရှင်"ဟူ၍ ချီးကျူးမိန့်ကြားတော်မူလေသည်။

ဝိသာခါသည် ဗုဒ္ဓနှင့် သံဃာတော်တို့အား မတုန်မလှုပ်သက်ဝင်ယုံကြည်သူ၊ အလွန်နုပျိုတင့်တယ်လှပသူ။ 'မဟာလ္လတာတန်ဆာ'၊ 'ဃနမဋ္ဌကတန်ဆာ'တို့ဖြင့် ထိုက်တန်သူ။ 'မိဂါရမာတာ' 'ကျောင်းအစ်မကြီးဝိသာခါ'ဟု တင်စားခေါ်ထိုက်သူ။ သာဝတ္ထိမြို့၏ ဂုဏ်သတင်းကိုမွှေးပျံ့စေခဲ့သူ ပါရမီရှင်သောတာပန် အမျိုးသမီးကောင်းပါတကား။

ကြည်သန့်စင်



# ဗုဒ္ဓ၏
# ဂန္ထဝင်သမီးတော်များ

ကြည်သန့်စင်

design Antt Bwere Zin